> ### မြတ်ဗုဒ္ဓ၏အဆုံးအမတရား
>
> စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည် အရာရာကိုပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသော အရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

**အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ**

### ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၆၆)

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်
၂၀၂၅ ခုနှစ်၊ ဇွန် ၂၃ ရက်၊ တနင်္လာနေ့

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# ဧရာဝတီမြစ်အတွင်း ရေဘေးသဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်

**မန္တလေး ဇွန် ၂၂**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ဧရာဝတီမြစ်အတွင်း ရေဘေးသဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်မှု သရုပ်ပြသခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်အောင်မြေသာစံမြို့နယ်ကမ်းနားလမ်း၊ ၂၂ လမ်းနှင့် ၂၆ လမ်းရှိ ဧရာဝတီရှုခင်းသာလွင်ပြင်တွင် ကျင်းပသည်။


အဆိုပါဇာတ်တိုက်လေ့ကျင့်မှုတွင် မိုးရွာသွန်းမှုများပြားလာ၍ ရေကြီးရေလျှံဖြစ်ပွားနိုင်ပြီး ကြိုတင်ပြင်ဆင်ထားရန် အသိပေးနှိုးဆော်ခြင်း၊ မီးသတ်ဦးစီးဌာနသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်အကူအညီတောင်းခံခြင်း၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ကျေးရွာအတွင်းရှိ **စာမျက်နှာ ၅ ကော်လံ ၁ ●**

**အထူး မိုးလေဝသ သတင်း**

# မုတ်သုံလေအားအလွန်ကောင်းနေခြင်းကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးမည်

**နေပြည်တော် ဇွန် ၂၂**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေ **စာမျက်နှာ ၅ ကော်လံ ၁ ➲**




## မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည့် ထိန်းချုပ်ဓာတုပစ္စည်းများကုန်သွယ်မှု၊ အသုံးပြုမှုနှင့်ထိန်းသိမ်းဆောင်ရွက်မှုများ အပိုင်း(၂)

စာ - ၁၂ သို့

## ကိုဗစ်-၁၉ ရောဂါ မျိုးကွဲသစ်အတွက် ကြိုတင်ကာကွယ်မှုများပြုလုပ်ကြပါစို့

စာ - ၉ သို့

## ဝါးခယ်မမြို့နယ်၌ မိုးသီးနှံ စားဖိုဆောင်သီးနှံစုံလျာထားဧက ၁၀၅၅ ဧက စိုက်ပျိုးမည်

စာ - ၁၀ သို့

## အညာဒေသ၏ ပြယုဂ်သဖွယ်တည်ရှိနေသည့် ထန်းတောများ

စာ - ၅ သို့





# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇွန် ၂၃ ရက်)

## အမှောင်တွင်းမှအလင်းသို့ရောက်လာသူများကိုကြိုဆို

မြန်မာနိုင်ငံ၏ ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲဖြစ်ရပ်မှန်သည် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုများပြားခြင်း၊ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးစဉ်ကာလအတွင်း အုပ်စုဖွဲ့ကာ တရားမဲ့ပြုကျင့်ခြင်းများနှင့်ပတ်သက်၍ ပေါ်ပေါက်လာသောအပြောင်းအလဲဖြစ်သည်။ မဲမသမာမှုများနှင့်ပတ်သက်၍ တိကျခိုင်လုံသောသက်သေအထောက်အထားများဖြင့် သတင်းစာရှင်းလင်းပွဲများ အကြိမ်(၃၀)ခန့် ရှင်းလင်းပြသခဲ့သည်။ ထိုသို့ရှင်းလင်းပြသခြင်းနှင့်အတူ မြန်မာနိုင်ငံအခြေစိုက် ပြည်ပသံရုံးများမှတာဝန်ရှိသူများကို သက်သေအထောက်အထားများဖြင့် ရှင်းလင်းပြသခဲ့ပြီးဖြစ်သည်။

ဆိုလိုသည်မှာ မဲမသမာမှုနှင့်တရားမဲ့ပြုကျင့်မှုများမှာ ခိုင်လုံသောအထောက်အထားများဖြစ်နေသည့်အတွက် မည်သူတစ်ဦးတစ်ယောက်ကမျှ ငြင်းချက်ထုတ်ခြင်းမပြုနိုင်ခဲ့ကြပါ။ ထိုစဉ်က အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ၊ ရွေးကောက်ပွဲကော်မရှင်နှင့် လွှတ်တော်ဥက္ကဋ္ဌများထံ အဆိုပါမဲမသမာမှုနှင့်ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးရန်တောင်းဆိုခဲ့ကြသည်။ သို့သော် ပြေလည်အောင်ဖြေရှင်းပေးခြင်းမရှိသည့်အတွက် အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်၏အာဏာကိုလွှဲပြောင်းလက်ခံခဲ့ရခြင်းဖြစ်သည်။

ဤသို့သောအကြောင်းအရာအခြေအနေအမှန်ကို လူငယ်လူရွယ်များအနေဖြင့်သိရှိခြင်းမရှိဘဲ နိုင်ငံရေးအမြတ်ထုတ်လိုသူတို့၏မြှောက်ပင့်သွေးထိုးမှုအောက်သို့ကျရောက်ကာ ဆူပူဆန္ဒပြကြရာမှ နောက်ဆုံးတွင် အကြမ်းဖက်လက်နက်ကိုင်ဆောင်သူများအဖြစ်သို့ရောက်ရှိသွားကြသည်။ သားသမီးချင်းကိုယ်ချင်းစာနာစိတ်ဖြင့် ဖြစ်စဉ်အမှန်ကို သိရှိအောင်ပြောဆိုသင့်သော်လည်း တိုင်းပြည်ကောင်းစားရေးထက် မိမိတို့အာဏာပြန်လည်ရရှိရေးသာဦးတည်ခဲ့ကြသည်။ နိုင်ငံရေးဖြစ်စဉ်အမှန်ကိုမသိရှိဘဲ တောထဲရောက်ရှိကာ အကြမ်းဖက်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များထံမှ ဖောက်ခွဲဖျက်ဆီးနည်းများသင်ယူခဲ့ကြပြီး မိမိတို့အား ပညာသင်ကြားပေးသည့်ဆရာ၊ ဆရာမများကိုပြန်သတ်ခြင်း၊ တရားနည်းလမ်းကျစွာဟောပြောဆုံးမသော ဆရာတော်၊ သံဃာတော်များအားသတ်ဖြတ်ခြင်း၊ ဝန်ထမ်းများအားသတ်ဖြတ်ခြင်းတို့ဖြင့် လူငယ်တို့ဘဝနစ်မွန်းခဲ့ကြသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေများအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့်ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံလွှဲပြောင်းပေးအပ်ခြင်းကို ဇွန်လ ၂၀ ရက် နံနက်ပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဇေယျာသီရိခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေဆိုင်ရာပုဒ်မများနှင့်ပတ်သက်သည်များကို အသိပညာပေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး ၂ ဦး စုစုပေါင်း ၂၄ ဦးတို့ကို တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံကာ ထောက်ပံ့ငွေများနှင့်စားသောက်ဖွယ်ရာများပေးအပ်ခဲ့သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရကထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့လွှဲပြောင်းအပ်နှံပေးလျက်ရှိသည်။ ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ ဥပဒေဘောင်အတွင်းဝင်ရောက်လာကြသူများအနေဖြင့် ယင်းတို့၏ အနာဂတ်လူမှုစီးပွားဘဝကို စိတ်အေးချမ်းသာစွာဖြတ်သန်းနိုင်ကြပြီဖြစ်သည်။ အမြင်မှန်ရ၍ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများတွင် မိမိတို့၏သားသမီးများပါဝင်လာစေရေးအတွက် မိဘ/အုပ်ထိန်းသူများအနေဖြင့်လည်း ဆက်သွယ်ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ လူငယ်အများစုမှာ နောင်တရကာ ပြန်လာချင်ကြပြီဖြစ်သည်။ ကျန်ရှိနေသေးသောလူငယ်များအနေဖြင့် မိမိတို့၏အနာဂတ်ကိုကြိုတင်မြော်တွေးကာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခြင်းလမ်းမှန်ကိုရွေးချယ်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန်ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## အပြည်ပြည်ဆိုင်ရာရာသီဥတုပြောင်းလဲမှုနေ့အထိမ်းအမှတ် မြို့နယ်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ပဲခူး ဇွန် ၂၂

ပဲခူးမြို့နယ်သစ်တောဦးစီးဌာနမှဦးဆောင်၍ ဇွန်လ ၂၁ ရက်တွင်ကျရောက်သည့် "အပြည်ပြည်ဆိုင်ရာရာသီဥတုပြောင်းလဲမှုနေ့" အထိမ်းအမှတ်အဖြစ်မြို့နယ်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၄၀/၅)နှင့် (၄၀/၆) ကြား လမ်းညာဘက်ဘေးမြေကွက်လပ်၌ ဇွန်လ ၂၁ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်သည့် သစ်တောဝန်ထမ်းများ၊ ဘုရားကြီးမြို့ အုပ်ချုပ်ရေးမှူး ဦးဆောင်သည့်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ၊ ဘောနတ်ကြီး အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး ပဲခူးခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်အောင်နှင့် ပဲခူးမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်းတို့က တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများသို့ လူထုဖြန့်ပျိုးပင်များကိုဖြန့်ဝေပေးကာ လမ်းဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေးအနေဖြင့် အရိပ်ရ၍အပွင့်ပွင့်သည့် ခရေ၊ ကံ့ကော်၊ ငုရွှေဝါ၊ ပန်းပိတောက်၊ ပျဉ်းမ၊ စိန်ပန်းကြီးနှင့် သစ်မျိုးနွယ်ဝင်အပင်ပေါင်း ၁၈ မျိုးပါဝင်သော သစ်ပင်ပေါင်း ၁၅၂၀ အား စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၆-၂၀၂၅ (တနင်္လာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် | ၇။ | ၁၁:၀၀ | တစ်ချိန်က သူတို့အကြောင်း |
| ၂။ | ၀၇:၁၆ | မေတ္တာပို့ | ၈။ | ၁၃:၀၀ | တစ်ပတ်အတွင်း ထိပ်တန်းရောက်ကမ္ဘာ့သတင်း သုံးသပ်ချက် |
| ၃။ | ၀၇:၂၀ | ကိုယ်လက်လှုပ်ရှား အားကစား | | | |
| ၄။ | ၀၈:၀၀ | မောင်မယ်လေးများ သိစေချင် | ၉။ | ၁၄:၀၀ | မှတ်သားလိုက်နာပုံပမာ |
| | | | ၁၀။ | ၁၇:၀၀ | သီချင်းလက်ဆောင် |
| ၅။ | ၀၉:၀၀ | Soft Skill | ၁၁။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ |
| ၆။ | ၁၀:၀၀ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်း | ၁၂။ | ၁၈:၄၀ | ကျန်းမာသုတ |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂။ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မင်းဘူး(စကု)မြို့နယ်၌ နွေစပါးအကွက်ကျယ် စံပြကွက်ရိတ်သိမ်းရာ တစ်ဧကစပါးအစို တင်း ၁၄၀ ကျော်ထွက်ရှိ



မင်းဘူး ဇွန် ၂၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်၌ ကမ်းနီဆိုလာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း စီမံကိန်း ဧရိယာအတွင်း စိုက်ပျိုးထားသော နွေစပါး အကွက်ကျယ် စံပြကွက်ရိတ်သိမ်းခြင်းကို ဇွန်လ ၂၁ ရက်က ထိန်တောကျေးရွာ၌ ဆောင်ရွက်ရာ တစ်ဧက ပျမ်းမျှစပါးအစို တင်း ၁၄၀ ကျော်ထွက်ရှိကြောင်း သိရသည်။

ထိုသို့ရိတ်သိမ်းရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှဝန်ထမ်းများနှင့် ဒေသခံတောင်သူများ ပူးပေါင်းကာ ထိန်တောကျေးရွာအုပ်စု ကွင်းအမှတ် (၁၄၂၆) ရှိ တောင်သူဦးထွန်းရီ၏လယ်မြေ၌စိုက်ပျိုးထားသော နွေစပါးအောင်နိုင်တိုးစပါးမျိုး အကွက်ကျယ်စံပြကွက်အတွင်း၌ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းခြင်းများဆောင်ရွက်ခဲ့ရာ တစ်ဧက စပါးအစို ၁၄၅ ဒသမ ၄၅ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

အဆိုပါ နွေစပါးစံပြကွက် ရိတ်သိမ်းဆောင်ရွက်နေမှုကို တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် စိုက်ပျိုးစွမ်းအားမြှင့်တင်ရေး ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ကမ်းနီဆိုလာ လျှပ်စစ်မြစ်ရေတင်လုပ်ငန်း စီမံကိန်း ဧရိယာအတွင်း နွေစပါးကို အောင်နိုင်တိုးစပါးမျိုးသစ်ဧက ၁၀၀ အပါအဝင် စုစုပေါင်း ၁၁၆၅ ဧက အထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အောင်နိုင်တိုးစပါးမျိုးကို စိုက်ပျိုးခြင်းအားဖြင့် တခြားသောစပါးမျိုးများထက် သက်တမ်းတိုကာ စပါးအထွက်နှုန်း တိုးတက်ကောင်းမွန်နိုင်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြော



ဇလွန် ဇွန် ၂၂

ဧရာဝတီတိုင်းဒေသကြီး ဟသာ်တခရိုင် ဇလွန်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဥပဒေရုံး၊ မြို့နယ်ရဲတပ်ဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲကို ဇွန်လ ၂၁ ရက်က အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း(ဇလွန်) အမျိုးသားဆောင်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း(ဇလွန်)ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြင့်သိန်းက အသိပညာပေးဟောပြောပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သက်ဆိုင်ရာတာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြိုအဖြစ် ကျောင်းသား၊ ကျောင်းသူများအား မူးယစ်ဆေးဝါးသုံးစွဲသူဘဝမရောက်ရှိရန်၊ မူးယစ်ဆေးဝါးသုံးစွဲသူများနှင့် မိတ်ဖွဲ့ခြင်းမပြုလုပ်ရန်၊ မည်သည့်မူးယစ်ဆေးဝါးကိုမှ စမ်းသပ်သုံးစွဲခြင်းမပြုလုပ်ရန်၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများ၊ မူးယစ်ဆေးဝါးသုံးစွဲမိပါကဖြစ်တတ်သောရောဂါလက္ခဏာများ၊ မူးယစ်ဆေးဝါး၏ဆိုးကျိုးများ စသည့်အကြောင်းအရာများကို အသီးသီးအသိပညာပေးဟောပြောကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြင့်သိန်းနှင့် ဝန်ထမ်းများက အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အကြို သတင်းစကားလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြသည်။

ယင်းနောက် ဇလွန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များနှင့် မှတ်တမ်းဓာတ်ပုံများကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ဝေယံ(ဇလွန်ပြန်/ဆက်)**

# တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပမည့် ASEAN-Korea Startup Innovation Week 2025 ပြပွဲတွင် မြန်မာနိုင်ငံမှလုပ်ငန်းရှင်များ ပါဝင်ပြသရန်ဖိတ်ခေါ်

ရန်ကုန် ဇွန် ၂၂

တောင်ကိုရီးယားနိုင်ငံ၌ အောက်တိုဘာလ ၂၀ ရက်မှ ၂၄ ရက်အထိ ကျင်းပမည့် ASEAN–Korea Startup Innovation Week 2025 ပြပွဲတွင် မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများမှ အစပျိုးလုပ်ငန်းရှင်များအား ပါဝင်ပြသရန် အာဆီယံ–ကိုရီးယား ဗဟိုဌာနမှ ဖိတ်ခေါ်ထားကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အစပျိုးလုပ်ငန်းရှင်များကြားတီထွင်ဆန်းသစ်မှုအတွေးအခေါ်များ ဝေမျှနိုင်စေရန်၊ အလားအလာရှိသော တောင်ကိုရီးယားစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံနိုင်စေရန်၊ အစပျိုးလုပ်ငန်းရှင်များကို စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရန်နှင့် အာဆီယံနှင့် တောင်ကိုရီးယားနိုင်ငံရှိ အစပျိုးလုပ်ငန်းရှင်များကြား ကွန်ရက်ခိုင်မာလာစေရန် ရည်ရွယ်ပြီး ယခုကဲ့သို့ ပြပွဲကိုကျင်းပရန် စီစဉ်ခြင်းဖြစ်သည်။

ထိုပြပွဲတွင် ပါဝင်ရန် အာဆီယံနိုင်ငံအသီးသီးမှ လုပ်ငန်းရှင်နှစ်ဦးစီကို ဆိုးလ်မြို့ရှိ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သံရုံးများမှ တစ်ဆင့် အဆိုပြုပေးရန် ဖိတ်ခေါ်ထားပြီး The ASEAN Coordinating Committee on Micro, Small and Medium Enterprises(ACC–MSME) ထံမှလည်း လုပ်ငန်းရှင်တစ်ဦးစီ ထပ်မံအဆိုပြုပေးရန် တောင်းခံထားကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ၌ ဈေးကွက်ထိုးဖောက်ရန်နှင့် စီးပွားရေးတိုးချဲ့နိုင်ရန် ရည်မှန်းချက်ထားကာ ကြိုးပမ်းနေသည့် အစပျိုးလုပ်ငန်းရှင်များ၊ သက်တမ်းငါးနှစ်အောက်စီးပွားရေးလုပ်ငန်းဖြစ်ပြီး ဝန်ထမ်းအင်အား ၃၀ ဦးအောက် ခန့်ထားကာ အခွန်ထမ်းနေသော အစပျိုးလုပ်ငန်းရှင်များ၊ အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်စွာပြောနိုင်သော အစပျိုးလုပ်ငန်းရှင်များ၊ AI ၊ Mobility Tech ၊ Fintech သို့မဟုတ် Healthcare Platform စသည့် နည်းပညာအသုံးပြုသောကဏ္ဍများအပါအဝင် လူ့ဘောင်အဖွဲ့အစည်းအား အကျိုးရှိစေမည့် နည်းပညာအသုံးပြုနေသော အစပျိုးလုပ်ငန်းရှင်များအား အဆိုပြုပေးရန် ဖိတ်ခေါ်ထားပြီး ရွေးချယ်ခံရသည့် အစပျိုးလုပ်ငန်းရှင်များအတွက် လေယာဉ်စရိတ်နှင့် တည်းခိုနေထိုင်စရိတ်တို့ကို အာဆီယံ–ကိုရီးယားဗဟိုဌာနမှ ကျခံပေးမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ပါဝင်ပြသလိုသည့် မြန်မာနိုင်ငံမှ အစပျိုးလုပ်ငန်းရှင်များနှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ ဖုန်း–၀၆၇–၄၀၈၆၂၃ နှင့် event.td.myantrade@gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ဆောင်းဦး**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

နေ့ရက်ကား မေလ ၁၀ ရက် အချိန်ကား နာရီပြန်တစ်ချက်။ ခေါင်းတုံးပြောင်လှအောင် ရိတ်ထား၍ ဦးထုပ်လည်းမပါ။ စွပ်ကျယ်လက်ပြတ်ကလေးနှင့် ရုတ်တရက်လိုက်လာမိခဲ့သော ကျွန်ုပ်အဖို့မှာကား ပူလောင်လိုက်သည်မှာ သွက်သွက်လည်နေပါတော့သည်။

ထိုအတောအတွင်း ထမင်းလည်း မစားရ၊ ရေလည်း မသောက်ရ၊ ခေါ်ရာသို့ တစ်နေ့လုံးလိုက်၍ ခိုင်းရာကို လုပ်နေရပါတော့သည်။ တခြားလူများမှာ များသောအားဖြင့် ကရင်စစ်ပြန် လူငယ်လူလတ်များဖြစ်ရာ ကျွန်ုပ်နှင့်ရွယ်တူ အဘိုးကြီးတစ်ယောက်သာပါရှိ၍ ၎င်းအဘိုးကြီးက ကွမ်းစားချင်သောကြောင့် ကွမ်းဝယ်ရန်ထွက်ခဲ့မိရာတွင် တရုတ်စစ်သားများနှင့် တွေ့သွားခြင်းဖြစ်ကြောင်း၊ ကွမ်းစားချင်လှသောပါးစပ်ကြောင့် ဤသို့ ဒုက္ခရောက်ရခြင်းဖြစ်၍ ကိုယ့်ပါးစပ် ကိုယ်သာရိုက်ချင်ကြောင်း ပြောရှာသဖြင့် ဒုက္ခရောက်သည့်အထဲမှပင် ရယ်ချင်လှတော့သည်။

နာရီပြန်နှစ်ချက်ခန့်အချိန်တွင်မှ ကျွန်ုပ်တို့ကို ဇရပ်တစ်ခုသို့ ခေါ်သွား၍ ဆန်နှင့်အာလူးများထုတ်ပေးသဖြင့် ကရင်စစ်ပြန်များက ချက်၍ တခြားလူများ စားကြသော်လည်း ကျွန်ုပ်ကား ဆာလည်း မဆာ၊ ကြမ်းပေါ်တွင် ပက်လက်လှန်လျက် မြစ်လယ်၌ လှေကလေးများဖြင့် လှော်ခတ်သွားလာလျက်ရှိသော လူများ၏လွတ်လပ်ခြင်းကိုသာ အားကျမိပါတော့သည်။

ထိုလူများ ထမင်းစားပြီး၍ စစ်ဗိုလ်ကြီးရှိသောအိမ်ကြီးသို့ ကျွန်ုပ်တို့ကိုခေါ်သွားသောအခါ ၄ နာရီခန့်ရှိလေပြီ။ ဘာခိုင်း၍ ဘာလုပ်ဦးမည်မသိသဖြင့် လုံးဝစိတ်မအေးနိုင်ချေ။ နောက်ဆုံး တရုတ်စစ်သားတစ်ယောက်သည် ကျွန်ုပ်တို့အားလုံးကို ကလပ်အဆောက်အအုံဘက်သို့ခေါ်သွားရာ ဘာလုပ်မည်မသိဘဲ လိုက်သွားကြ၏။ ကလပ်အဝသို့ရောက်သည်တွင် တရုတ်စစ်သားသည် ရပ်တန့်လျက် သွားကြတော့ဆိုသောသဘောဖြင့် လက်ပြလိုက်သည်နှင့်တစ်ပြိုင်နက် ဌာနအုပ်မောင်မောင်ကြီးသည် အလွန်ပျော်မြူးသည့်လက္ခဏာနှင့် ကလပ်ပတ်ပတ်လည်ကာရံထားသည့် သံဆူးကြိုးကို ပြေးခုန်လိုက်၏။ တခြားဘက်သို့ရောက်သည်နှင့် တစ်ပြိုင်နက် 'ဒိုင်း ဒိုင်း ဒိုင်း ဒိုင်း' သေနတ်သံများ ပေါ်ထွက်လာသည်နှင့် လိုက်ပို့သောစစ်သားက တရုတ်လို လှမ်းပြော၏။ လက္ခဏာမှာ 'ငါတို့လွှတ်လိုက်တဲ့လူတွေပါ၊ မပစ်ပါနှင့်' ဟု ပြောဟန်တူ၏။ သို့ရာတွင် သေနတ်သံများသည် တဒိန်းဒိန်း တဒိုင်းဒိုင်း ဆက်လက်ပစ်ခတ်နေလေတော့ရကား စစ်သားသည် နားမလည်နိုင်သော မျက်နှာထားနှင့် ကျွန်ုပ်တို့ကို ပေယျာလကန်ပစ်ထား၍ ပြန်ပြေးလေတော့သည်။

သေနတ်သံများသည် ကျွန်ုပ်တို့နှင့် မျက်နှာချင်းဆိုင်ရှိသော မြောက်အရပ်ဆီမှ ပေါ်လာခြင်းဖြစ်ရာ ကျွန်ုပ်တို့မှာ မည်သည့်အဓိပ္ပာယ်နှင့် မည်သူက မည်သူ့အားပစ်လေသည်မသိ။ အသံများသည် များသည်ထက်များလာသည်နှင့် လူစုကွဲ၍ ပြေးမိပြေးရာ ပြေးကြတော့သည်။ ကျွန်ုပ်မှာ အနီးအပါးရှိ ချိုင့်ကြီးထဲတွင် မြောင်းကလေးတွေရှိသည်ဟု သိသည်နှင့် ထိုနေရာသို့ တန်းပြေး၍ ချိုင့်ထဲသို့လိုမ့်ချလိုက်သည်တွင် ဦးသိန်းဖေ၏သားမောင်မောင်နှင့် ဦးဘချစ်၏တပည့်လည်း ရောက်နေကြသည်ကို တွေ့ရသည်။

ထိုအခါ၌မူကား သေနတ်သံများသည် တစ်ချက်ချင်းမဟုတ်တော့ဘဲ တရစပ်ပစ်ခတ်လျက်ရှိလေပြီ။ သေနတ်သံများသည် မြောက်မျက်နှာမှသာ မဟုတ်၊ တောင်မျက်နှာနှင့် အနောက်မျက်နှာတို့မှလည်း ပေါ်ထွက်နေကြလေပြီ။ အရှေ့ဘက်၌မူ ဧရာဝတီမြစ်သာ ရှိပေသည်။ ထိုနောက်၌မူ ရိုင်ဖယ်သေနတ်သံများသာမဟုတ်။ စက်သေနတ်သံများသည်လည်း ရောညှပ်ပါလာခဲ့လေပြီ။

> "ကျွန်ုပ်တို့လူစုမှာ တရုတ်စစ်သားများက လွှတ်လိုက်ပြီဆို၍ ဝမ်းသာရမည်မကြုံသေးမီ မြောက်ဘက်မှဝင်ရန် ကြိုးစားသော ဂျပန်နှင့် မြို့ကို ခုခံကာကွယ်သော တရုတ်စစ်တပ်တို့ အပြန်အလှန်ပစ်ခတ်ကြသည့် အလယ်ကြားသို့ ရောက်နေခဲ့လေပြီ။ မြောင်းထဲ၌ ကျွန်ုပ်တို့သုံးယောက်တည်းရှိ၍ ကျန်သောလူများမှာ ခြေဦးတည့်ရာသို့ စွတ်၍ပြေးကြသောကြောင့် ဘယ်ဆီရောက်ကုန်ကြသည်မသိ မပြောတတ်ချေ ..."

"ဘာဖြစ်တာလဲ ဦးလေး"

"ဘာဖြစ်ရမလဲကွ၊ ဂျပန်ဝင်လာတာဖြစ်မှာပေါ့"

ဟုတ်လည်းဟုတ်ပေသည်။ ထို့ကြောင့်လည်း ကျွန်ုပ်တို့ကို လိုက်ပို့သော တရုတ်စစ်သား ပြန်ပြေးရခြင်းဖြစ်လေသည်။

စင်စစ်သော်ကား ကလပ်အနီး၌ ကျွန်ုပ်တို့ရှိစဉ်က ကြားရသော သေနတ်သံများမှာ ကျွန်ုပ်တို့ဘက်သို့ ပစ်ခတ်ခြင်းမဟုတ်။ မြောက်မျက်နှာမှချဉ်းကပ်လာသော ဂျပန်များကို တရုတ်များက ပစ်ခတ်ခြင်းဖြစ်ဟန်တူပေသည်။

### တရုတ် - ဂျပန်တိုက်ပွဲ

ကျွန်ုပ်တို့လူစုမှာ တရုတ်စစ်သားများက လွှတ်လိုက်ပြီဆို၍ ဝမ်းသာရမည်မကြုံသေးမီ မြောက်ဘက်မှဝင်ရန် ကြိုးစားသော ဂျပန်နှင့် မြို့ကို ခုခံကာကွယ်သော တရုတ်စစ်တပ်တို့ အပြန်အလှန်ပစ်ခတ်ကြသည့် အလယ်ကြားသို့ ရောက်နေခဲ့လေပြီ။ မြောင်းထဲ၌ ကျွန်ုပ်တို့သုံးယောက်တည်းရှိ၍ ကျန်သောလူများမှာ ခြေဦးတည့်ရာသို့ စွတ်၍ပြေးကြသောကြောင့် ဘယ်ဆီရောက်ကုန်ကြသည်မသိ မပြောတတ်ချေ။

ကျွန်ုပ်တို့သုံးယောက် ခိုအောင်းကြသောမြောင်းမှာ လွန်ခဲ့သော နှစ်နှစ်ခန့်က ချိုင့်ကြီးထဲမှ ရေကို မြစ်ထဲသို့ တံငါသည်များ ဖောက်ထုတ်ခဲ့ခြင်းဖြစ်ရာ ထိုစဉ်က လက်ခုပ်တစ်ဖောင်နက်သော်လည်း ယခုမှာ တစ်တောင်ခန့်မျှသာ နက်တော့သည်။ အနံမှာမူ ကျွန်ုပ်တို့သုံးယောက် ယှဉ်လျက် ဝမ်းလျားမှောက်လောက်ရုံမျှသာ ကျယ်ဝန်းလေသည်။

ကျွန်ုပ်သည် တရုတ်စစ်သားများ မမြင်စေရန် ခါးပိုက်ထဲ၌ လိမ်၍ ဝှက်ထားသော လက်ပတ်နာရီကိုထုတ်ကြည့်၍ ၅ နာရီခွဲနေသည်ကို တွေ့ရသည်။ အရပ်သုံးမျက်နှာမှ ပစ်ခတ်သံများသည် မိုးချုပ်လေလေ အားကြီးလေလေ ဖြစ်နေတော့သည်။ သို့ရာတွင် ကျွန်ုပ်တို့၏အားကိုးတစ်ခုမှာ မြောင်း၏တစ်တောင်ခန့်နက်ခြင်းဖြစ်၍ နောက်အပေါ်တည့်တည့်မှချိန်၍ပစ်ခြင်းမဟုတ်သမျှ ကာလပတ်လုံး ကျည်ဆန်များသည် ကျွန်ုပ်တို့ကိုမထိနိုင်ဘဲ ကျော်သွားရမည်ဟု စိတ်ချနိုင်ပေသည်။ သို့နှင့်ပင် ကျည်ဆန်များ၏ အဆက်မပြတ်တရစပ်ပစ်ခတ်မှုကြောင့် တစ်ချက်တစ်ချက်တွင် ကျောထဲမှ တွန့်ခနဲ တွန့်ခနဲ ဖြစ်သွားပါသေးသည်။

၅ နာရီခွဲမှ ၆ နာရီ၊ ၇ နာရီ၊ ၈ နာရီ၊ ၉ နာရီ ထိုးလတ်သော် ပစ်ခတ်သံများသည် တိုး၍ပင် များပြားလာ၍ အထူးသဖြင့် ကျွန်ုပ်တို့၏ ခေါင်းရင်းဆီမှ ပစ်ခတ်သော စက်သေနတ်သံသည် နားမခံနိုင်အောင် စူးစူးပေါက်ပေါက်ရှိလှ၏။ ထိန်း ထိန်း ထိန်း၊ ဒိုင်း ဒိုင်း ဒိုင်း၊ တူး တူး တူး စသည်ဖြင့် သေနတ်သံအမျိုးမျိုးရှိသည့်အနက် တူး တူး တူး မြည်သော သေနတ်သံသည် အထူးသဖြင့် စူးစူးရားရားရှိ၍ နားထဲသို့ အပ်ကလေးဖြင့် မွှေလိုက်သလို အခံရခက်လှသည်နှင့် ကျွန်ုပ်သည် စွပ်ကျယ်အင်္ကျီမှ အောက်ပိုင်းကိုဖြတ်၍ နားနှစ်ဖက်ထဲသို့ ဆို့ပိတ်ထားရပါတော့သည်။ သို့နှင့်ပင် တစ်ချက်တစ်ချက်တွင် အထူးသဖြင့် စူးရှသည်နှင့် ဆို့ပိတ်ထားသော အဝတ်စုတ်ပြုတ်ကျလေသလောဟု စမ်းကြည့်ရာ နေရာတွင်ရှိသည်ကို တွေ့ရပါသည်။ ဤမျှလောက် စူးပေါက်သော သေနတ်သံတစ်မျိုးပါပေတည်း။

၉ နာရီခွဲလတ်သော် မြောက်အရပ်မှ ဝုန်းခနဲ မြည်သံကြီးကြားရ၍ ကျွန်ုပ်တို့၏ ခေါင်းရင်းရှိ မြို့ထဲမှ ဒိန်းခနဲ မြည်သံကြားရသည်။ ဝုန်းခနဲ မြည်တိုင်း ဒိန်းခနဲ မြည်သံကြားရသည်တွင် ဂျပန်ဘက်မှ မော်တာနှင့် ပစ်၍ မြို့ထဲ၌ ပေါက်ကွဲခြင်းဖြစ်သည်ဟု သိရပါသည်။ ဝုန်းခနဲ မြည်သံကြီး ဖြစ်ပေါ်လာတိုင်း မည်သည့်နေရာ၌ ပေါက်ကွဲချေမည်နည်းဟု အသက်အောင့်လျက် စောင့်ကြရပေရာ တစ်နေရာတွင် ဒိုင်းခနဲ ကွဲသံကြားရသောအခါမှ 'ဒီအချက်အဖို့ ငါတို့လွတ်ပေပြီ' ဟု ဟင်းချနိုင်တော့သည်။ တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့အပေါ်တည့်တည့် ခပ်မြင့်မြင့်၌ ဒိုင်းခနဲ ပေါက်ကွဲ၍ မီးခဲအစအနများ လွင့်စဉ်ကျသွားခြင်းကိုပင် မြင်ကြရသည်။ တစ်ခါက ဝတ္ထုပစ္စည်းတစ်ခုသည် 'ဗွီ ဗွီ ဗွီ ဗွီ' ဟူသောအသံကြီးနှင့် လွင့်လာ၍ ကျွန်ုပ်တို့နှင့် ၅ ကိုက် ၁၀ ကိုက် ကွာခြားသလော မပြောတတ်။ မြေကြီးပေါ်သို့ ဖုတ်ခနဲကျလာ၏။ ဤလက်နက်ကား ဘွဲ့ဖြူလက်နက်မဟုတ်ခြင်းကိုသိသည်နှင့် ကျွန်ုပ်တို့သည် မြောင်းထဲတွင် ကိုယ့်ကိုယ်ကိုယ် တတ်နိုင်သမျှသေးငယ်အောင် ကွေးကျုံ့လျက် အသက်မရှူဘဲ စောင့်နေကြစဉ် ဒိုင်းခနဲအသံကြီး ပေါ်ထွက်လာ၍ တစ်ယောက်ကိုတစ်ယောက် ဖက်လိုက်မိကြသည်။ သို့သော် တော်ပါသေး၏။ မည်သူ့ကိုမျှ မထိခိုက်။ မီးခဲအစအနများသည် မြောင်းပေါ်မှ လျှံသွားကြသည်။

ကျွန်ုပ်အဖို့ အဆိုးရွားဆုံးမှာကား ဝုန်းခနဲမြည်သောအသံနှင့် ဒိုင်းခနဲမြည်သောအသံတို့၏ အကြား ၅ စက္ကန့် ၁၀ စက္ကန့်မျှသော အချိန်ကာလပင်ဖြစ်၏။ ဝုန်းမြည်သံကြားလိုက်ရကတည်းက ရှဲလ်ကျည်ဆန်သည် ကျွန်ုပ်တို့ဆီသို့လာလျက်ရှိသည်ဟုသိရ၍ ပတ်ဝန်းကျင်တစ်ဝိုက် မည်သည့်နေရာ၌ ကျလိမ့်မည်ကိုမသိရသဖြင့် အသက်အောင့်ကာ စောင့်နေကြရာ တစ်နေရာ၌ ဒိုင်းခနဲပေါက်ကွဲသံကြားခါမှ ရှူးခနဲ အသက်ရှူလိုက်ကြတော့သည်။ တစ်မိနစ်တွင် တစ်ချက်ပစ်၍ ထိုညအဖို့ ဘယ်နှချက်ပစ်ပြီး ဘယ်နှကြိမ် အသက်အောင့်ခဲ့ကြရသည် မပြောနိုင်ပေ။

**ဆက်လက်ဖော်ပြပါမည်။**

## တိုက်ကြီးမြို့နယ် စိုက်ပျိုးရေးခြံများမှ ကျွဲကောပင်များ အောင်မြင်ဖြစ်ထွန်းသဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ

ရန်ကုန် ဇွန် ၂၂

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ကျွဲကော၊ မာလကာ၊ သံပရာ တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်းအပြင် စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြရာ ကျွဲကောပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း တိုက်ကြီးမြို့နယ်ရှိ ကျွဲကောစိုက်ပျိုးသူတစ်ဦးထံမှ သိရသည်။

ကျွဲကောပင်ကို ရာသီမရွေးစိုက်ပျိုးနိုင်ပြီး တိုက်ကြီးမြို့နယ်ရှိ စိုက်ပျိုးရေးခြံများ၌ ဒေသနှင့်ကိုက်ညီသော ဈေးကွက်ဝင်ကျွဲကောမျိုးဖြစ်သည့် အုန်းခြံပန်းရောင်မျိုးကိုစိုက်ပျိုးကြရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ အဆိုပါကျွဲကောမျိုးမှာ အရည်ရွှမ်းပြီး သဘာဝအချိုအရသာရှိသဖြင့် ကြိုက်နှစ်သက်သူများကြောင်း၊ မတ်လတွင် အဖူးအပွင့်များစတင်ပြီး ဇူလိုင်လကုန်နှင့် ဩဂုတ်လတို့တွင် ခူးဆွတ်ရကြောင်း၊ အပင်အားကောင်းစေရန် ပုလဲဓာတ်မြေဩဇာကျွေးရပြီး အပွင့်အသီးလိုက်ချိန်တွင် အပွင့်အသီးအားကောင်းစေရန်နှင့် အသီးခိုင်ခံ့မှုရှိစေရန် အပင်၏လေးထောင့်ပတ်လည်တွင် ပိုတက်ဓာတ်မြေဩဇာ ကျွေးရကြောင်း၊ အပင်ရှင်သန်ကြီးထွားစေရန် ပေါင်းမြက်များကို ရှင်းလင်းပေးရကြောင်း သိရသည်။ တိုက်ကြီးမြို့နယ်မှထွက်ရှိသည့် ကျွဲကောသီးများသည် အရည်အသွေးကောင်းမွန်သဖြင့် ဒေသတွင်းရောင်းချခြင်းသာမက စနစ်တကျထုပ်ပိုး၍ ပြည်ပသို့ တင်ပို့ရောင်းချရသဖြင့် အကျိုးအမြတ်ရရှိကြောင်း သိရသည်။

တိုက်ကြီးမြို့နယ် စိုက်ပျိုးရေးခြံများမှ ကျွဲကောသီးများ အရည်အသွေးကောင်းမွန်လာစေရန် မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MFVP) မှ ကျွဲကောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်မြှင့်တင်ရေးအတွက် ကျွဲကောစိုက်တောင်သူများနှင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲများ၊ နည်းပညာမျှဝေခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ဝတ်ရည်(ပြန်/ဆက်)

## မှတ်စုတို

# အညာဒေသ၏ ပြယုဂ်သဖွယ်တည်ရှိနေသည့် ထန်းတောများ



ထန်းပင်သည် အပူပိုင်းဒေသတွင်သာ အများဆုံးတွေ့ရ၍ ပင်စည် ၃၀/၄၀ လက်မကြား၊ အမြင့် ၇၀/၈၀ ပေရှိပြီး ကမ္ဘာပေါ်တွင် အပူပိုင်းဒေသများဖြစ်သော အာဖရိကတိုက်၊ အာရှတိုက်၊ အမေရိကတိုက်နှင့် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းများတွင် တွေ့နိုင်သည်။ ထန်းပင်ဟု ပြောလိုက်ပါက လူတိုင်းသိကြသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် ထန်းပင်ကို တွေ့ရပြီး မိုးရေချိန် ၂၀ လက်မနှင့် ၄၀ လက်မကြားဒေသများတွင် ပေါက်ရောက်သည်။ ထန်းပင်သည် နွေ၊ မိုး၊ ဆောင်း ရာသီမရွေး ပေါက်ရောက်ရှင်သန်နိုင်သော နှစ်ရှည်ပင်မျိုးဖြစ်ကာ ကျေးလက်ဒေသအနှံ့အပြားတွင် ထန်းပင်၊ ထန်းတောများစွာ တွေ့ရှိ၍ ထန်းဖို၊ ထန်းမဟူ၍နှစ်မျိုးရှိသည်။ အညာဒေသသည် လွန်ခဲ့သည့် ရှေးနှစ်ပေါင်းများစွာကတည်းက ထန်းအရင်းအမြစ်ကို ပိုင်ဆိုင်ခဲ့ကြခြင်းဖြစ်သည်။ အညာရိုးရာယဉ်ကျေးမှု ထွက်ကုန်များသည် မြန်မာနိုင်ငံသာမက ကမ္ဘာအထိ ဂုဏ်သတင်း ကျော်ဇောခဲ့သည်။ အညာဒေသ၌ ခေတ်အဆက်ဆက် ထန်းပင်၊ ထန်းတောများ ပေါများသည်။ အရှေ့တောင်အာရှတစ်ဝှမ်းနှင့် မြစ်ဝကျွန်းပေါ်ဒေသ၏ အမှတ်သင်္ကေတသည် အုန်းပင်ဖြစ်ပြီး မြန်မာနိုင်ငံအလယ်ပိုင်း အညာဒေသ၏ အမှတ်သင်္ကေတသည် ထန်းပင်ဖြစ်သည်ဟု ဆိုကြသည်။

ထန်းပင်သည် ပူနွေးစိုစွတ်သောရာသီဥတုကို ကြိုက်နှစ်သက်သဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်း ဒေသများဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၏ မြို့နယ်များအတွင်းရှိ ကျေးလက်ဒေသများတွင် ပေါက်ရောက်ဖြစ်ထွန်းပြီး ထန်းပင်၊ ထန်းတောများစွာ ရှိခြင်းကြောင့် ဈေးကွက်တွင် မျက်နှာပန်းလှသော ထန်းလျက်လုပ်ငန်းကို များစွာ လုပ်ကိုင်နိုင်သည်။ ထန်းပင်အသုံးပြုမှုပေါ်မူတည်ပြီး ထန်းလက်၊ ထန်းရွက်၊ ထန်းသီး၊ ထန်းမြစ် စသည်ဖြင့် တစ်ပင်လုံး အသုံးဝင်သည်။ အညာကျေးလက်ဒေသများမှာ ထန်းလက်ဖြင့် အိမ်ကာခြင်းအပြင် အသုံးအဆောင်ပစ္စည်းအမျိုးမျိုး ပြုလုပ်၍ အသုံးပြုကြခြင်းသည် အညာဒေသ၏ ရိုးရာဓလေ့ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်နေသည်။ ထန်းပင်မှတစ်ဆင့် လူတိုင်းသောက်သုံးနိုင်သော ထန်းရည်ရရှိပြီး ထိုထန်းရည်မှတစ်ဆင့် ထန်းလျက်အမျိုးမျိုးချက်လုပ်ရောင်းချနိုင်သည်။ အညာဒေသယာခင်းများ၏ ခြံစည်းရိုးများတွင် ထန်းပင်များ စိုက်ပျိုးထားခြင်းများဖြင့် ထန်းပင်၊ ထန်းတောပေါများပြီး ဒေသခံကျေးလက်နေ ထန်းတောင်သူများ ထန်းလျက်ချက်လုပ်ငန်းကို ဒေသစီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်နိုင်ကြသည်။

ထန်းလျက်လုပ်ငန်းကို မြန်မာနိုင်ငံအလယ်ပိုင်း မြေလတ်ဒေသနှင့် မြန်မာနိုင်ငံအထက်ပိုင်း ပူပြင်းခြောက်သွေ့သော ဒေသများတွင် အများဆုံးတွေ့ရသည်။ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပုဂံ၊ ညောင်ဦး၊ ပုပ္ပား၊ ကျောက်ပန်းတောင်း၊ နွားထိုးကြီး၊ တောင်သာ၊ မြင်းခြံ၊ မိတ္ထီလာ၊ မလှိုင်နှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ပခုက္ကူ၊ ရေစကြို၊ ချောက်၊ ရေနံချောင်း မြို့နယ်တို့တွင် အများဆုံး ပေါက်ရောက်သည့်အပြင် တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်း အနည်းငယ်တွေ့ရသည်။ အညာဒေသဟု ဆိုလိုက်၊ ပြောလိုက်လျှင် ပင်စည် မြင့်မြင့်ရှည်ရှည် အမြဲစိမ်းလန်းနေသော ထန်းတောများက ပူပြင်းခြောက်သွေ့လှသည့် မိုးခေါင်ရေရှားလှသော အညာဒေသ၏ပြယုဂ်သဖွယ် ထင်ရှားစွာ တည်ရှိနေပါတော့သည်။ ။


**ဇေယျာနိုင်(ရွှေကန်မြေ)**


---

**ရွှေ့ဖုံးမှအဆက်**

လှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညမှ ဇွန်လ ၂၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့်ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**




---

**● ဧရာဝတီမြစ်မှအဆက်**

လှေ/ သမ္ဗန်များဖြင့် စုပေါင်းကယ်ထုတ်နိုင်ရေး လှေများစုဖွဲ့သွားရောက်ခြင်း၊ ရေဘေးသင့်ပြည်သူများကိုဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်း၊ ရွှေ့ပြောင်းနေချိန်တွင် ဘေးသင့်၍ ရေစီးနှင့်အတူမျောပါလာသူကို အသက်ကယ်ဘောကွင်း၊ Intelligence Lifebuoy , line Shootenı Dive Suit များ အသုံးပြု၍ ကယ်ဆယ်ရေးဆောင်ရွက်ခြင်း၊ ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့များက ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ယာယီဖွင့်လှစ်ထားသော ဆေးရုံ၊ ဆေးခန်းများသို့ ပို့ဆောင်၍ ဆေးကုသခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ယာယီခိုလှုံနိုင်ရန်ဖွင့်လှစ်ထားသည့် ရေဘေးရှောင်စခန်းများသို့ပို့ဆောင်ပေးခြင်း၊ ရေဘေးသင့်ပြည်သူများကို တွေ့ဆုံအားပေးစကားပြောကြားခြင်းနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်း စသည့်လေ့ကျင့်သရုပ်ပြသမှုများကို ဆောင်ရွက်ကြသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီ ၁၂ ခုပြခန်းများ၊ ပြသထားသည့် ရှာဖွေ ကယ်ဆယ်ရေးလုပ်ငန်းသုံးအထောက်အကူပြုပစ္စည်းများနှင့် စက်ကိရိယာများ၊ မော်တော်ယာဉ်များ၊ စက်ယန္တရားယာဉ်ကြီးများကို လိုက်လံကြည့်ရှုကာတိုင်းဒေသကြီးဝန်ကြီးချုပ်က ရေဘေးသဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းသရုပ်ပြသမှုတွင်ပါဝင်ဆောင်ရွက်ခဲ့သည့် တပ်ဖွဲ့၊ အဖွဲ့အစည်းဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များကိုမှာကြားပြီး ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ကသာမြို့နယ်၌ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ကသာ ဇွန် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန်လ ၂၁ ရက်က ကသာမြို့ ပတ္တမြားရပ်ကွက် စိန်ဂျိုးဇက်ဘုရားကျောင်းဝင်း အတွင်း ပြုလုပ်ကြောင်း သိရသည်။

"ကသာမြို့နယ်မှာ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို နှစ်စဉ်ပြုလုပ်ပါတယ်။ သစ်တောဦးစီးဌာနအနေနဲ့ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သဘာဝပတ်ဝန်းကျင်နဲ့ သစ်တောတွေပျက်စီးပြုန်းတီးမှုမရှိစေရေး၊ သဘာဝပတ်ဝန်းကျင်နဲ့ သစ်တောပြုန်းတီးမှုကာကွယ်နိုင်ရေးတို့အတွက် သစ်ပင်စိုက်ပျိုးပွဲကို နှစ်စဉ်ပြုလုပ်နေပါတယ်။ သစ်တောသစ်ပင်တွေကို ချစ်မြတ်နိုးသူတွေအနေနဲ့ သစ်ပင်စိုက်ပျိုးလိုပါက မိမိတို့သစ်တောဦးစီးဌာနနဲ့ ဆက်သွယ်ပြီး သစ်ပင်ပျိုးပင်တွေကို လာရောက်ယူငင်စိုက်ပျိုးနိုင်ပါတယ်" ဟု ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးဝင်းကပြောသည်။

အဆိုပါ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက သစ်ပင်ပျိုးပင်များကို ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များထံ အသီးသီးပေးအပ်သည်။

ထို့နောက် တက်ရောက်လာကြသော ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက သတ်မှတ်နေရာများ၌ ကျွန်းပင် ၃၀၀၊ ကံ့ကော်ပင် ၁၀၀၊ ခရေပင် ၁၅၀၊ စိန်ပန်းပင် ၁၀၀၊ မဟော်ဂနီပင် ၅၀၊ ပျဉ်းကတိုးပင် ၃၀၀ စုစုပေါင်း သစ်ပင်ပျိုးပင် ၁၀၀၀ တို့ကို စုပေါင်းစိုက်ပျိုးကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြကြောင်း သိရသည်။



ကျော်စွာထွန်း(ကသာ)

# မြောင်းမြမြို့နယ်မှထွက်ရှိသောငါးတန်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

မြောင်းမြ ဇွန် ၂၂


ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှထွက်ရှိသောငါးတန်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြောင်းမြမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်အိအိအေး၏ပြောပြချက်အရ သိရသည်။

မြောင်းမြမြို့နယ်မှထွက်ရှိသော ငါးတန်များ ဇွန်လဒုတိယပတ်မှစ၍ ဝယ်လိုအားကောင်းလာခြင်းဖြစ်ပြီး နေ့စဉ်ငါးတန်ပိဿာ ၃၅၀၀ မှ ၆၀၀၀ အထိအရောင်းအဝယ်ဖြစ်နေသည်။

"မြောင်းမြမြို့နယ်ကထွက်တဲ့ ငါးတန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းနေတာပါ။ ဒေသထွက်ငါးတန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကထား တင်ပို့ရောင်းချနေပါတယ်။ လက်ရှိမှာ ငါးတန်တွေက အရင်ကထက် အထွက်နည်းတယ်။ ငါးတန်က အခုချိန်မှာ အရောင်းအဝယ်အများဆုံးပါ။ အခုလိုအရောင်းအဝယ်ကောင်းလာတော့ လုပ်သားတွေ၊ လုပ်ငန်းရှင်တွေနဲ့ အဓိက မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူတွေ အလုပ်အကိုင်အခွင့်အလမ်းကောင်းလာပါတယ်။ မြောင်းမြမြို့နယ်ဘက်ကထွက်တဲ့ ငါးတန်တွေက လတ်ဆတ်ပြီး အရည်အသွေးကောင်းတယ်" ဟု ဒေါ်အိအိအေးကပြောသည်။

မြောင်းမြမြို့နယ်၌ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူများသည် ဒေသထွက်ငါးတန်များကိုဝယ်ယူကာ ရောင်းတမ်းဝင်သည့်အနေအထားအထိ ထည့်သွင်းထုတ်လုပ်ပြီး ပြန်လည်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

သုတကျော်




# မိုးနဲမြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား ကလပ်အသင်းပေါင်းစုံ အသက် ၂၅ နှစ်အောက် ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်လှစ်



မိုးနဲ ဇွန် ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ်၌ ၂၀၂၅ ခုနှစ်မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်/ကျေးရွာအုပ်စု ကလပ်အသင်းပေါင်းစုံ အသက် ၂၅ နှစ်အောက် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၂၁ ရက်က မြို့နယ်ပြည်သူ့အားကစားကွင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုခြင်းများဆောင်ရွက်ကြသည်။

ထို့နောက် မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

အဆိုပါပြိုင်ပွဲတွင် ကလပ်အသင်းပေါင်း ၁၁ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို သုံးရက်ကြာ ကျင်းပလျက်ရှိကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

# မော်လမြိုင်ကျွန်းမြို့နယ်၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲကျင်းပ

မော်လမြိုင်ကျွန်း ဇွန် ၂၂

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲကို ဇွန်လ ၂၁ ရက်က အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများဖြစ်သော အ.ထ.က(၁)၊ အ.ထ.က(၂)၊ အ.ထ.က(ခွဲ) ကြပ်စဉ်ချောင်း၊ အ.ထ.က(ခွဲ) ကျုံလမုအစုကြီး၊ အ.ထ.က(ခွဲ) ကွမ်းခြံချောင်း၊ အ.ထ.က (ကပ်ခို)၊ အ.ထ.က(ကြောင်ထောက်) နှင့် အ.ထ.က (မဲဇလီဦးတို)ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြပြီး Grade–10 မှ သုံးဦး၊ Grade–11 မှ ခြောက်ဦး၊ Grade – 9 မှ တစ်ဦး၊ Grade – 8 မှ ကိုးဦး၊ Grade –6 မှ သုံးဦး၊ Grade– 5 မှ ရှစ်ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၃၀ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မြို့နယ်အဆင့်စာစီစာကုံးပြိုင်ပွဲသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးကြပြီး ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား မော်လမြိုင်ကျွန်းမြို့နယ် ပညာရေးဌာနမှ ဆုချီးမြှင့်ခြင်းအစီအစဉ်များကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ရဲကိုမောင်(ပြန်/ဆက်)

# နယုန်လ

**မောင်လူမွှေး(မြန်မာမှု)**

မြန်မာ့ဆယ့်နှစ်လရာသီလများတွင် **နယုန်လ** သည် တတိယမြောက် လဖြစ်ပေသည်။ ပုဂံခေတ် ထိုးကျောက်စာများတွင် **နံယုန်** ဟု နငယ်တွင် နိဂ္ဂဟိတ်တင်၍ရေးကြ၏။ အချို့ကျောက်စာများတွင်မူ **နယုန်** ဟု နငယ်တွင် နိဂ္ဂဟိတ်မတင်ဘဲရေးသည်လည်း ရှိပေသည်။

ပုဂံဒေသရှိတက်နွယ်ကျောင်း ကျောက်စာ (အင်းဝခေတ်-၈ဝ၄ ခု)၊ ပြာသာဒ်ဥမင် ကျောက်စာ (၈ဝ၄-ခု)၊ မြစည်းခုံဘုရားကျောက်စာ (၈၇ဝ-ပြည့်) တို့တွင် **နံမျုန်**ဟု ရေးထိုးထားသည်ကို တွေ့ရပေသည်။

တန်ခူးကဆုန်၊ လနမျုန်၊ ဖုန်ဖုန်လွင့်မြူလိမ်း (မှန်စီသတ်ပုံ)၊ ကဆုန်နမျုန်၊ ကြိုးသုန်သုန်၊ နယုန်နသတ်မြန်း (သီရိမင်္ဂလာသတ်ပုံ) ရေးသားကြသည်ကိုလည်း တွေ့ရလေသည်။ ထိုသတ်ပုံများအရ **နမျုန်** ဟု အရေးအသားတွင်ခဲ့သည်ကိုလည်း တွေ့ရပေသည်။

ဝေါဟာရလီနတ္ထဒီပနီကျမ်းပြု ဆရာလှေသင်းအတွင်းဝန် ဦးချိန်က နယုန်လအဖွင့်ကို -

"နယုန်၏ရင်းမြစ်မှာ "နရယုဂ" ဟူသော ပါဠိပုဒ်ဖြစ်သည်။ နရယုဂ သဒ္ဒါပျက်၍ နယုန်ဖြစ်လာသည်ဟု ယူရန်ရှိသည်။ မေထုန်ရာသီ၏အမည်များကို ရာဇမတ္တဏ်ကျမ်း ရာသီအဘိဓာန်အပိုင်း၌- "ဇိတုမ၊ မိထုန၊ နရယုဂ"ဟုသုံးမျိုးပြဆိုထားသည်၊ ထိုသုံးမျိုးတွင် "နရယုဂ" ကား မေထုန်ရာသီ၏ နာမည်တစ်မျိုးဖြစ်၏။ အဓိပ္ပာယ်မှာ မိန်းမ ယောကျ်ားအစုံ (နရ=လူ+ယုဂ=အစုံ) ဟု ဆိုလိုပေသည်။"

ဝန်မင်း၏ဆိုလိုချက်မှာ မေထုန်ရာသီဟောနရယုဂသဒ္ဒါမှ ပါဠိပျက်အနေနဲ့ နရယုဂ် ဖြစ်လာ၍ နရယုဂ်မှ နယုန် ဖြစ်လာသည်ဟု ဆိုလိုပေသည်။

နံတွင် နိဂ္ဂဟိတ်ကို မသတ်ပြု၍ နမျုန်ဟု ယှဉ်ပူးပြောဆိုရေးသားကြသည်၊ ရေးနည်း ခေါ်နည်း မှုမမှန်၍ ဖောက်ပြန်သောကြောင့် လိုက်နာသူနည်းသဖြင့် နောင်ကွယ်ပျောက်သွားလေသည်။ သို့ဖြစ်၍ ရေှးည်တွင်မူ "နယုန်" ဟူသော အရေးသည်သာတည်တံ့ခဲ့ပေသည်။

ဤ၌ "နံယုန်" တွင် "နံ" ဝေါဟာရသည် အချိန်အခါဟောဖြစ်ပေသည်။ ဘယ်နံ့ရောအခါ၊ ဘယ်နံ့သောအခါ၊ ဘယ်နံ့ခါ ဟု ပြောဆိုရေးသားကြသည်။ ဤသို့သိနိုင်ကြောင်းကို-

"...သည်းအူဆွတ်ပျံ့၊ ရှိရစ်တံ့လည်း၊ ဘယ်နံ့မတွေ့၊ ဘယ်နေ့မမြင် (ရှင်အဂ္ဂသမာဓိ နေမိမဂ္ဂစိုးပျို့)"

"... ဤလူပေါင်း၏၊ အကြောင်းမှားကျင့်၊ ဆိုလှစ်ဖွင့်ပိတ်၊ ယခင်ရေးလွန်၊ တမန္တန်က၊ ဖြစ်ဟန်ခြင်းရာ၊ လူ၏ရွာတွင် (ရှင်အဂ္ဂသမာဓိ-နေမိငရဲခန်းပျို့)"

"... ဤလူတွင်သောချံသာ၊ တမုန္တန်ချံသာကိုဝ်လိုဝ်သောသူကာ။"

"... အမုန္တန် စကားကိုဝ် ဖတ်စိတ်၏။..."

"... ဤကား မင်တကာ အမုန္တန်ဟုတ္တာ" (ပုဂံမြို့-သက္ကရာဇ် ၆၁၁ ထိုး ကျစွာမင်း အမိန့်တော်ပြန်တမ်း ကျောက်စာ) ပါစာပေများအရ သိရပေသည်။

ထိုအချိန်အခါအဓိပ္ပာယ်ဆောင်သော **နံ** ဝေါဟာရကို တိဗက်၊ တရုတ်၊ မြန်မာ၊ ထိုင်း၊ လာအို စသည့် တိုင်းနိုင်ငံဒေသရှိ လူမျိုးစုတို့၏ ဝေါဟာရဖြစ်သော... နာမ်(တိဗက်)၊ နင်-နိအေန်(တရုတ်)၊ နာမ်(ဂျိန်းဖော)၊ န-နန်-နိုင်(ကချင်)၊ နီ(ရှမ်း)၊ နီး(ကရင်)၊ ဆနမ်(ပလောင်)၊ နိ(လီဆူး) ဘာသာစကားများတွင်လည်း အချိန်အခါ ရာသီနှစ်ကာလများကို ဤနည်းနှင်နှင် **နာမ်၊ နံ၊ န** ဟု ပြောဆိုသည်ကိုတွေ့ရလေသည်။ နယုန်တွင် သုံးသော **န** ဖြစ်လေသည်။

**ယုန်** ဝေါဟာရသည်လည်း ယိုစီး၊ သက်၊ ဆင်း၊ ကျကြွေ၊ ပြို၊ လဲ၊ ရွာ၊ သွန်း၊ လောင်း၊ ဖျန်း၊ ပက် ဆိုသည့် အနက်အဓိပ္ပာယ်ကိုဆောင်ကြောင်း-

ရုဒ်(တိဗက်)၊ ယှက်-ယှာက်(ထိုင်း)၊ ယုန်-ယု(တရုတ်)၊ ဗော-ရုန်(မွန်ဂို)၊ ယုန်ယု ရု ရုန်ရုမ်ရင်ရော(ကချင်)၊ ရွာ-ရှာ-ရှင်-(ပေါင်းရှေ့ချင်း)၊ ရို-ရှူ(နာဂ)၊ ဟာဟိုစ်(ရှမ်း)၊ သရိုဟ်(မွန်)၊ ရူ-ရ (ကရင်) စသည့် တိုင်းပြည် နိုင်ငံလူမျိုးစုတို့၏ ဘာသာစကားဆင့်ပွားပြောင်းလဲမှုကို သုတေသနပြု၍ ဖော်ပြပါလူမျိုးစုတို့၏ ယု-ရ ဟူသော ဝေါဟာရများမှ ယိုစီးခြင်း၊ ရွာသွန်းခြင်း၊ ကြွေကျခြင်း အဓိပ္ပာယ်ဆောင်သော **ယုန်**ဖြစ်လာသည်ဟု ဆရာကြီး ဦးဖိုးလတ်က ဆိုမိန့်ထားလေသည်။ ထို့ကြောင့် နယုန်လကို မိုးရွာချိန်၊ မိုးကျချိန်၊ မိုးရွာသောလဟု အဓိပ္ပာယ်ဖွင့်ဆိုထားလေသည်။

**စာပြန်ပွဲ**

"နွေအကုန် မိုးအကူး ဝသန်ကာလ မိုးသားကျူးစအခါသမယတွင် "ရွှေစာတော်ပြန်မေးလို့ မြတ်လေးတဲ့ စံပယ်ငုံ၊ မေထုန်ဆိုရာသီကူး၊ ဖူးပွင့် ဝတ်မှုန်..." ဆိုသည့်အတိုင်း မေထုန်ရာသီတွင် ကျရောက်သော နယုန်လနှင့် စာတော်ပြန်ပွဲသည် တွဲလျက်ရှိပေသည်။

➢ **"နွေအကုန် မိုးအကူး ဝသန်ကာလ မိုးသားကျူးစအခါသမယတွင် "ရွှေစာတော် ပြန်မေးလို့ မြတ်လေးတဲ့ စံပယ်ငုံ၊ မေထုန်ဆိုရာသီကူး၊ ဖူးပွင့် ဝတ်မှုန်..." ဆိုသည့်အတိုင်း မေထုန်ရာသီတွင် ကျရောက်သော နယုန်လနှင့် စာတော်ပြန်ပွဲသည် တွဲလျက်ရှိပေသည်။**

စာမေးသဘင်သည် မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓဘာသာနှင့်အတူ ပုဂံခေတ်ကပင် ရှိခဲ့ရာ၏။ သို့သော် စာပေအထောက်အထားအရ စာပြန်ပွဲ စာမေးပွဲ ဟူသော ဝေါဟာရကို မတွေ့ရပေ။ ပုဂံခေတ်တွင်ထင်ရှားခဲ့သော ဦးကျည်ပွေ့ကို စာမေးသည့်ကန်ဟူသော ပြောစမှတ်ပြုခဲ့သည့်နေရာကား ယခုတိုင်တွေ့နေရပါ၏။ သို့သော်ပုဂံသုတေသီများ၊ ရှေးဟောင်းသုတေသနပညာရှင်များ အတည်မပြုသောနေရာဖြစ်ပေသည်။

ပုဂံခေတ်ထိုးကျောက်စာများတွင်ပိဋကသုံးပုံအလှူ ကျောင်းအလှူ မြေအလှူ ကျွန်အလှူ စသည်များကို များစွာပင်တွေ့ရသော်လည်း စာမေးသဘင်ကိုမူ မတွေ့ရပေ။ စာသင်သည်ဆိုသည်နှင့် အမေးအဖြေသည် ရှိမြဲပင်ဖြစ်၏။ ဤသည်ကို သုတေသီများက သမိုင်းမှတ်တမ်းအရရှာဖွေရာ ပုဂံခေတ် ပထမအင်းဝခေတ်ထိ အထောက်အထားမတွေ့ရပေ။ ဒုတိယအင်းဝခေတ် သာလွန်မင်းတရားလက်ထက်မှသာ စတင်ခဲ့သည်ဟုဆိုလေသည်။ စနေမင်း၊ တနင်္ဂနွေမင်း၊ ဟံသာဝတီရောက်မင်း မင်းသုံးဆက်အမှုတော်ထမ်းခဲ့သော သီရိဥဇနာ ခေါ် အင်ရုံဝန်ကြီးရေးသားခဲ့သော လောကဗျူဟာကျမ်းတွင် (ကျော်အောင်စံနန်း) နန်းတော်ကိုသိမ်း၍အင်းဝမြို့တော်မှာကျောင်းဆောက်ပြီးလျှင် ပခန်းကြီးမြို့ ကျေးပိုက်သင် (ပထမကျော်) ရှင်ညာဏဝရကို တင်လှူ၍ ကျော်အောင်စံထားဟုတွင်၏။... ဟုလည်းကောင်း။ ဘိုးတော်ဘုရားမေးသဖြင့် မောင်းထောင်သာသနာပိုင် ဆရာတော်ဖြေကြားတော်မူသော "အမေးတော် ဖြေကျမ်း" လာ ပထမရှင်လောင်း၊ ပဉ္စင်းလောင်းများကို ရှေးမင်းများလက်ထက် စာပြန်သည့် နည်းပြန်စေသော် သင်၊ မသင့်ဟု မေးလျှောက်ချက်သည်လည်းကောင်း၊ ရှေးယခင်မင်းစဉ်မင်းဆက်စာပြန်ပွဲဆိုင်ရာမှတ်တမ်းများ မရှိခဲ့သော်လည်း (မြန်မာမင်း အုပ်ချုပ်ပုံစာတမ်းပါ ပထမပြန်စာပြန်ပွဲ ဥပဒေထုတ်ပြန်ချက်များကဲ့သို့...) စာတော်ပြန်ပွဲများ အစဉ်အဆက်ရှိခဲ့သည်ကိုသိနိုင်ရာ၏။

စာတော်ပြန်ပွဲကို ဘုရင့်သုဓမ္မာဇရပ်ကြီးများတွင် ကျင်းပကြောင်းကို "ရွှေသား ခြယ်လှယ်၊ ဆန်းကြယ်အရောင်၊ တောက်လောင် ဝင်းဝါ၊ သုဓမ္မာဝယ်..." ဟု စာဆိုဦးယာ ဖွဲ့ဆိုသော လူတားစာအရသိရပေသည်။

ကုန်းဘောင်ခေတ်နောက်ပိုင်း ပဉ္စမသင်္ဂါယနာတင်မင်းတုန်းမင်းတရားကြီးလက်ထက်နှင့် သားတော်သီပေါမင်းလက်ထက် စာတော်ပြန်ပွဲများမှာမူ အလွန်စည်ကားသိုက်မြိုက်ပြီး မင်းခမ်းမင်းနားဝင်ဖြစ်လာသည်ကို မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်းအရရော၊ ကုန်းဘောင်ဆက်ရာဇဝင်များအရပါသိရပေသည်။

ရှေးယခင်က စာပြန်ပွဲအနေနဲ့သာရှိခဲ့ပြီး နောင်တွင် သဘောရေးဖြေပါ ပါဝင်လာပေသည်။ ပထမကျော်ဖြေဆိုရာ အမှတ်ပေးအရ အာဂုံပြန်လည်းတူ၊ အဖြေတွင်လည်းတူနေ၍ လက်ရေးလက်သားနှင့် မျဉ်းသားသည်ကို အမှတ်ဖြတ်၍ ပထမကျော်ပေးခဲ့သည့်သာဓကမျိုးလည်း ရှိခဲ့ပေသည်။

ဤ၌ စာပြန်ပွဲ၊ ပထမပြန်ပွဲ၊ ပါဠိပထမပြန်စာမေးပွဲဆိုသည်ကို ခွဲခြားသိဖို့ရာ လိုပေသည်၊ ရှေးအစဉ်အလာအရ နယုန်လ စာပြန်ပွဲဆိုသည်ကို စာအလင်္ကာများအရ သိရပါ၏။

အင်ရုံစာတမ်းအရ ပထမပဉ္စင်းလောင်း၊ ဒုတိယပဉ္စင်းလောင်း စသည်ဖြင့် အဆင့်လေးဆင့်၊ အတန်းလေးတန်းရှိလေသည်။ သမဏသာရုပ်ကျ (ဝိနည်းတော်နှင့်အညီ ပြောဆိုမှု)၍ စာပေအနေနှင့်လည်း မေးတိုင်းဖြေဆိုနိုင်သော သာမဏေကို ပထမပဉ္စင်းလောင်းတော်၊ ထို့နောက်ဉာဏ်ပညာအရည်အသွေးကို ထောက်လျက် ဒုတိယ၊ တတိယ၊ စတုတ္ထ လေးခုခွဲ၍ ရဟန်းဘောင်သို့ တက်ရောက်ကြရလေသည်။ ထိုကို အကြောင်းပြု၍ ပထမစာတော်ပြန်ဟု ခေါ်ကြောင်း မှတ်သားရပေသည်။

ဤသဘောမျိုးကိုပင် ပင်းယရွှေစည်းခုံဆရာတော် သဒ္ဓမ္မာလင်္ကာရ စီရင်တော်မူသော သက္ကဒါန် သိကြားစာတမ်း၊ နန္ဒယော်ဓာဝန်ကြီးခန့်ပြန်တမ်းတို့တွင်လည်း မှတ်တမ်းပြုထားပေသည်။

ဟံသာဝတီရောက် မင်းကြီးလက်ထက်(၁ဝ၈၆) ပထမကျော်ရတော်မူသော ပထမကျော်အောင်စံထားဆရာတော်ပြုစုတော်မူသည့် အဋ္ဌသာလိနီဂဏ္ဌိကျမ်း နိဂုံးပိုဒ်တွင်- "အညေသံ=တစ်ပါးသောသူတို့၏၊ ပထမတာဝ=ရှေးဦးစွာ၊ ဥပ္ပန္န ဥပသမ္ပဒါ=ရအပ်သော ပဉ္စင်းအဖြစ် ရှိလေသတည်း။ ဣတိတသ္မာ=ထို့ကြောင့်၊ ပထမေ=ပထမမည်၏။"ဟု မိန့်ဆိုထားလေသည်။ သမိုင်းစဉ်အရမူ ဘိုးတော်ဘုရားလက်ထက်မှ ပုဂံမင်းလက်ထက်တိုင် ပြဋ္ဌာန်းကျမ်းများနှင့် ဖြေဆိုနည်းများသည် များစွာကွဲလွဲမှုမရှိဟု ဆိုရာ၏။

ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက် ၁၂၃၅ ခုနှစ် နောက်ပိုင်းတွင် ပထမစာတော်ပြန်ဥပဒေသများကို ပြင်ဆင်ဖွဲ့စည်းပြီး ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းများကို ဖွဲ့စည်းခဲ့လေသည်။

နောင်သော်ပထမကျော်တွဲ့ကိုမူ ပထမကြီးတန်းတွင် အမှတ်အများဆုံးဖြင့် အောင်မြင်တော်မူသောပုဂ္ဂိုလ်ကို ပေးအပ်လေသည်။ မဟာရာဇဝင်ကြီး တတိယတွဲတွင် ထိုအကြောင်းအရာများကို သိနိုင်ပါ၏။

ဖော်ပြပါအကြောင်းအရာသည် စာပြန်ပွဲမတိုင်မီ (တကယ့်ပွဲကြီးမတိုင်မီ) ပြဋ္ဌာန်းချက်ကျမ်းစာများကို ပထမပြန်ဆိုရပြီးနောက်ပိုင်း ပထမ၊ ဒုတိယခွဲခြားကာ ဝင်ရောက်ရ၍ ပထမပြန်ဟု ခေါ်ကြောင်းလည်း ယူဆကြ၏။ ဒုတိယပြန်ဟု ခေါ်ကြောင်းလည်း ယူဆကြ၏။ ဒုတိယအယူမှာမူ ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး (တတွဲ) မြန်မာ့မင်းအုပ်ချုပ်ပုံစာတမ်းများအရ စာပြန်ပွဲဝင်မည့် ရဟန်းလောင်း၊ ရှင်လောင်းများသည် သတ်မှတ်အရည်အချင်းပြည့်စုံပြီဆိုပါက ဘုရင့်ရှေ့တော်မှောက်သို့ မင်းညီမင်းသားဝတ်စုံများဖြင့် ဝင်ရောက်ခစားကြရ၏။ (အားလုံး ရှင်လိင်ပြန်ရသည်)

ဘုရင့်ရှေ့တော်မှောက်ခစားရသောအခါ တော်၊ ဒူး၊ စနည်း၊ ဘဝေါ၊ လက်ျာမင်းခန်းတော် လက်ဝဲမင်းခန်းတော် စသည့် (Protocol) ဖြင့်သာ ခစားကြရ၏။ **"တော်" ဆိုသည်မှာ မြန်မာ့နန်းတွင်းရေး သမိုင်းရာဇဝင်တွင် ထင်ရှားခဲ့ကြသော တွင်သင်းမင်းကြီး ဦးထွန်းညို၊ ပခန်းမင်းကြီး ဦးရန်ဝေး၊ ကင်းဝန်မင်းကြီး ဦးကောင်း၊ ယောအတွင်းဝန် ဦးဖိုးလှိုင် စသည့်ပုဂ္ဂိုလ်များကဲ့သို့ သင့်လျော်သည့်နေရာများတွင် အခြေအနေအရ နေထိုင်ခစားကြသည်မျိုးကိုဆိုပေသည်။**

**"ဒူး"ဆိုသည်မှာ သတ်မှတ်နေရာတွင် ဒူးတုတ်ခစားရကြောင်းကို ဆိုလိုပေသည်။ ထိုကဲ့သို့ပင် မင်းညီမင်းသားများ ခစားကြရသော ပထမနေရာတော် ဆိုသည်လည်း ရှိပေသည်။ ထိုနေရာတွင် ရှင်လိင်ပြန်ပြီး လူပုဂ္ဂိုလ်တို့သည် မင်းညီမင်းသားဝတ်စုံဖြင့် ဘုရင်အားခစားကြရ၏။ ဘုရင်က အားပေးချီးမြှောက်၏။ ထိုကဲ့သို့ ခစားသောအခါ မင်းညီမင်းသားဝတ်ရုံ၊ ဖောင်း၊ နားတောင်း၊ ခေါင်းပေါင်းဖြူ ဖော့လုံး၊ မင်းခမ်းတော်ဆိုင်ရာ အသုံးအဆောင်များပါ ပါဝင်ရ၏။ မှတ်တမ်းပြုထားချက်များ** ရှိပေသည်။

ထို့ကြောင့် ပထမနေရာတော်ကို အကြောင်းပြု၍ "ပထမ" ပြန်စာမေးပွဲဟု ခေါ်ကြောင်းလည်း ပြောစမှတ်ပြုကြပါ၏။ ထိုစာပြန်ပွဲတော်သည် သီပေါမင်းပါတော်မူပြီး (၂၉-၁၁-၁၈၈၅) ကိုးနှစ်ကျော် ၁ဝ နှစ်မျှ စာမေးသဘင်မရှိဘဲ ဖြစ်နေလေတော့သည်။

ထိုအခါ အမျိုးသားရေးဦးဆောင်သူများက(Conservative)စာပြန်ပွဲ စာမေးပွဲသဘင်ကို တမ်းတလွမ်းမိကြောင်းကို ရေးဖွဲ့သီဆိုလာကြ၏။ ထိုအထဲတွင် ၁၂ လရာသီ စည်တော်သံ တွဲ၍ -

လမေထုန်နယုန်ကျလို့၊ သာသနာ့ဒါယကာလွမ်းမိဖြာဖြာ၊ ခုနှယ်ခါသုဓမ္မာရွှေစာပွဲနှင့် လွဲပြီဗျလေး ...

ချိန်ရာသီကရကဋ်မို့ နှစ်ပါးနတ်တစ်ကျွန်းပါ လွမ်းမိခါခါ၊ ရိုက်ချုံးငယ်ညာ၊ ပဉ္စင်းတော် ချိန်ခါနှင့်၊ နန်းနှစ်ဖြာနယ်မြေဝေးလို့၊ လွဲရှာပေ့ါလေး...စသဖြင့် နှိုးဆော်လာကြရာ **စာမျက်နှာ ၈ သို့** ●

● စာမျက်နှာ ၇ မှအဆက်

ဗြိတိသျှအစိုးရက စာမေးပွဲကျင်းပရန် စိုင်းပြင်းလာရလေသည်။ ထိုစဉ်က မြန်မာနိုင်ငံပညာရေးကို ဗြိတိသျှအစိုးရမှ ဦးဆောင်သူမှာ လော့ဒ်မက်ကောလေးဆိုသူဖြစ်၏။ သူ၏မူဝါဒအရ အုပ်ချုပ်ရေးနှင့် ကြေးတိုင်နှင့် မြေစာရင်းကို အထူးဦးစားပေးလေ၏။ ထို့နောက် ၁၈၈၉ ခုနှစ်နောက်ပိုင်းတွင် မစ္စတာ ဂျန်ဗင်ဆိုဖရန်ပုပ် (MA)က ဦးဆောင်၏။ ထိုပုဂ္ဂိုလ်သည် တောင်ခွင်ရှင်သာသနာပိုင်၊ ပခန်းဆရာတော်၊ လှထွေးဆရာတော်၊ ကင်းဝန်မင်းကြီးစသည့် ဘုရင်ခေတ်မီလိုက်သော ပုဂ္ဂိုလ်များနှင့်တိုင်ပင်၍ စာပြန်ပွဲစနစ်ဟောင်းကို ပြုပြင်ပြောင်းလဲခဲ့လေသည်။ မစ္စတာပုပ်မှာ မြန်မာနိုင်ငံ ပညာရေးတာဝန်မယူမီ အိန္ဒိယပြည် ဘင်္ဂလားပြည်နယ်တွင် တိမ်ကောပပျောက်နေသော သက္ကတဘာသာကို ပြန်လည်ထွန်းကားအောင်မြင်အောင် နည်းစနစ်သစ်များဖြင့် ပြောင်းလဲတီထွင်ရာ၌ အောင်မြင်မှုရခဲ့သူတစ်ဦးဖြစ်ခဲ့သည်။

သက္ကရာဇ် ၁၂၅၆ ခုနှစ် (၁၈၉၃-ဒီဇင်ဘာလ) တွင် မြန်မာဘုရင်များလက်ထက်တော်ကကဲ့သို့ ပထမပြန်စာမေးပွဲများ ကျင်းပရန် အမိန့်ရလေသည်။ ထိုအမိန့်အရ ၁၂၅၇ နယုန်လဆန်း ၈ ရက် (၁-၆-၁၈၉၅)တွင်ပထမပြန်စာမေးပွဲကိုပထမဦးစွာကျင်းပပေးခဲ့လေသည်၊ ရပ်တန့်နေသော စာမေးသဘင်ကို ပုံသဏ္ဌာန်သစ်ဖြင့် ရဟန်းသာမဏေများသာမက လူဝတ်ကြောင်များကိုပါ ဖြေဆိုခဲ့စေသည်။ အာဂုန်ပြန်မပါဘဲ ပါဠိဘာသာထွန်းကားရေးကို ဦးတည်မှုကြောင့် "ပါဠိပထမပြန်" စာမေးပွဲဟု အမည်တွင်ခြင်းလည်း ရှိပေသည်။ ရှေးအစဉ်အလာအရ ရဟန်းသာမဏေများသာ ဖြေဆိုခဲ့ကြသော်လည်း မစ္စတာတော်စိန်ခို၏ အကြံပေးချက်အရ ၁၂၆၃ (၁၉၀၁) ခုနှစ်မှစ၍ သီလရှင်များကို ပါဝင်ခွင့်ပြုခဲ့လေသည်။

ထိုသို့ ကျင်းပသည့်အချိန်အခါတွင် အမျိုးသားရေးစိတ်ဓာတ်ပြင်းထန်သူ လူပုဂ္ဂိုလ်နှင့် ရဟန်းတော်အချို့က ဗြိတိသျှအစိုးရက ပါဠိပထမပြန်စာမေးပွဲကို နှစ်စဉ်ကျင်းပနေစဉ် ဤစာမေးပွဲကို မဖြေဆိုကြဘဲ အမျိုးသားစာမေးပွဲများကို စီစဉ်၍ မြန်မာပြည်အနှံ့ကျင်းပဖြေဆိုလာကြပေသည်။

ထိုစာမေးပွဲများအနက် နောင်သော် နှစ်ရာကျော် ရာပြည့်တည်ရှိလာသော စာမေးပွဲကြီးများ ဖြစ်ပေါ်လာပေသည်၊ မန္တလေးပရိယတ္တိသာသနဟိတအသင်း (ချမ်းအေးသာစံမြို့နယ်၊ ၈၅ လမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြားတည်ရှိ)၊ ရန်ကုန်တွင် စေတီသင်္ဂဏအသင်း (ရွှေတိဂုံစေတီတော် အပေါ်တွင် တည်ရှိ)မန္တလေးစာမေးပွဲကို ထိုစဉ်က သကျသီဟဘုရားကြီးပရိဝုဏ်အတွင်းကျင်းပခဲ့၍ သကျသီဟစာမေးပွဲဟု ပရိယတ္တိစာပေလောကတွင် ထင်ရှားပေသည်။ ထိုစာမေးပွဲများ အောင်သောအခါ အဘိဝံသဆိုသည့် ဘွဲ့ကိုရရှိပေသည်။ တိပိဋကမင်းကွန်းဆရာတော် ဘုရားကြီး၊ ဗန်းမော်ဆရာတော်ကြီး၊ ယောဆရာတော်ကြီး၊ ပါချုပ်ဆရာတော်ကြီး၊ အင်းစိန်ရွာမဆရာတော်၊ လှရတနာဆရာတော် ယခုနိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော် စသည့်ထေရ်ကြီးများမှာ ထိုအမျိုးသားစာမေးပွဲများကို အောင်မြင်တော်မူခဲ့ကြ၍ ဘိဝံသ... "သ.စ.အ" ဟု ချီးမြှင့်တပ်ခွင့်ရရှိကြလေသည်။ (သကျသီဟစာမေးပွဲအောင်လျှင် "သ"၊ စေတီသင်္ဂဏ စာမေးပွဲအောင်လျှင် "စ" အစိုးရ ဓမ္မာစရိယ အောင်လျှင် " အ" ဟု အတိုကောက် သုံးပါကြောင်း)

ဤသို့နှင့် နယုန်လတိုင်း ရှေးအစဉ် စာပြန်ပွဲ၊ စာမေးပွဲများကို ကျင်းပလာခဲ့ရာ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် စာဖြေလကို ပြောင်းလဲခဲ့လေသည်။ တန္ဆေစာဝါများလိုက်၊ စာသင်ပြီးနယုန်လစာပြန်ပွဲပြီးသည်နှင့် ဝါဆိုရောက်သွားသောအခါ နားချိန်မရှိခြင်း၊ နွေရာသီစာပေသင်ကြားရမှုရာသီသဘောကို ငဲ့ခြင်း၊ နိုင်ငံတော်အစိုးရကျောင်းများပိတ်ထားချိန်ဖြစ်၍ စာဖြေဌာနလွယ်ကူခြင်း၊ တောင်သူလယ်သမားများ အလုပ်ခွင်နားချိန်ကာလဖြစ်ခြင်း၊ ဆွမ်း၊ ကွမ်း၊ ဝေယျာဝစ္စ ဆောင်ရွက်ရေးကိုအဆင်ပြေခြင်း စသည် စသည် အကြောင်းကြောင်းတို့ကြောင့် တပေါင်းလတွင် ပြောင်းလဲ၍ကျင်းပရန် ဆုံးဖြတ်ခဲ့ကြလေသည်။ ၁-၄-၁၉၅၄ ခုနှစ်တွင် ပါဠိပထမပြန် ဥပဒေပြဋ္ဌာန်းခဲ့လေသည်။

နယုန်လပြည့်နေ့ကို မဟာသမယအခါတော်နေ့ ငြိမ်းချမ်းရေးအခါတော်နေ့ဟုသတ်မှတ်ခဲ့ကြပေသည်။ ကပ္ပိလနှင့် ကောလိယနှစ်ပြည်ထောင်တို့ ရောဟဏီမြစ်ခွဲဝေမှုကို အကြောင်းပြု၍ စစ်မက်ဖြစ်ပွားအံ့ဆဲဆဲတွင် ဗုဒ္ဓဘုရားရှင် လာရောက်ဖြန်ဖြေ တရားဟောတော်မူရာ၌ ပြေငြိမ်းသွားပေသည်။

ထိုဟောကြားချက်တွင် ငြိမ်းချမ်းရေးမူ ၆ ချက်ကို ဇာတ်တော်များကိုအခြေခံ၍ဟောကြားတော်မူလေသည်။

(၁) အရာရာမဟုတ်သည်၌ အငြင်းအခုံမပြုသင့်ကြောင်းကို ဖန္ဒနဇာတ်တော်ဖြင့် ဟောဖော်ရှင်းပြတော်မူပါသည်။

(၂) တစ်ဆင့်စကားဖြင့် အငြင်းအခုံမပြုသင့်ကြောင်းကို "ပထဝီဥန္ဒြိယ" ဇာတ်လမ်းဖြင့် ခပ်ဆန်းဆန်း ရှင်းပြတော်မူသည်။

(၃) အားရှိသူတိုင်း အားနည်းသူအား အောင်နိုင်သည်မဟုတ်ကြောင်းကို "လဋုကိက" ဇာတ်ကွက်ဖြင့် မှတ်ချက်ပြတော်မူပါသည်။

(၄) စည်းလုံးမှုမရှိက ပျက်စီးတတ်ကြောင်းကို "ဝဋ္ဋက"ဇာတ်ကြောင်းဖြင့် ထပ်လောင်းရှင်းပြတော်မူပါသည်။

(၅) စည်းလုံးမှုရှိမှသာ ကြီးပွားနိုင်ကြောင်းကို "ရုက္ခဓမ္မ"ဇာတ်သဘောဖြင့် ထပ်ဟောတော်မူပြန်ပါသည်။

(၆) နောက်ဆုံးတွင် မိမိကိုယ်ကို မိမိက ဒုက္ခမပေးသင့်ကြောင်းကို"အတ္တဒဏ္ဍ"သုတ်ဖြင့် ဖုံးအုပ် ငြိမ်းအေးစေတော်မူပါသည်။

ထိုဇာတ်တော်ပါအကြောင်းအရာထဲမှ အချက်အလက်များကို လူသားများ လိုက်နာကျင့်သုံးကြပါက ယနေ့ခေတ်ကမ္ဘာကြီး ပြန်ပေးဆွဲခံထားရသလို အဖြစ်မျိုးမှ တစ်နည်းမဟုတ်တစ်နည်း လွတ်မြောက်ရာ၊ ငြိမ်းချမ်းရာ၏။ လူမှုအဖွဲ့အစည်း သေးသေးလေးမှသည် အာဆီယံ၊ နေတိုး၊ ဆီတိုး၊ ကုလသမဂ္ဂအထိပင် ကျင့်သုံး၍ရ၏။

မဟာသမယသုတ်ရွတ်လျှင် နတ်များချစ်ခင်၏ဟုဆို၏။ ထိုသည်ကို တိပိဋကမင်းကွန်းဆရာတော်ဘုရားကြီးက မဟာသမယသုတ်တွင်ပါသော နတ်ဒေဝတာများ၏ နာမတော်များ (နာမည်များ)ကို ရွတ်ဖတ်ရုံနှင့် ငြိမ်းချမ်းမှုကို မည်သို့မည်ပုံရနိုင်ကြောင်းကို ကိုယ်တိုင်မေး၍ ကိုယ်တိုင်ဖြေကြားထားသော အမေးရှိပေသည်။

ဗုဒ္ဓ၏သုတ္တန်ဒေသနာတော်သည် အသုံးချတတ်သူအတွက် ကောင်းခြင်းကို ပေးစွမ်းပါ၏။ ဆရာတော်ကြီးမိန့်ဆိုချက်မှာ နှစ်ဖက်သောလူများမှာ(နတ်များမှာ) အချို့ မျက်နှာငယ်မထင်မရှားသူများပါ၏။ ထိုသို့သောသူများကို ဘုရားရှင်က ဇာတိ၊ နာမ၊ ဂုဏ စသည့်အမျိုးနာမနှင့်တကွ တရင်းတနှီး ခေါ်ဝေါ်ပြောဆိုဆက်ဆံသောအခါ ပီတိများဖြစ်၍ ဘုရားစကား (တရားတော်)အတိုင်း လိုက်နာကျင့်သုံး၍ ငြိမ်းချမ်းမှုရပုံကို ဟောထားသည့် တရားတော်ရှိပေသည်။

ကမ္ဘာကျော် လူမှုဆက်ဆံရေး မိတ္တဗလ ဋီကာဆိုင်ရာ ဟောပြောပို့ချသူ ဒေးကာနက်ဂျီနှင့် နပိုလျံဟီးကဲ့သို့သော မိတ္တဗေဒ ပညာရှင်က ၂၀ ရာစုမှပေါ်ပေါက်လာခဲ့ခြင်းဖြစ်၏။ ဗုဒ္ဓ၏ မိတ္တဗလ မဟာသမယသုတ္တန်ကား B.C ၆ ရာစုကပင်ပေါ်ပေါက်ခဲ့သည်ဟု ဆိုရပါမည်။ ။

# ဟိုပုံးမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေ နည်းဥပဒေရှင်းလင်းပွဲကျင်းပ

**ဟိုပုံး ဇွန် ၂၂**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကို ဇွန်လ ၂၂ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမျိုးအောင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီးညီညီတင်နှင့် မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့တို့က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများသိရှိနားလည်စေရန်၊ ပြည်သူလူထုတစ်ရပ်လုံးပူးပေါင်းပါဝင်ပံ့ပိုးကူညီဆောင်ရွက်နိုင်စေရန်၊ လူမှုကွန်ရက်မီဒီယာများနှင့် တရားမဝင်သတင်းဌာနများက ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေဆိုင်ရာ သတင်းအမှားများကို အယုံလွယ်လမ်းမှားမရောက်ရှိစေရေး တရားဝင်သတင်းဌာနများ၏ ထုတ်ပြန်ချက်များကိုသာ လေ့လာနိုင်ရေး အသိပညာပေးဆောင်ရွက်ရန်ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဥပဒေ၏ရည်ရွယ်ချက်များ၊ စစ်မှုထမ်းရမည့်အသက်အရွယ်အပိုင်းအခြား၊ စစ်မှုထမ်းဆောင်ရမည့်ကာလ၊ ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ရရှိသူများ၊ ပြည်သူ့စစ်မှုထမ်းခြင်းမှ လျှော့ပေါ့ခွင့်ရရှိသူများ၊ ပြည်သူ့စစ်မှုထမ်းခြင်းမှ ရွှေ့ဆိုင်းခွင့်ရရှိသူများ၊ ပြည်သူ့စစ်မှုထမ်းတို့၏ အကျိုးခံစားခွင့်များ၊ စစ်မှုထမ်းဆောင်ခြင်းကို ရှောင်လွှဲပါက ကျခံရမည့်ပြစ်မှု၊ ပြစ်ဒဏ်များ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့၏ ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာစာရေးများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးပြောကြားကြောင်း သိရသည်။ (၄၀၅)

# ဂေဟာစနစ် ဝန်းကျင်ချစ်

❖ စားဝတ်ဖူလုံ၊ လူ့သိုက်မြုံ၌
ကုံလုံရှေ့နောက်၊ စိုးမကြောက်မှ
ဘဝအမော၊ ပြေစေသောဟု
ဝပြောသာယာ၊ ရှိလိမ့်မှာကို
လစ်ဟာမလုံ၊ ရပ်နေရုံတော့
မွေးထုံဖို့နေး၊ လက်လှမ်းဝေးလတ္တံ့။

❖ ဆင်းရဲခြင်းဝေး၊ နေနိုင်ရေးတွက်
ရည်သွေးပြည့်ဝ၊ အာဟာရလျှင်
ဇီဝစနစ်၊ ဂေဟစနစ်တို့
ဖြစ်တည်ချိတ်ဆက်၊ မိတ်ဆွေဖက်မှ
သူ့ဘက်ပေးကမ်း၊ ကိုယ့်ဘက်လှမ်းယူ
ဖေးကူကြုထွေး မွေးလတ္တံ့။

❖ တောနှင့်တောင်စဉ်၊ ပတ်ဝန်းကျင်နှင့်
သစ်ပင်တိရစ္ဆာန်၊ အခြေခံသည့်
ရှင်သန်ကြီးထွား၊ ကိုယ်ခံအားအပြင်
စားရေရိက္ခာ၊ ထုတ်လုပ်ရာ၌
ရာသီမရွေး၊ ရရှိရေးကို
ဆွေးနွေးသမှု၊ လက်တွေ့ပြုလို့
ဥတုရာသီ၊ တောကိုမှီသော်
မြရည်စိုလူး၊ ငှက်သံကျူးရင့်
ထူးတင့်စိတ်ဝမ်း အေးချမ်းလတ္တံ့။

❖ ထိန်းသိမ်းချစ်ခင်၊ ရာသီခွင်နှင့်
ဝန်းကျင်ကိုရှု၊ ရွှေလိုဥလျက်
ထုဆစ်ရောင်စုံ၊ လူ့ဇာတ်ခုံကို
ထုံရည်ဖျန်းကာ၊ လမ်းခင်းပါလော့
ဒါ...ငါတို့ပြည်၊ ငါတို့မြေတည့်
သည်ရေသည်လေ၊ သည်အဆွေနှင့်
မသွေမကွာ၊ အနေကြာဖို့
ကြမ္မာမရိုး၊ ကံမကိုးဘဲ
ကပ်ဆိုးဖယ်ရှင်း၊ အနှောင့်ကင်းအောင်
ကြိုးစားဆောင်စို့ မောင်တို့ရေ
ဝန်းကျင်ကိုလည်း ချစ်တတ်စေ။ ။

**ရွှေမြိုင်ပြုံးလဲ့မော်**

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၃-၆-၂၀၂၅(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၉:၀၀ | Sport News | ၄။ ၁၆:၄၀ | I Music |
| ၂။ ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် | ၅။ ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၃။ ၁၅:၀၀ | Jumping For You | ၆။ ၂၂:၂၀ | Goodnight Listeners |

# ကိုဗစ်-၁၉ ရောဂါ မျိုးကွဲသစ်အတွက် ကြိုတင်ကာကွယ်မှုများပြုလုပ်ကြပါစို့

ကမ္ဘာ့နိုင်ငံများကြား ကူးစက်ပျံ့နှံ့နေသော ကိုဗစ်-၁၉ ရောဂါနောက်ဆုံးမျိုးကွဲအသစ် Nimbus ခေါ် NB.1.8.1 ခေါ် Omicron အုပ်စုဝင် SARS-CoV-2 ဗိုင်းရပ်စ်မျိုးကွဲ NB.1.8.1 ပေါ်ထွက်လာခဲ့သည်။

ကမ္ဘာကစောင့်ကြည့်နေပြီဖြစ်သော Nimbus ၏ ထူးခြားချက်သည် ရှေ့ကမျိုးကွဲများထက် ကူးစက်မှု ပိုမိုမြန်ဆန်ခြင်းကြောင့် ဒေသတစ်ခုတွင် ကူးပြီဆိုသော် အချိန်တိုအတွင်း ကူးစက်ခံရသူအရေအတွက် မြင့်တက်လာသည်ကို တွေ့ရကြောင်း သတင်းများအရ သိရသည်။

ရောဂါလက္ခဏာများသည် လည်ချောင်းနာခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ ကြွက်သားများနာကျင်ကိုက်ခဲခြင်း၊ အသက်ရှူရခက်ခြင်းများဖြစ်သည်။ ရောဂါမဖြစ်မီ ကြိုတင်ကာကွယ်ခြင်းသည်သာ အကောင်းဆုံးဖြစ်သည်နှင့်အညီ ရောဂါကူးစက်မှုမခံရစေရန် ကြိုတင်ကာကွယ်ရမည်ဖြစ်သည်။ လူတိုင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ ထပ်ဆင့်မြှင့်ကာကွယ်ဆေး (booster dose) ထိုးနှံထားသင့်သည်။

ရောဂါလက္ခဏာတွေ့ရှိပါက စိုးရိမ်သောကမဖြစ်ဘဲ နီးစပ်ရာဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်၍ စနစ်တကျကုသစစ်ဆေးမှုခံယူသင့်သည်။

ကိုဗစ်-၁၉ ရောဂါသာမက ရာသီတုပ်ကွေး၊ သွေးလွန်တုပ်ကွေး၊ ရေကြီးရေလျှံ၊ ဝမ်းပျက်ဝမ်းလျှော ရာသီအလိုက်ဖြစ်သော ကူးစက်ရောဂါများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ သတိပေးနှိုးဆော်နေသကဲ့သို့ နိုင်ငံပိုင်မီဒီယာများမှလည်း ဖော်ပြနေသော သတိပေးနှိုးဆော်ချက်များ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ အသိပညာပေးမှုများကို လေ့လာမှတ်သားလိုက်နာကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါသည် ကူးစက်မှုမြင့်တက်လာသည့်အခြေအနေနှင့် ရောဂါဖြစ်ပွားနေသောနိုင်ငံများ၌ အသေအပျောက်ရှိနေသည့်အခြေအနေကြောင့် ပေါ့ပေါ့ဆဆမနေကြရန်၊ နိုးနိုးကြားကြား သတိဖြင့်နေကြရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း ဓာတ်ခွဲအတည်ပြုချက်များအရ ကိုဗစ်-၁၉ ရောဂါပိုးပြန်လည်တွေ့ရှိပြီဖြစ်သည်။ လက်ရှိတွင် ကျောင်းဖွင့်ချိန်ဖြစ်သောကြောင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နှာစေးခြင်း၊ ချောင်းဆိုးခြင်း၊ ကိုယ်အပူချိန်မြင့်မားခြင်းတို့ဖြစ်ပွားပါက ကျောင်းမလွှတ်ဘဲ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများသို့ သွားရောက်၍ ကုသမှုခံယူရန်နှင့် ဆေးကုသမှုခံယူရေးအတွက် ဆရာ၊ ဆရာမများ၊ မိဘအုပ်ထိန်းသူများ ပါဝင်ဆောင်ရွက်ကြရန် ပညာရေးဝန်ကြီးဌာနမှလည်း မေတ္တာရပ်ခံထားကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါမျိုးကွဲသစ်အတွက် ကာကွယ်နိုင်သည့် ကာကွယ်ဆေးများထိုးနှံပေးလာသည့်အကြိမ်များတွင်လည်း မပျက်မကွက်ထိုးနှံမှုခံယူကြရန်၊ မှတ်တမ်းထားကြရန် လိုအပ်သည်။ လူတစ်ဦးချင်းစီက မိမိကိုယ်မိမိ စနစ်တကျ ကာကွယ်ခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါမျိုးကွဲသစ်များကိုလည်း အောင်မြင်စွာ ကျော်လွှားနိုင်ကြမည်ဖြစ်သည်။

၂၀၂၁ ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်း(Delta wave)တွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအနှံ့အပြား၌ ကိုဗစ်-၁၉ ရောဂါကြောင့် သွေးအတွင်း အောက်ဆီဂျင်ပမာဏ အတက်အကျမြန်ဆန်မှုများ တွေ့ကြုံခဲ့ရပြီး အောက်ဆီဂျင်အိုးရှူရ၊ ပြန်ဖြည့်ရ၊ ဆေးလိုက်ဝယ်ရ၊ ဆေးဆိုင်နှင့်အောက်ဆီဂျင်စင်တာတို့၌ တန်းစီခဲ့ကြရသည်အထိ ဖြစ်ခဲ့သည်။

ယခု ကိုဗစ်-၁၉ ရောဂါက တစ်ကျော့ပြန်လာပြီဖြစ်သည်။ တစ်ဦးမှတစ်ဦးထံကူးစက်မှု အလွန်မြန်သည့်အတွက် မိမိမိသားစု၊ တစ်အိမ်တည်းနေ အဘိုး၊ အဘွား၊ ကလေးငယ်များနှင့် ဆီးချို၊ ကင်ဆာ၊ သွေးတိုး၊ နှလုံးရောဂါ စသည့် နာတာရှည် ဆေးကုသမှုခံယူနေသူများရှိပါက ဦးစားပေး၍ ကြိုတင်ကာကွယ်ရမည်ဖြစ်သည်။ ကိုယ်က ကိုယ်ခံအားကောင်းသည့် လူငယ်လူရွယ်ပိုင်းဖြစ်သော်လည်း အသက်ကြီးသူများ၊ ကိုယ်ခံအားလျော့နည်းသည့် နာတာရှည်ရောဂါသည်များမှာ ကိုဗစ်-၁၉ ရောဂါအပြင် မူလရောဂါအခံပါ ပူးတွဲခံစားရနိုင်ပါသည်။ ရောဂါဖြစ်သည့်ရက် ပိုကြာလာနိုင်သကဲ့သို့ ဆေးရုံတက်ရသည့်အခြေအနေထိ ရောက်သွားပြီး သေဆုံးနိုင်ခြေလည်းပိုများကြောင်း ယခင် ကိုဗစ်-၁၉ ရောဂါအတွေ့အကြုံအရ ဆင်ခြင်သင့်သည်။ ကိုဗစ်-၁၉ ရောဂါ၏ ပြင်းထန်မှုအနည်းအများနှင့် နောက်ဆက်တွဲဆိုးကျိုးများကို ခံစားကြရမည်ဖြစ်သည်။

**"ယခုကိုဗစ်-၁၉ ရောဂါသည် မပြင်းထန်သောသက်ရောက်မှုနှင့် မူလအရင်းခံ နာတာရှည်ရောဂါကြီးများ၏ဆိုးကျိုးများ ပိုမိုပြင်းပြင်းထန်ထန်ခံစားရသည်။ ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါလက္ခဏာများသိထားသင့်ပါသည်။ ကူးစက်ခံရပြီး ၁ ရက်မှ ၃ ရက်အတွင်း သာမန်အအေးမိအဖျားနှင့်ဆင်တူပြီး လည်ချောင်းအနည်းငယ်နာခြင်း၊ ကိုက်ခဲပင်ပန်းနွမ်းနယ်ခြင်း၊ အာသီးအနည်းငယ်ရောင်ခြင်း၊ ကိုယ်အပူချိန်(၃၆.၅°C) ရှိပြီး အစားအသောက်မျိုချရာတွင် အခက်အခဲရှိခြင်း၊ ခေါင်းအနည်းငယ်ကိုက်ခြင်း၊ အစာအိမ်လေထခြင်း၊ အနည်းငယ်မူးဝေခြင်းတို့ ဖြစ်လာနိုင်သည်. . ."**

ယခုကိုဗစ်-၁၉ ရောဂါသည် မပြင်းထန်သောသက်ရောက်မှုနှင့် မူလအရင်းခံ နာတာရှည်ရောဂါကြီးများ၏ဆိုးကျိုးများ ပိုမိုပြင်းပြင်းထန်ထန်ခံစားရသည်။ ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါလက္ခဏာများ သိထားသင့်ပါသည်။ ကူးစက်ခံရပြီး ၁ ရက်မှ ၃ ရက်အတွင်း သာမန်အအေးမိအဖျားနှင့်ဆင်တူပြီး လည်ချောင်းအနည်းငယ်နာခြင်း၊ ကိုက်ခဲပင်ပန်းနွမ်းနယ်ခြင်း၊ အာသီးအနည်းငယ်ရောင်ခြင်း၊ ကိုယ်အပူချိန်(၃၆.၅°C) ရှိပြီး အစားအသောက်မျိုချရာတွင် အခက်အခဲရှိခြင်း၊ ခေါင်းအနည်းငယ်ကိုက်ခြင်း၊ အစာအိမ်လေထခြင်း၊ အနည်းငယ်မူးဝေခြင်းတို့ ဖြစ်လာနိုင်သည်။

ထို့ပြင် အားအင်ကုန်ခန်းပြီး မောပန်းနွမ်းနယ်ခြင်း၊ ရံဖန်ရံခါအသက်ရှူရန်ခက်ခဲခြင်း၊ ခြေချောင်းများနာကျင်ခြင်း၊ ဝမ်းလျှောခြင်း၊ အော့အန်ခြင်း၊ နေမကောင်းဖြစ်နေသည့် ကိုးရက်မြောက်နေ့တွင် အပြင်းအထန် အဖျားတက်လာပြီး အသက်ရှူရန် အပြင်းအထန်ကြိုးစားလာရမည်ဖြစ်သည်။ အဆိုပါအနေအထားများသို့ ရောက်ရှိလာပါက သွေးစစ်ပြီး ရင်ခေါင်းဓာတ်မှန်(CXR) ရိုက်ရန် လိုအပ်လာပြီဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရခြင်းမရှိစေရေး နှာခေါင်းစည်း (Surgical Mask) တပ်ဆင်ရန်၊ လက်ကို ဆပ်ပြာဖြင့် စက္ကန့် ၂၀ ကြာ ဆေးကြောရန်၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာနေရန်၊ လက်ဆွဲနှုတ်ဆက်ခြင်းမှရှောင်ရန်၊ အပြင်သွားပါက လက်အိတ်ဝတ်ဆင်ရန် စသည်တို့ကို လိုက်နာရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံရပါမည်။ အန္တရာယ်များသူများ(High risk person)ကို ဦးစားပေးထိုးနှံသင့်သည်။ လူတိုင်းထိုးနှံသင့်သည်။ ထပ်ဆင့်မြှင့်ကာကွယ်ဆေးများလည်း ထိုးနှံသင့်သည်။ မည်သည့်ကိုဗစ်-၁၉ ရောဂါအမျိုးအစားကာကွယ်ဆေး၊ ထိုးနှံပြီးအရေအတွက်၊ ထိုးနှံမည့်နေ့များ၊ ကိုယ်တွင်း/ပြင်ပရောဂါရှိ၊ မရှိ၊ မိမိနှင့်တည့်၊ မတည့်ဖော်ပြပြီး လူတွင်ရှိနှင့်ပြီးသော ဆေးများထိုးနှံသောက်သုံးမှု၊ နှလုံး၊ အဆုတ်တို့ သွေးခဲပြဿနာယခင်ဖြစ်ခဲ့ဖူးခြင်း ရှိ၊ မရှိ၊ တစ်လအတွင်း ဗိုင်းရပ်စ်တစ်မျိုးအတွက် ကုသဆေး၊ ကာကွယ်ဆေး ထိုးဆေး၊ သောက်ဆေး အသုံးပြုခဲ့ခြင်း ရှိ၊ မရှိ လက်ရှိအခြေအနေတို့အား ဆရာဝန်နှင့်တိုင်ပင်ပြီးမှသာ ထိုးနှံသင့်သည်။ အအိပ်ပျက်ခြင်း၊ အစားပျက်ခြင်း၊ အနံ့မရခြင်း သတိပြုသင့်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဒေါက်တာလွင်သန့်

## ကော့သောင်းမြို့နယ်၌ မုန်တိုင်းအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်လေ့ကျင့်



ကော့သောင်း ဇွန် ၂၂

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်အပါအဝင် မုန်တိုင်းအန္တရာယ်ကျရောက်လာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ဆောင်ရွက်ပေးနိုင်ရေး ကော့သောင်းခရိုင် မီးသတ်ဦးစီးဌာနမှ မုန်တိုင်းအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇွန်လ ၂၁ ရက်က ကော့သောင်းမြို့နယ် ပုလုံးတုံတုံးကျေးရွာဆိုင်ကလုန်း Shelter ၌ ဆောင်ရွက်ရာ ကော့သောင်းခရိုင်နှင့်မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုကြသည်။

ရေးဦးစွာ ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်ရန် ရှာဖွေကယ်ဆယ်ရေး ပစ္စည်းများကို အသင့်အနေအထားပြင်ဆင်ထားရှိ၍ ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးသူရဝင်းက ခရိုင်နှင့်မြို့နယ်မီးသတ်စခန်းများမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များအား တာဝန်ခွဲဝေချထားပြီး မုန်တိုင်းအန္တရာယ် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဆက်လက်ဆောင်ရွက်ရာ တာဝန်ရှိသူများက မုန်တိုင်းအန္တရာယ် သတိပေးနှိုးဆော်ပြီးသည်နှင့်တစ်ပြိုင်နက် ကျေးရွာနေပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများက နီးစပ်ရာ ဆိုင်ကလုန်း Shelter သို့ ဝင်ရောက်ခိုလှုံကာ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် မိတ်ဖက်အဖွဲ့အစည်းများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ကူညီရွှေ့ပြောင်းပေးခြင်း၊ ဆေးကုသမှု ဆောင်ရွက်ပေးခြင်းနှင့် အရေးပေါ်လူနာများအား ဆေးရုံသို့ ပို့ဆောင်ခြင်းများ သရုပ်ပြလေ့ကျင့်ကြကြောင်း သိရသည်။

ချမ်းမြေ့

## ကန့်ဘလူမြို့ လူထုအခြေပြုဗဟိုဌာန၌ ဆံပင်အုပ်(ဘိုးကလစ်)ပြုလုပ်နည်း သင်တန်းဖွင့်ပွဲကျင်းပ

ကန့်ဘလူ ဇွန် ၂၂

အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေရရှိရေးအတွက် အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးပြီး ဆံပင်အုပ်(ဘိုးကလစ်)ပြုလုပ်နည်းသင်တန်းဖွင့်ပွဲကို ဇွန်လ ၂၁ ရက်က ခရိုင်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမြင့်က အမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် သင်တန်းနည်းပြဆရာမ ဒေါ်သိန်းသိန်းမော်က ဆံပင်အုပ်ပြုလုပ်ရာတွင် လိုအပ်သည့်ပစ္စည်းများ၊ ပြုလုပ်နည်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆံပင်အုပ်(ဘိုးကလစ်)ပြုလုပ်နည်းသင်တန်းသို့ သင်တန်းသူ ၁၅ ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ဇွန်လ ၂၁ ရက်မှ ၂၃ ရက်အထိ ဆံပင်အုပ်အမျိုးမျိုးနှင့် ပြုလုပ်နည်းအဆင့်ဆင့်တို့ကို လက်တွေ့သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

# သာကေတမြို့နယ်၌ လူငယ်နှင့်သုတေသန စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန်  ဇွန်  ၂၂

ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်းကော်မတီ သုတေသနကော်မတီမှ ကြီးမှူးကျင်းပသော လူငယ်နှင့် သုတေသနစကားဝိုင်းဆွေးနွေးပွဲကို ဇွန်လ ၂၁ ရက်က ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ လူငယ်စင်တာ၌ ကျင်းပသည်။

ရှေးဦးစွာ လူငယ်နှင့်သုတေသန စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် သုတေသနကော်မတီဝင်များနှင့် မိတ်ဆက်ပြီး ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာအထောက်အကူပြု လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် နည်းပညာအသုံးပြု သုတေသနမေးခွန်းများ ဖြေကြားခြင်းကို ဆောင်ရွက်ကြပြီး ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာအထောက်အကူပြု လုပ်ငန်းကော်မတီ သုတေသနကော်မတီဝင် ဦးထွန်းအုပ်စိုး ဦးဆောင်ပြီး ဒေါက်တာနိုင်လင်းထွန်း (Medical Officer Shan Yoyar)၊ ဒေါက်တာညီထွန်းစံ (Director of Strategic Partner–ships and Public Relations. Apollo Glo–bal Education)၊ ဒေါက်တာသန့်ဇင်ထွန်း (Founder of NSMS Institute) တို့က လူငယ်နှင့်သုတေသနစကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများက စကားဝိုင်းဆွေးနွေးပွဲအပေါ် သုံးသပ်အကဲဖြတ် တုံ့ပြန်မှုပေးခြင်းများ ဆောင်ရွက်ကြပြီး ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာအထောက်အကူပြုလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါ်သီတာခိုင်က ရေနှင့်ရေသုံးစွဲပုံအကြောင်း အသိပညာပေးပြောကြားကာ ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**လင်းခန့်**

# ဝါးခယ်မမြို့နယ်၌ မိုးသီးနှံစားဖိုဆောင်သီးနှံစုံလျာထားဧက ၁၀၅၅ ဧက စိုက်ပျိုးမည်



ဝါးခယ်မ  ဇွန်  ၂၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စားဖိုဆောင်သီးနှံစုံလျာထားဧက ၁၀၅၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်၌ စားဖိုဆောင်သီးနှံစုံလျာထားဧက ၁၀၅၅ ဧကကို ဇွန်လကုန်ပိုင်းတွင် စတင်စိုက်ပျိုးမည်ဖြစ်ပြီး အဆိုပါမိုးသီးနှံများစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

"ဒီနှစ်မိုးသီးနှံစိုက်တဲ့ကာလမှာ စားဖိုဆောင်သီးနှံတွေ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးမှာဖြစ်ပါတယ်။ အသီးအနှံတွေမှာ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့နဲ့ စားဖိုဆောင်သီးနှံတွေ လျာထားချက်အတိုင်းစိုက်ပျိုးနိုင်ဖို့ မျိုးစေ့၊ နည်းပညာနဲ့ တခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်မီကတည်းက စိုက်ပျိုးရေးဦးစီးဌာနက စီစဉ်ဆောင်ရွက်ပေးနေပါတယ်" ဟု မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ကပြောသည်။

ဝါးခယ်မမြို့နယ်၌ စားဖိုဆောင်သီးနှံများ စိုက်ပျိုးရာတွင် ပန်းဂေါ်ဖီ၊ ကြက်သွန်၊ နံနံပင်၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ခရမ်း၊ ဘူး၊ ကန်စွန်းပင်၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ ပဲပုစွန်သီး စသည့်သီးနှံများကို စိုက်ပျိုးမည်ဖြစ်သည်။

စိုက်ပျိုးသီးနှံများကို တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံသာမက သီးနှံဈေးနှုန်းများ တည်ငြိမ်ကာ စိုက်ပျိုးတောင်သူများ၏ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

**သုတကျော်**

# မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေနိုင်သောဆေးဝါးများအန္တရာယ် အသိပညာပေးဆွေးနွေး

ရန်ကုန်  ဇွန်  ၂၂

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့၏ဦးဆောင်မှုဖြင့် တာမွေမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ပညာရေးဌာန၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သောဆေးဝါးများအန္တရာယ် အသိပညာပေးဆွေးနွေးပွဲကို ဇွန်လ ၂၁ ရက်က တာမွေမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ပင်လုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တာမွေမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး အမှတ် (၄၁) မူးယစ်တပ်ဖွဲ့စု (ရန်ကုန်အရှေ့ပိုင်း) တပ်ဖွဲ့စုမှူး ရဲမှူးလှသိန်းစိုးက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေနိုင်သောဆေးဝါးများအန္တရာယ်အကြောင်းကိုလည်းကောင်း၊ မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ဗဟို ဥက္ကဋ္ဌ ဦးစံရှိန်က ကွမ်းစားခြင်းအန္တရာယ် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ တာမွေမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး ရဲမှူးခင်မောင်ထွန်းက မူးယစ်ဆေးဝါးပပျောက်ရေး အားကစားနှင့်ကုစားပေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ဗဟို ကျောင်းသားလူငယ်ထု ဆက်သွယ်ရေး သံတမန်ဟာသသရုပ်ဆောင် လူရွှင်တော် ဦးချစ်ချောက ကျောင်းသားလူငယ်ထုအတွင်း အလွယ်တကူဝင်ရောက်နိုင်သော မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ခြင်းနှင့် ပတ်သက်၍လည်းကောင်း အသီးသီးအသိပညာပေးဆွေးနွေးဟောပြောကြသည်။



ဆက်လက်၍ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဆွေးနွေးဟောပြောခဲ့သူများက ပြန်လည်ရှင်းလင်းဖြေကြားပေးကြပြီးနောက် အသိပညာပေးဟောပြောခဲ့ကြသူများကို သက်ဆိုင်ရာတာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများ အသီးသီးပေးအပ်ကြသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးနံရံကပ်စာစောင်နှင့် သုတ၊ ရသစာအုပ်စာစောင်များကို အခမ်းအနားသို့ တက်ရောက်လာကြသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# သာစည်မြို့နယ် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) ဆောင်ရွက်နေမှုကွင်းဆင်းစစ်ဆေး

သာစည်  ဇွန်  ၂၂

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြက်မောက်ကျေးရွာအုပ်စု ကြက်မောက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)များ ဆောင်ရွက်နေမှုကို ဇွန်လ ၂၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကြက်မောက်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေ ငွေကျပ်သန်း ၃၀ ဖြင့် ဆောင်ရွက်ထားသော နွားမွေးမြူရေးနှင့် ဆိတ်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးကြသည်။


ထို့နောက် မြို့နယ်ဦးစီးမှူးက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ကျေးရွာလုပ်ငန်းအဖွဲ့၊ နွားမွေးမြူရေးနှင့် ဆိတ်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့မှ အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF)ဖြင့် ကြက်မောက်ကျေးရွာ၌ နွားမွေးမြူရေးနှင့် ဆိတ်မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့များကို ရန်ပုံငွေ ငွေကျပ်သန်း ၃၀ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။



ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲနှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
(၂၀၂၅ခုနှစ်၊ ဇွန်လ)

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။




- မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်- ၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။
- ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေး ရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက် ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။
- အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုများမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် ပူးတွဲပါအချက်များကိုသတိပြုလိုက်နာဆောင်ရွက်ကြရန်လိုအပ်ပါသည်။

### စနစ်ကျစွာ ပါးစပ်နှင့်နှာခေါင်းစည်း (Mask) တပ်နည်း



ပါးစပ်နှင့်နှာခေါင်းကို လုံခြုံစွာဖုံးအုပ်ပါ။



အဖုံးပါသော အမှိုက်ပုံးထဲတွင်သာ စွန့်ပစ်ပါ။



စနစ်တကျ လက်ဆေးပါ။

### သတိပြုလိုက်နာရမည့် အချက်များ

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက် –

**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

## ရာသီတုပ်ကွေးနှင့် ကိုဗစ် - ၁၉ ရောဂါ စသည့် လတ်တလော အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ မိမိကစ၍ ကာကွယ်ပါ။

(က) လူထူထပ်သောနေရာများသို့သွားခြင်းမှရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊



(ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်း မရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ/ တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊





(ဂ) ရောဂါလက္ခဏာပြင်းထန်ပါကနီးစပ်ရာဆေးရုံ၊ ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။



(၂) တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကိုရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင် ဆေးရည် (Hand sanitizer) ဖြင့် မကြာခဏ စနစ်တကျ ဆေးကြောခြင်း၊




(၃) ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံမှုခံယူခြင်း။





ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်
- အသက် ၆၀နှစ် နှင့် အထက် အသက်အရွယ်ကြီးသူများ၊
- ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုကို မဖြစ်မနေခံယူပါ။




**ရောဂါကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ၊ အခြားသူများကိုလိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။**

# မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုနိုင်သည့် ထိန်းချုပ်ဓာတုပစ္စည်းများကုန်သွယ်မှု၊ အသုံးပြုမှုနှင့်ထိန်းသိမ်းဆောင်ရွက်မှုများ အပိုင်း(၂)

ဒေါက်တာ
လပြည့်ခင်

**ဟီးရိုးအင်းဆိုတာ**

ဟီးရိုးအင်း(Heroin)သည် မော်ဖင်းမှ ထုတ်ယူရရှိသောဆေးဝင်ပစ္စည်းတစ်မျိုး ဖြစ်သည်။ ဓာတုဗေဒဝေါဟာရအားဖြင့် Diamorphine ဟုခေါ်၍ဓာတုသင်္ကေတမှာ $C_{21}H_{23}NO_5$ ဖြစ်သည်။ မော်ဖင်းကို ဘိန်းမှ ထုတ်ယူရရှိခြင်းဖြစ်သောကြောင့် ဟီးရိုးအင်းသည်လည်း မူးယစ်စေတတ်သော ဘိန်းတစ်မျိုးပင်ဖြစ်သည်။ အဖြူရောင်ဖြစ်သောကြောင့် ဟီးရိုးအင်းကို ဘိန်းဖြူဟူ၍လည်းကောင်း၊ ဆေးဖြူမှုန့်ဟူ၍လည်းကောင်း၊ နံပါတ်ဖိုးဟူ၍လည်းကောင်း အမည်များဖြင့် လူသိများထင်ရှားသည်။ ဟီးရိုးအင်းသည် မော်ဖင်းနှင့်အကျိုးပေးပုံချင်းဆင်တူသဖြင့် ဆေးဘက်တွင် မော်ဖင်းကို အသုံးပြုသည့်အတိုင်း ဟီးရိုးအင်းကိုလည်း အသုံးချလေ့ရှိသော်လည်း အကျိုးအာနိသင်အရာ၌မူ ဟီးရိုးအင်းသည်မော်ဖင်းနှင့်ဘိန်းတို့ထက်အဆပေါင်းများစွာ ပြင်းထန်ထိရောက်ပြီး ပိုမို၍ အဆိပ်ပြင်းထန်ကာ ပိုမိုလွန်ကဲစွာပင် အလေ့အကျင့်အထုံ စွဲမြဲမြန်ဆန်စေသည်။ ဟီးရိုးအင်းသည် နာကျင်မှုဝေဒနာကို မငြိမ်းစေတတ်သလို အိပ်ပျော်အောင်လည်း အလျင်အမြန်မဖြစ်စေတတ်ဘဲ မှီဝဲသူအား တုံ့နှေးခြင်း ဖြစ်စေတတ်သည်။

**ဟီးရိုးအင်းနှင့် လူမှုကျင့်ဝတ် လစ်ဟင်းမှု**

ဟီးရိုးအင်းကို ဘိန်းစွဲသူများကမှီဝဲလေ့ရှိပြီး ဟီးရိုးအင်းသည် အခြားမည်သည့်ယစ်မျိုးနှင့်မျှမတူဘဲ မှီဝဲသူ၏ စိတ်ကို ပိုမိုလွန်ကဲစွာထိခိုက်စေသည်။ မှီဝဲစ၌ ပေါ့ပါးပျော်ရွှင်လာစေကာ ငါသာလျှင်အဓိက၊ ငါလုပ်လျှင် မည်သည့်အရာမဆိုအောင်မြင်ရမည် စသည့်အမြင်အစွဲများဝင်လာပြီးနောက် အရှိကိုအရှိအတိုင်း မမြင်နိုင်တော့ဘဲ ပုံကြီးချဲ့ထင်မြင်လာကာ မဆင်မခြင်ပြုလုပ်တတ်သော သတ္တိများ ပေါက်ဖွားလာစေသည်။ ဟီးရိုးအင်းစွဲသူများသည် ကိုယ်ချင်းစာတရားနှင့် စောင့်ထိန်း လိုက်နာအပ်သော လူမှုကျင့်ဝတ်နှင့်တာဝန်များ မေ့ပျောက်လစ်ဟင်းကာ လူမှုအသိုင်းအဝိုင်းနှင့် ဆန့်ကျင်ဘက်အပြုအမူများ ပြုလုပ်လာပြီးနောက် အချိန်ကြာလာလျှင် လူ့အသိုင်းအဝိုင်းပတ်ဝန်းကျင်မှ ဖယ်ကြဉ်ကာ ရာဇဝတ်ကောင်များဘဝသို့ကူးပြောင်းသွားတတ်သည်။ ထို့ကြောင့်လူညွှန့်တုံးစေသော မူးယစ်ဆေးဝါး ဟီးရိုးအင်းကို မြန်မာနိုင်ငံနှင့်တကွ ကမ္ဘာ့အရပ်ရပ်ရှိ နိုင်ငံများတွင် တရားဝင် ရောင်းဝယ်သုံးစွဲခြင်းကို ပိတ်ပင်တားမြစ်ထားသည့်အပြင် ဟီးရိုးအင်းကို ထုတ်ယူရရှိနိုင်သော ဘိန်းပင်စိုက်ပျိုးခြင်းကိုလည်း တားမြစ်ထားသည်။

**ဟီးရိုးအင်းထုတ်လုပ်ရာတွင် ပါဝင်သည့် ဓာတုပစ္စည်းများ**

အဆိုပါ ဟီးရိုးအင်း ၁ တန်ထုတ်လုပ်ရာတွင် အဓိကကုန်ကြမ်း ဘိန်းနှင့်ဓာတုပစ္စည်းများဖြစ်သည့် တိုင်းရင်းဆေး (ပရဆေးများ)တွင် **“ဇဝက်သာ”** ဟုအများသိကြသော အမိုနီယမ်ကလိုရိုက် (Ammonium Chloride)၊ အက်စီတစ်အင်ဟိုက်ဒရိုက် (Acetic Anhydride)၊ ဟိုက်ဒရိုကလိုရစ်အက်စစ် (Hydrochloric Acid)၊ အက်စီတုံး (Acetone) နှင့်အခြားပစ္စည်းများ ပါဝင်ထုတ်လုပ်ရသည်။

**စိတ်ပြောင်းဆေးဝါးများထုတ်လုပ်ရာတွင် ပါဝင်သည့်ဓာတုပစ္စည်းများ**


စိတ်ကိုပြောင်းလဲစေသော ဆေးဝါးဖြစ်သည့် အမ်ဖက်တမင်း (Amphetamine) နှင့်မက်အဖက်တမင်း(Methamphetamine) ထုတ်လုပ်ရာတွင် Acetic Acid ၊ Acetic Anhydride၊ Acetone ၊ Acetyl Chloride ၊ Chloroform ၊ Ethyl Ether ၊ Ephedrine ၊ Hydrochloric Acid ၊ Phenyl Acetic Acid ၊ Phosphrous Pentachloride ၊ Pseudoephedrine၊ Sulphuric Acid၊ Thionyl Chloride နှင့် Toluene အစရှိသည့် ဓာတုပစ္စည်းများကို ထည့်သွင်းအသုံးပြုရသည်။ ထို့ကြောင့် အဆိုပါဓာတုပစ္စည်းများကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းမှ ထိန်းချုပ်ဓာတုပစ္စည်းများအဖြစ် သတ်မှတ်ကြေညာထားသကဲ့သို့ မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ကြီးဌာနမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရလည်းကောင်း၊ စက်မှုဝန်ကြီးဌာနမှ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေးဥပဒေအရလည်းကောင်းကန့်သတ်ဓာတုပစ္စည်းများ (Restricted Chemicals) အဖြစ် အမိန့်ကြော်ငြာစာများထုတ်ပြန်၍ ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း ကြပ်မတ်ကွပ်ကဲလျက်ရှိသည်။

မက်အဖက်တမင်း (Methamphetamine) ထုတ်လုပ်ရာတွင် အက်ဖီဒရင်း (Ephedrine) နှင့် သိုင်အိုနိုင်းလ်ကလိုရိုက် (Thionyl Chloride)၊ ကလိုရိုဖောင်း (Chloroform) ၊ အက်စီတစ်အက်စစ် (Acetic Acid) ၊ ပလာဒီယမ် (Palladium)နှင့် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့ (Hydrogen Gas) တို့ သတ်မှတ်အချိုးအစားအလျောက်ပါဝင်ကြသည်။

စိတ်ကြွဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုသော ပရီကာဆာဓာတုပစ္စည်းများမှာ အက်စီတစ်အက်စစ် (Acetic Acid)၊ အက်စီတုန်း (Acetone)၊ ကလိုရိုဖောင်း (Chloroform)၊ အီသိုင်းလ်အီသာ (Ethyl Ether)၊ ဟိုက်ဒရိုကလိုရစ်အက်စစ် (Hydrochloric Acid )၊ ဆာလ်ဖျူရစ်အက်စစ် (Sulphuric Acid)၊ အိုင်ဆိုဆာဖရိုးလ် (Isosafrole)၊ တော်လူအင်း (Toluene)၊ ပိုက်ပါရိုနောလ် (Piperonal)၊ ဆာဖရိုးလ် (Safrole)၊ ၃၊ ၄ မီသိုင်းလင်းဒိုင်အောက်စီဖီနိုင်းလ်-၂ ပရိုနန်း (3,4 Methylenedioxyphnyl-2 Pronone) တို့ဖြစ်သည်။ MDMA အက်တက်စီ (Ecstasy) ဆေးဝါးများမှာ အမ်ဖက်တမင်း (Amphetamine) နှင့် မက်အဖက်တမင်း (Methamphetamine) ဆေးဝါးတို့ထက်ပိုမိုအစွမ်းထက်ပြီး ပို၍ ဈေးကြီးသည်။

**ထိန်းချုပ်ဓာတုပစ္စည်း (Precursor Chemicals) (၄၃) မျိုး**

မြန်မာနိုင်ငံတွင်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့်အညီ မြန်မာနိုင်ငံ၏လိုအပ်ချက်အရ ကျန်းမာရေး







ဝန်ကြီးဌာနမှ ၂၅-၂-၂၀၂၅ ရက်နေ့ အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၅)ဓာတုပစ္စည်း စုစုပေါင်း ၄၃ မျိုးကို Schedule-I၊ Schedule-II နှင့် Schedule -III ဟု အုပ်စုသုံးစုသတ်မှတ်၍ ပြင်ဆင်ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါထိန်းချုပ်ဓာတုပစ္စည်းများကို စက်မှုဝန်ကြီးဌာနမှ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဥပဒေအရ ၂၀၁၆ ခုနှစ်တွင် ကန့်သတ်ဓာတုပစ္စည်း ၂၆ မျိုးနှင့် ၂၀၂၂ ခုနှစ်အတွင်း ၁၁ မျိုးကို ထပ်မံ၍ထုတ်ပြန်ကြေညာ၍ ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

**Schedule-I တွင် ပါဝင်သော ထိန်းချုပ်ဓာတုပစ္စည်း (၂၅) မျိုး**

(က) ၁၉၈၈ ခုနှစ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ သယ်ဆောင်ရောင်းဝယ်ခြင်းကို ဆန့်ကျင်တိုက်ဖျက်ရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂကွန်ဗင်းရှင်း၏ ဇယား(၁)ပါ ထိန်းချုပ်ဓာတုပစ္စည်းများ-

( ၁ ) Acetic Anhydride (အက်စီတစ်အင်ဟိုက်ဒရိုက်) :$C_4H_6O_3$ (108-24-7)

( ၂ ) N-acetylanthranilic Acid (အင်-အက်စီတိုင်းလ်အင်သရာနီလစ်အက်စစ်) :$C_9H_9NO_3$ (89-52-1)

( ၃ ) 4-anillino-N-phenethyl-piperidine (ANPP)/ Fentanyl analogues (၄-အနီလီနို-အင်ဖီနိုင်သိုင်းလ်ပိုင်ပါရီဒင်း)(အေအင်ပီပီ) :$C_{19}H_{24}N_2$ (21409-26-7)

( ၄ ) Ephedrine(အက်ဖီဒရင်း) :$C_{10}H_{15}NO$ (299-42-3)

( ၅ ) Ergometrine (အာဂိုမတ်ထရင်း) : $C_{23}H_{27}N_3O_6$ (60-79-7)

( ၆ ) Ergotamine (အာဂိုတမင်း) : $C_{33}H_{35}N_5O_5$ (113-15-5)

( ၇ ) Isosafrole (အိုင်ဆိုဆာဖရိုးလ်):$C_{10}H_{10}O_2$ (120-58-1)

( ၈ ) Lysergic Acid (လိုက်ဆာဂျစ်အက်စစ်) :$C_{16}H_{16}N_2O_2$ (82-58-6)

( ၉ ) 3,4-MDP-2-P methyl glycidate (PMK glicidate) (all stereoisomers) (၃၊ ၄-အမ်ဒီပီ-၂ပီ မီသိုင်း ဂလိုက်စီဒိတ်):$C_{12}H_{12}O_5$ (13605-48-6)

( ၁၀ ) 3,4-MDP-2-P methyl glycide acid (PMK glycidic acid) (all stereoisomers) (၃၊ ၄-အမ်ဒီပီ-၂-ပီ-မီသိုင်း ဂလိုက်စီဒစ်အက်စစ် (ပီအမ်ကေဂလိုက်စီဒစ် အက်စစ်): $C_{11}H_9O_5$.Na (62167189-50-4)

( ၁၁ ) 3,4 - Methyllenedioxyphenyl-2 Propane (၃-၄ မီသိုင်းလ်လင်ဒိုင်အောက်ဆီဖီနိုင်းလ်-၂-ပရိုပန်နုန်း) :$C_{10}H_{10}O_3$ (4676-39-5)

( ၁၂ ) Norephedrine (နော်အက်ဖီဒရင်း) : $C_9H_{13}NO$ (14838-15-4)

( ၁၃ ) N-phenethyl-4-piperidone (NPP) (အင်-ဖီနိုင်းသိုင်းလ်-၄-ပိုက်ပါရီဒုန်း (အင်ပီပီ) :$C_{13}H_{17}NO$ (39742-60-4)

( ၁၄ ) Phenylacetic Acid (ဖီနိုင်းလ်အက်စစ်တစ်အက်စစ်):$C_8H_8O_2$(103-82-2)

( ၁၅ ) 1-phenyl - 2 Propanone (၁-ဖီနိုင်းလ်-၂-ပရိုပန်နုန်း) :$C_9H_{10}O$ (103-79-7)

( ၁၆ ) Alpha-phenylacetoacetamide (APAA) (including its optical isomer) (အလ်ဖာ-ဖီနိုင်းလ်အက်စီတိုအက်စီတမိုဒ်(အေပီအေအေ):$C_{10}H_{11}NO_2$ (4433-77-6)

( ၁၇ ) Alpha-Phenylacetoacetonitrile (APAAN) အလ်ဖာ-ဖီနိုင်းလ်အက်စီတိုအက်စီတိုနိုဒ်ထရေး (အေပီအေအေအန်): $C_{10}H_9N_O$ (4468-48-8)

( ၁၈ ) Piperonal (ပိုက်ပါရိုနယ်လ်) :$C_8H_6O_3$ (120-57-0)

( ၁၉ ) Potassium Permanganate (ပိုတက်စီယမ်ပါမင်းဂနိတ်) :KMnO4(7722-64-7)

( ၂၀ ) Pseudophedrine (ဆူဒိုအက်ဖီဒရင်း) :$C_{10}H_{15}NO$ (345-78-8)

( ၂၁ ) Safrole (ဆာဖရိုးလ်): $C_{10}H_{10}O_2$ (94-59-7)

( ၂၂ ) tert-Butyl 4-(phenylamino) piperidine-1- carboxylate (1-boc-4-AP) တာတ်-ဗြူတိုင်း ၄-(ဖီနိုင်အမိုင်နို) ပိုင်ပါရီဒင်း-၁-ကာဘောက်စီလိတ် (၁-ဘီအိုစီ-၄-အေပီ) : $C_{16}H_{24}N_2O_2$ (125541-22-2)

( ၂၃ ) Methyl alpha-phenylacetoacetate (MAPA) မီသိုင်းလ် အယ်ဖာ- ဖီနိုင်းအက်စီတိုအက်စီတိတ် (အမ်အေပီအေ) :$C_9H_{10}O_2$ (101-41-7)

( ၂၄ ) Norfentanyl နော်ဖင်တာနိုင်း :$C_{14}H_{20}N_2O$ (1609-66-1)

( ၂၅ ) N-Phenyl-4-piperidinamine (4-AP) အင်-ဖီနိုင်းလ်-၄-ပိုင်ပီရီဒီနာမိုက် (၄-အေပီ) :$C_{11}H_{16}N_2$(23056-29-3)

**ဆက်လက်ဖော်ပြပါမည်။**

# ရွှေတိဂုံစေတီတော်သို့ ယခုနှစ်ငါးလတာကာလအတွင်း ပြည်ပခရီးသွားဧည့်သည် သုံးသောင်းကျော် လာရောက်ဖူးမြော်



ရန်ကုန် ဇွန် ၂၂

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်သို့ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ မေလ ၃၁ ရက်အထိ ငါးလတာကာလအတွင်း ပြည်ပခရီးသွားဧည့်သည် သုံးသောင်းကျော် လာရောက်ဖူးမြော်ကြကြောင်း ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့မှ သိရသည်။

အဆိုပါကာလအတွင်း ရွှေတိဂုံစေတီတော်သို့ ပြည်ပခရီးသွားဧည့်သည် ဝင်ရောက်မှုအနေဖြင့် ဇန်နဝါရီလက ၈၈၂၁ ဦး၊ ဖေဖော်ဝါရီလက ၇၆၄၀ ဦး၊ မတ်လက ၇၅၀၂ ဦး၊ ဧပြီလက ၄၁၇၃ ဦး၊ မေလက ၅၂၆၂ ဦး စုစုပေါင်း ၃၃၃၉၈ ဦးနှင့် ပြည်တွင်းခရီးသွားဝင်ရောက်မှုအနေဖြင့် ၃၀၉၉၆၉၀ ဦး ရှိကြောင်း သိရသည်။

ရွှေတိဂုံစေတီတော်သို့ ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှုတွင် အာရှ၊ ဥရောပ၊ ထိုင်း၊ ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံသားများ အများဆုံးလာရောက်လည်ပတ်ကြကြောင်း သိရသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့သည် ရပ်နီးရပ်ဝေးမှဘုရားဖူးများအဆင်ပြေစေရန်နှင့် စိတ်အေးချမ်းသာစွာဖူးမြော်နိုင်ရန် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ နံနက် ၅ နာရီ မှ ည ၉ နာရီအတွင်း ဖွင့်လှစ်ပေးလျက်ရှိရာမှ ၂၀၂၄ ခုနှစ် ဇွန်လ ၂၁ ရက်မှစတင်ကာ ဘုရားဖူးမြော်ချိန်ကို နံနက် ၄ နာရီမှ ည ၁၀ နာရီအတွင်း တိုးမြှင့်ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

ဝန်းရံခ

# ချောက်မြို့နယ် ပန်းဘဲ(တ)ကျေးရွာ၌ မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



ချောက် ဇွန် ၂၂

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပန်းဘဲ(တ)ကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေကို ဇွန်လ ၂၂ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြည်မြင့်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ပန်းဘဲ(တ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် တခြားအသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ စီမံကိန်းဆိုင်ရာ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ချောက်မြို့နယ် ပန်းဘဲ(တ)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၈ ဦးအတွက် ငွေကျပ် ၁၃ ဒသမ ၁၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ကိုးဦးအတွက် ငွေကျပ် ၃ ဒသမ ၁၅ သန်း၊ တခြားအသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦးအတွက် ငွေကျပ် ၃ ဒသမ ၅ သန်း စုစုပေါင်း စီမံကိန်းအသင်းဝင် ၅၇ ဦးအတွက် ငွေကျပ် ၁၉ ဒသမ ၈ သန်းကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။

အိပိုးပိုး

# ပွင့်ဖြူမြို့နယ်၌ မိုးစပါးစိုက်ပျိုးမည့်တောင်သူများကို ရောပဒေသာ(ရောမင်း) စပါးမျိုးသန့်မျိုးစေ့များပေးအပ်

ပွင့်ဖြူ ဇွန် ၂၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် အရည်အသွေးမြင့် စပါးမျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် မြို့နယ်တောင်သူအကျိုးဆောင်အသင်း (FFA)နှင့် Green Growth Generation (GGG)ကုမ္ပဏီတို့ပူးပေါင်းပြီး ဒေသတွင်းရှိ မိုးစပါးစိုက်ပျိုးမည့်တောင်သူများကို ဇွန်လ ၂၁ ရက်က ရောပဒေသာ(ရောမင်း) စပါးမျိုးသန့်မျိုးစေ့များ ပေးအပ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း အရည်အသွေးမြင့် စပါးမျိုးကောင်းမျိုးသန့်တွေ တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ဖို့အတွက်ရည်ရွယ်ပြီး စူပါဂိုးအမှတ်တံဆိပ် ရောပဒေသာ(ရောမင်း) စပါးမျိုးသန့်မျိုးစေ့တွေကို အချိန်မီစိုက်ပျိုးနိုင်အောင် ပံ့ပိုးပေးအပ်တာဖြစ်ပါတယ်။ စပါးမျိုးစေ့တွေ ပေးအပ်ရာမှာ Green Growth Generation(GGG)ကုမ္ပဏီနဲ့ပူးပေါင်းပြီး ကန်ထရိုက်လယ်ယာစနစ်နဲ့ နွေသီးနှံ ရေသွင်းနှမ်းစိုက်ပျိုးတဲ့ တောင်သူတွေ မိုးရွာသွန်းမှုများပြီး ရေသွင်းနှမ်းစိုက်ခင်းတွေ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့တဲ့အတွက် မိုးစပါးပြန်လည်စိုက်ပျိုးနိုင်အောင် ပံ့ပိုးပေးတာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ်တောင်သူအကျိုးဆောင်အသင်း (FFA)ဥက္ကဋ္ဌ ဦးမြင့်အောင်က ပြောသည်။

ပွင့်ဖြူမြို့နယ်တောင်သူအကျိုးဆောင်အသင်း(FFA)အနေဖြင့် မြို့နယ်အတွင်း သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်စေရေး၊ အရည်အသွေးမြင့်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ထွက်ရှိလာသောသီးနှံများတွင် ထုတ်လုပ်သူရော စားသုံးသူပါ အစားအစာဘေးကင်းလုံခြုံရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရန် မြေဆီလွှာနှင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး စသည့် တောင်သူအကျိုးပြုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

# ပြည်မြို့နယ် အုတ်ဆွဲကျေးရွာ၌ မိုးရာသီ သီးပင်စားပင်များစိုက်ပျိုး



ပြည် ဇွန် ၂၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် အုတ်ဆွဲကျေးရွာရှိ ကျေးလက်ကုန်ထုတ်လမ်းဘေး ဝဲ၊ ယာ၌ ၂၀၂၅ ခုနှစ် မိုးရာသီ သီးပင်၊ စားပင်များစိုက်ပျိုးခြင်းကို ဇွန်လ ၂၂ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးငွေဇော်က မိုးရာသီတွင် သစ်ပင်စိုက်ပျိုးပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းနိုင်စေရန်၊ စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်ကောင်းနှင့် ကောင်းမွန်သည့်ရာသီဥတုကို လက်ဆင့်ကမ်းနိုင်စေရန်၊ အရိပ်အာဝါသများရရှိစေရန်၊ သီးပင်စားပင်များကို အလွယ်တကူစားသုံးနိုင်ရန်အတွက် နှစ်စဉ်မိုးရာသီတွင် သစ်ပင်စိုက်ပျိုးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးငွေဇော် ဦးဆောင်သောဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက သရက်ပင်၊ ကြောင်လျှာပင်၊ ပေါက်ပန်းဖြူပင်၊ သခွတ်ပင်၊ ဒန့်သလွန်ပင်၊ မဲဇလီပင် စသော သီးပင်စားပင် စုစုပေါင်း ၁၁၁ ပင်ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

ကိုနိုင်(ကျေးလက်)

# နိုင်ငံတော်နှင့်ပြည်သူများက အမှန်တကယ်အားထားရသော အင်ဂျင်နီယာ လူငယ်ကောင်းများဖြစ်စေရေးရည်မှန်းလျက် ကြိုးပမ်းဆောင်ရွက်



**နေပြည်တော် ဇွန် ၂၂**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဇွန်လ ၂၀ ရက် မွန်းလွဲပိုင်းက နည်းပညာတက္ကသိုလ်(မိတ္ထီလာ)သို့ ရောက်ရှိပြီး ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဝန်ထမ်းများကိုတွေ့ဆုံနှုတ်ဆက်၍ ပြုပြင်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လမ်းညွှန်ချက်များအတိုင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မန္တလေးငလျင်ကြီးဒဏ်ကြောင့် ပင်မသုံးထပ်စာသင်ဆောင်အပါအဝင်အဆောက်အအုံများ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သော်လည်း ငလျင်ကြီးဒဏ်မခံရသော အဆောက်အအုံများနှင့် သာမန်အသေးစားထိခိုက်မှုဖြစ်ပေါ်ခဲ့သော အဆောက်အအုံများတွင် Academic Calendar အတိုင်း သင်တန်းများကို ဖွင့်လှစ်နေမှုများနှင့် ကျောင်းသားများ ပုံမှန်အတိုင်းတက်ရောက်နေမှု၊ လက်တွေ့လုပ်ငန်းများလေ့ကျင့်ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး ကျောင်းသားများကို တွေ့ဆုံနှုတ်ဆက်ကာ လိုအပ်ချက်တင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံတော်နှင့်ပြည်သူများက အမှန်တကယ်အားထားရသော အင်ဂျင်နီယာလူငယ်ကောင်းများဖြစ်စေရေး ရည်မှန်းလျက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဒေသတွင်းစီးပွားရေးဇုန်နှင့် MSME များဖွံ့ဖြိုးရေး လိုအပ်ချက်နှင့်ကိုက်ညီသော ခေတ်မီနည်းပညာများကို ဖြည့်ဆည်းအသုံးချနိုင်ရေးအတွက် လက်တွေ့ကျသော သုတေသနများကို ဦးစားပေးဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကွန်ပျူတာတက္ကသိုလ် (မိတ္ထီလာ)သို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ ဒုတိယဝန်ကြီးက ပင်မစာသင်ဆောင်ရှိ သင်တန်းများတွင် Academic Calendar အတိုင်း သင်တန်းများကိုဖွင့်လှစ်နေမှုများနှင့် ကျောင်းသားများ ပုံမှန်အတိုင်းတက်ရောက်၍ စက်ခန်းများအသီးသီး၌ ကွန်ပျူတာများဖြင့် လေ့ကျင့်သင်ကြားနေမှုများကို ကြည့်ရှုအားပေးပြီး ကျောင်းသားများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ တိုးတက်ပြောင်းလဲမှု မြန်ဆန်လျက်ရှိသော နောက်ဆုံးပေါ် Digital Transformation ဆိုင်ရာ IT နည်းပညာအရွေ့နှုန်းတို့နှင့်အတူ လိုက်ပါနိုင်ရေးနှင့် ဗလငါးတန်နှင့်ပြည့်စုံ၍ ထူးချွန်ထက်မြက်သော နိုင်ငံ့အကျိုးပြုစွမ်းရည်မြင့် IT လူငယ်ပညာရှင်များဖြစ်စေရေး အလေးထားကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ




၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်မည့် (၃၈) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားအတွက် UNODC မှပေးပို့သည့်ဆောင်ပုဒ်




**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

**"မိုးဦးကျကာလတွင် ဖြစ်ပွားတတ်သော ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ပါ"**

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည် ကာလဝမ်းရောဂါပိုး (*Vibrio cholerae*) ပါဝင်နေသော မသန့်ရှင်းသောအစားအစာနှင့်သောက်သုံးရေတို့အား စားသောက်မိရာမှတစ်ဆင့် ကူးစက်တတ်သောရောဂါ ဖြစ်ပါသည်။ ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များလေ့ရှိပါသည်။

ကာလဝမ်းရောဂါပိုးပါဝင်သည့် ဝမ်း/အညစ်အကြေးများသည် ယင်နားခြင်း/ မသန့်ရှင်းသောလက် စသည်တို့မှတစ်ဆင့် အစားအစာ/သောက်သုံးရေများဆီသို့ရောက်ရှိခြင်း သို့မဟုတ် တိုက်ရိုက်ဝင်ရောက်ခြင်း (ဥပမာ - မိလ္လာပိုက်ပေါက်ခြင်း၊ အညစ်အကြေးမြေသြဇာအသုံးပြုခြင်း) တို့မှတစ်ဆင့် စားသောက်မိသူများအား ကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါဆက်လက်ကူးစက်စေပါသည်။

**ရောဂါလက္ခဏာများမှာ-**

အရည်ဝမ်းများစွာသွားခြင်း၊ ငါးညှီနံ့နံသော ဆန်ဆေးရေကဲ့သို့ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊ နှလုံးခုန်နှုန်း မြန်ခြင်း၊ အရေပြား၏ကျုံ့နိုင်ဆန့်နိုင်အားလျော့နည်းလာခြင်း၊ မျက်တွင်းချိုင့်ဝင်ခြင်း၊ ခံတွင်း/လျှာနှင့်နှုတ်ခမ်းများ ခြောက်သွေ့ခြင်း၊ ကြွက်တက်ခြင်း၊ သတိလစ်ခြင်းတို့ဖြစ်ပါသည်။

**ကြိုတင်ကာကွယ်နိုင်သောနည်းလမ်းများ-**

အစာမစားမီနှင့်အစားအစာမပြင်ဆင်မီအချိန်တိုင်း၊ အညစ်အကြေးနှင့်အမှိုက်သရိုက်များ ကိုင်တွယ်ပြီးချိန်တိုင်းနှင့် အိမ်သာမှဆင်းချိန်တိုင်းတို့တွင် ရေနှင့်ဆပ်ပြာကိုအသုံးပြု၍ လက်ကိုအနည်းဆုံးစက္ကန့်(၂၀)ကြာအောင် စနစ်တကျဆေးကြောပါ၊ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ၊ ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ၊ ကျိုချက်ထားသောရေ သို့မဟုတ် ရေသန့်ဆေးပြား ခတ်ထားသောရေ သို့မဟုတ် FDA အသိမှတ်ပြုထားသော သောက်ရေသန့်ကိုသာသောက်သုံးပါ၊ အစားအစာများကို ကျက်အောင်ချက်ပြုတ်ပြီးမှစားသုံးပါ၊ အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ထားပါ၊ ခြင်၊ ယင်တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ပါ။

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ(ကာလဝမ်းရောဂါ)ဖြစ်ပွားပါက အချိန်မီကုသမှုမခံယူလျှင် လျင်မြန်စွာအသက်ဆုံးရှုံးနိုင်သောကြောင့် နီးစပ်ရာကျန်းမာရေးဌာနများသို့ သွားရောက်ပြီး ထိရောက်သောကုသမှုခံယူရမည်ဖြစ်ပါသည်။

၂၀၂၅ခုနှစ်၊ မေလ

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

**"မိုးရာသီတွင် အဖြစ်များသည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ပါ"**


သွေးလွန်တုပ်ကွေးရောဂါသည် သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ပိုး (Dengue Virus) သယ်ဆောင်ထားသော နေ့အချိန်တွင်ကိုက်လေ့ရှိသည့် ခြင်ကျားအကိုက်ခံရခြင်းကြောင့် ဖြစ်ပွားပါသည်။ သွေးလွန်တုပ်ကွေးရောဂါသည် ကြိုတင်ကာကွယ်၍ရသောရောဂါဖြစ်ပါသည်။

မိုးရာသီတွင် ခြင်ကျားလောက်လမ်း အများဆုံးပေါက်ပွားခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါ အများဆုံးဖြစ်ပွားရခြင်း ဖြစ်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါသည် အသက်အရွယ်မရွေး၊ ကလေး/လူကြီးမရွေး၊ ကျား/မ မရွေး ဖြစ်ပွားနိုင်ပြီး အသက်(၁၅)နှစ်အထက် လူကြီးများတွင်ဖြစ်ပွားပါက သေဆုံးမှုနှုန်းမြင့်မားပါသည်။

ခြင်ကျားလောက်လမ်းသည် ရေကြည်ရေသန့်တွင် အဓိကပေါက်ပွားပြီး ခြင်ကျားပေါက်ပွားပုံအဆင့်ဆင့်ဖြစ်သည့် ( ဥ → ပိုးလောက်လမ်း → ပိုးရုပ်ဖုံး → သက်ကြီးကောင်) ဖြစ်စဉ်မှာ (၈) ရက်မှ (၁၀)ရက်ခန့်အထိ ကြာမြင့်ပါသည်။ ထို့ကြောင့် မိမိအိမ်၊ ကျောင်းနှင့် ပတ်ဝန်းကျင်တွင် (၁)ပတ်လျှင် အနည်းဆုံး တစ်ကြိမ် ခြင်ကျားလောက်လမ်း ရှာဖွေပြီး လောက်လမ်း ပေါက်ပွားမှု လုံးဝမရှိအောင် ဖုံး၊ သွန်၊ လဲ၊ စစ်၊ အိုးအတွင်းပိုင်းတိုက်ချွတ်စသဖြင့် ဆောင်ရွက်ရန်လိုအပ်ပါသည်။

ခြင်ကျားလောက်လမ်း မရှိလျှင် ခြင်ကျားပေါက်ပွားမှုလည်း မရှိသည့်အတွက် ခြင်ကျားကိုက်ခံရခြင်းကြောင့်ဖြစ်ပွားသော သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုလည်း လုံးဝရှိတော့မည် မဟုတ်ပါ။




၂၀၂၅ခုနှစ်၊ မေလ

# မြန်မာနှင့်ကုလသမဂ္ဂအကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများ ရင်းနှီးပွင့်လင်းစွာဆွေးနွေး



မန္တလေး ဇွန် ၂၂

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် ကုလသမဂ္ဂ Under-Secretary- General နှင့် ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုရုံး (United Nations Office for Project Services-UNOPS)မှ အမှုဆောင်ညွှန်ကြားရေးမှူး Mr.Jorge Manuel Lopes Moreira Da Silva ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနှင့်ကုလသမဂ္ဂအကြား လက်ရှိပူးပေါင်းဆောင်ရွက်နေမှုများ၊ UNOPS မှ စီမံခန့်ခွဲလျက်ရှိသည့် ရန်ပုံငွေများဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးနေမှုများနှင့် ဆက်လက်ဆောင်ရွက်ပေးသွားမည့်အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီးဝန်ကြီးများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

# နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(စစ်တွေ)ရှိ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ



စစ်တွေ ဇွန် ၂၂

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(စစ်တွေ)ရှိ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်း၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဖွံ့ဖြိုးရေးသင်တန်းကျောင်း (စစ်တွေ) ရှိ ကျောင်းသား၊ ကျောင်းသူများ၏ အိပ်ဆောင်များနှင့် သင်တန်းကျောင်းအတွင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိရေးဆောင်ရွက်ထားရှိမှုနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ထမင်းစားဆောင်၌ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ပေးအပ်ချီးမြှင့်သည့် ကျောင်းသား၊ ကျောင်းသူများအတွက် စားစရိတ်အပိုဆောင်းငွေများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက ကျောင်းသား၊ ကျောင်းသူများအတွက် မိုးကာအင်္ကျီများကိုလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က အထက်တန်းကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်စရိတ်ချီးမြှင့်ငွေများကိုလည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အလယ်တန်းကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်စရိတ်ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူ၍ ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မိုးစပါးနှင့် အခြားသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ရေဘေးကာကွယ်ရေးတာများ ကြံ့ခိုင်မှုရှိစေရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇွန် ၂၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်အေးနှင့် တာဝန်ရှိသူများသည် ဇွန်လ ၂၀ ရက် နံနက်ပိုင်းတွင် ဟင်္သာတမြို့နယ်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအောက်ရှိ ခရိုင်၊ မြို့နယ်တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက တာ/တမံများ တောင့်တင်းခိုင်မာစေရေး၊ ရေကြီးနစ်မြုပ်မှုလျှော့ချနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရေဘေးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ ပေါ့ဆမှုမရှိစေရေး၊ မိုးစပါးနှင့် အခြားသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေး၊ သီးထပ်စွမ်းအား တိုးမြှင့်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အထွက်နှုန်းကောင်းသောမျိုးစေ့များ ပြောင်းလဲအသုံးပြုနိုင်ရေးနှင့် အရည်အသွေးကောင်းသော သွင်းအားစုများသုံးစွဲနိုင်ရေး၊ ရိတ်သိမ်းခြွေလှေ့ရာတွင် အလေအလွင့်နည်းပါးနိုင်ရေးအတွက် စက်ယန္တရားများ စနစ်တကျအသုံးပြုနိုင်ရေးစသည့် စိုက်ပျိုးမွေးမြူရေးနှင့် ရေဘေးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များကိုဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဟင်္သာတခရိုင် ဇလွန်မြို့နယ် ဧရာဝတီ-ဟင်္သာတတာ တာမိုင် ၂၅/၂ ရှိတာတမံအခြေအနေ၊ မြစ်ရေတက်ရောက်မှုနှင့် ရေဘေးကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုအခြေအနေ၊ ဆန်တန်းရေကင်းစခန်းနှင့် ဧရာဝတီဟင်္သာတတာ တာတိုင် ၃၅/၅ နှင့် ၃၆/၄ ကြားရှိ တာတမံကြိုတင်ပြုပြင်ခြင်းလုပ်ငန်းများ သတ်မှတ်ပုံစံပြည့်မီမှု၊ ရေလွှတ်ပေါင်လုံလောက်မှုရှိ/မရှိ အခြေအနေတို့ကိုစစ်ဆေးကာ မိုးရာသီအတွင်း တာတမံများတွင်ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အရေးကြီးသည့်နေရာများတွင်စက်ယန္တရားကြီးများ အဆင်သင့်စီစဉ်ထားရှိကြရန်၊ အရေးပေါ်သုံးပစ္စည်းများ အဆင်သင့်စုဆောင်းထားကြရန်၊ ရေဘေးကာကွယ်ရေးတာများတွင် တာ/တမံ/ရေတံခါးများ၏ ကြံ့ခိုင်လုံခြုံမှုကိုထိခိုက်စေနိုင်သော အခြေအနေများဖြစ်ပေါ်နေမှုရှိ/မရှိ အထူးအလေးထားပြီး အသေးစိတ်စစ်ဆေးကြရန် ဆွေးနွေးမှာကြားပြီး ရေကင်းစောင့်ဝန်ထမ်းများကို အားပေးစကားပြောကြား၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ဧရာဝတီဟင်္သာတတာ အနေဖြင့် စုစုပေါင်း တာမိုင်အလျား အရှည် ၈၃ ဒသမ ၈၇ မိုင် ရှိ၍၊ ရေကင်းစခန်းများ စုစုပေါင်း ၂၂ ခုရှိပြီး ရေဘေးကာကွယ်ရေး ဧရိယာ ၃၃၉၃၈၁ ဧကကို ပုံမှန်တာလုပ်သားဝန်ထမ်းများအပြင် မိုးရာသီကာလတာလုပ်သားများပါခန့်အပ်၍ ရေဘေးအန္တရာယ်မှ အထူးအလေးထားကာကွယ်ထားရှိကြောင်း သိရသည်။ **မြဝတီ**

## နေရာကွက်၍ မိုးကြီးနိုင်

၂၃-၆-၂၀၂၅

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့်ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# ကျိုက်လတ်မြို့၌ စက်သုံးဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေး



ကျိုက်လတ် ဇွန် ၂၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်တွင် မြို့နယ်တရားမဝင်စက်သုံးဆီအရောင်းဆိုင်များ တားဆီးစစ်ဆေးရေးအဖွဲ့က ယနေ့နံနက်ပိုင်းတွင် မြို့ပေါ်ရပ်ကွက်များရှိ စက်သုံးဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများက တရားဝင်ဆီဆိုင်များမှ တရားမဝင်ဆီရောင်းဝယ်မှုများ စီးဆင်းမှုမရှိစေရေး၊ မှောင်ခိုဈေးကွက်မဖြစ်ပေါ်စေရေး၊ သတ်မှတ်ရည်ညွှန်းဈေးနှုန်းများအတိုင်း ရောင်းချစေရေး၊ ဈေးနှုန်းများ မြင့်တင်ရောင်းချပါက အပြစ်ပေးအရေးယူမှုများ ဆောင်ရွက်နိုင်ရေး၊ စက်သုံးဆီ ပြတ်လပ်မှုမရှိစေရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အလေးထားရန် လိုက်နာဆောင်ရွက်ရမည့်အချက်များအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **ကျိုက်လတ်(ပြန်/ဆက်)**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးမြို့ အမရပူရမြို့နယ်ရှိ သမိုင်းဝင်အောင်မြေ ရွှေကြက်ကျဆုတောင်းပြည့်မြတ်စွာဘုရားသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးများပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ကဥ္စဏမဟီရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် အန္တရာယ်ရှိအဆောက်အအုံများအား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းနေမှုအား ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၂၂**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ အမရပူရမြို့နယ်ရှိ သမိုင်းဝင်အောင်မြေ ရွှေကြက်ကျဆုတောင်းပြည့်မြတ်စွာဘုရားသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပြန်လည်ပြုပြင်နေမှုအခြေအနေအားလည်းကောင်း၊ ဂန္ဓကုဋ္ဌိတိုက်အမိုးများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများအားလည်းကောင်း၊ အပျက်အစီးများ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေမှုအခြေအနေများအားလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး အပျက်အစီးများအား ပြင်ဆင်ဆောင်ရွက်ရာတွင် ရှေးဟောင်းသမိုင်းဝင်ဘုရားများဖြစ်သည့်အတွက် ရှေးမူမပျက်ပြုပြင်ဆောင်ရွက်သွားကြရန်မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်ကွက်နှင့် ပြည်ကြီးမျက်ရှင်ရပ်ကွက်တို့ရှိ အန္တရာယ်ရှိအဆောက်အအုံများအား စက်ယန္တရားကြီးများအသုံးပြု၍ အပြီးသတ်ဖယ်ရှားရှင်းလင်းနေမှုအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန် မှာကြားပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ၂၂-၆-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၈၉၀,၀၀၀)** ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## အပြာရောင်အဆင့် ပြန်လည်နေထိုင်လျက်ရှိသော ဝန်ထမ်းအဆောင်များ အခြေအနေကို ဒုတိယဝန်ကြီး ဦးမြင့်စိုး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၂**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် အပြာရောင်အဆင့်သတ်မှတ်ချက်ဖြင့် ဝန်ထမ်းများပြန်လည်နေထိုင်လျက်ရှိသော ဝန်ထမ်းအဆောင်များ အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများနေထိုင်လျက်ရှိသည့် သဇင်(၁)အဆောင်(၆)သို့ သွားရောက်ပြီး နေထိုင်ရေးအဆင်ပြေမှုရှိ၊ မရှိနှင့်လျှပ်စစ်မီး၊ သောက်သုံးရေရရှိမှုတို့ကို စိစစ်မေးမြန်းပြီး လိုအပ်သည်များမှာကြားကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သမဝါယမဦးစီးဌာန ဝန်ထမ်းများနေထိုင်လျက်ရှိသော သဇင် (၄) အဆောင် (၇) နှင့် (၈) အခြေအနေကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနဝန်ထမ်းများ နေထိုင်လျက်ရှိသော သဇင် (၄) အဆောင် (၉)အခြေအနေကိုလည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများနေထိုင်လျက်ရှိသော သဇင် (၆) အဆောင် (၅) အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ အဆောင်ပတ်ဝန်းကျင်သန့်ရှင်းရေးကို ပုံမှန်ဆောင်ရွက်သွားကြရန်၊ သတ်မှတ်ထားသော အဆောင်စည်းကမ်းများနှင့်အညီ လိုက်နာနေထိုင်ရန်မှာကြား၍ ဦးစီးဌာနအလိုက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



မြဝတီ

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၂**

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသော တိုင်းဒေသကြီးနှင့် ပြည်နယ် ၆ ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၇၅၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၄၈ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၃၆ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

မြဝတီ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ငလျင်ဘေး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် ရေစီးရေလာကောင်းမွန်စေရေး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇွန် ၂၂

နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့ အမှတ် -၂ အခြေခံပညာအထက်တန်းကျောင်း စိုးမြင့်မိုရ်ခန်းမ၌ နေပြည်တော်ကောင်စီ၏ကြီးကြပ်မှုဖြင့် နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သွေးလွန်တုပ်ကွေးရောဂါ ပညာပေးဟောပြောခြင်းနှင့် လူထုလှုပ်ရှားမှုအသွင်ဖြင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဆွေဇင်ဝင်းက နေပြည်တော်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုအခြေအနေနှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြပြီး ပျဉ်းမနားမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမှတ်-၂ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက သရုပ်ပြတင်ဆက်ကပြခဲ့ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်သည့်ပြခန်းနှင့် လက်တွေ့ကွင်းဆင်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ရာဇသင်္ဂဟလမ်းနှင့်သပြေကုန်းအဝိုင်းသို့သွားရောက်၍ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သောလမ်းပိုင်းနှင့် မြေထိန်းနံရံများ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီး ပင်လောင်းလမ်းဆုံနှင့် အိုင်စောက်ကျေးရွာကြားလမ်းဘေးရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး Box Culvert နှင့် ရေထုတ်ပြွန်များတွင် အမှိုက်များပိတ်ဆို့မှုမရှိစေရေး ရှင်းလင်းဆောင်ရွက်ရန် မှာကြားသည်။



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားခန်းမသို့သွားရောက်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးပြိုင်ပွဲတွင် နေပြည်တော်ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့် တိုက်ကွမ်ဒိုအားကစားသမားများအား တွေ့ဆုံအားပေးစကားပြောကြားကာ ချီးမြှင့်ငွေနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ထွန်းလင်း(ဇေယျာမြေ)**

# ဟုမ္မလင်းခရိုင်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေနှင့် ဆန်၊ ဆီ ပေးအပ်




မုံရွာ ဇွန် ၂၂

မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းဖွင့်ပွဲနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ဟုမ္မလင်းခရိုင် စုပေါင်းရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခြင်း၏ အားသာချက်များကိုလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်သိန်းက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကျင်းပသွားမည့် အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး လက်ထောက်ညွှန်ကြားရေးမှူးက MEVM စက်အသုံးပြုပုံများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများသည် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဟုမ္မလင်းမြို့ ဆုတောင်းပြည့်စေတီတော်ကြီးဝင်းအတွင်းရှိ ဓမ္မဝိစယဗိမာန်တော်ကြီး၌ကျင်းပသည့် ဟုမ္မလင်းခရိုင်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ငွေနှင့် ဆန်၊ ဆီ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ယာယီနေရပ်စွန့်ခွာပြည်သူ ၅၈၅ ဦးအတွက် တစ်လစာထောက်ပံ့ငွေကျပ် ၂၉၂၅၀၀၀ နှင့် ဆန်၊ ဆီများအား ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာပြည်သူများထံ ဆန်၊ ဆီနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနမှ ထောက်ပံ့ပေးအပ်သည့် မိသားစုသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဟုမ္မလင်းမြို့ ပြည်သူ့ဆေးရုံကြီး၌ ဆေးရုံအုပ်ကြီး၊ ဆေးရုံဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဆေးရုံရှိဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများပေးအပ်ပြီး ဆေးကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများထံ အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၂˚c |
| ရန်ကုန် | ၂၅˚c | / | ၃၃˚c |
| မန္တလေး | ၂၇˚c | / | ၃၆˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

○ ကျောဖုံးမှအဆက်

ကောင်ကြီးအထိနာပြီး ပထမအချီတွင် အမှတ်စဉ်သုံးကြိမ်ရေတွက်ခံရကာ ဆက်လက်ယှဉ်ပြိုင်ထိုးသတ်နိုင်ခြင်းမရှိသည့်အတွက် အောင်သိုက်အနိုင်ရရှိသွားသည်။

ထို့အတူ ချစ်ရအောင်(Ray)နှင့် သက်မောင်(အင်းစိန်)တို့ပွဲတွင် ချစ်ရအောင်က သက်မောင်ကို တတိယအချီ၌လည်းကောင်း၊ ကျားမာန်ဟိန်း(Smart fight) နှင့် နေဘ်ဆန်း(သုံးခွ)တို့ပွဲတွင် ကျားမာန်ဟိန်းက နေဘ်ဆန်းကိုပထမအချီတွင်လည်းကောင်း၊ ရဲမိုက်တီး(MK 1)နှင့် ထက်ရန်နိုင်(ဟံသာဝတီ)တို့ပွဲတွင် ရဲမိုက်တီးက ထက်ရန်နိုင်ကို တတိယအချီတွင်လည်းကောင်း အလဲထိုး၍အသီးသီး အနိုင်ရရှိကြသည်။

အခြားပွဲစဉ်များဖြစ်သည့် ပနာအဲ(ရိုးရာကျား)နှင့် မိုက်ခဲလေး(Ray)၊ မင်းမြတ်ကို(တော်ဝင်ရော)နှင့် ခွန်မင်းမင်း(M.F.C)၊ အောင်ခန့်မင်း(555 mix sport )နှင့် မင်းထက်ကျော်(အဖြူရောင်သွေးသစ်)၊ ထက်မြက် (Holy Power) နှင့် ဘုန်းမြတ်သာ(Titanium)တို့ ပြိုင်ပွဲများတွင် သူတစ်ပြန် ကိုယ်တစ်ပြန် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသော်လည်း အနိုင်အရှုံးမပေါ်သည့်အတွက် အလူးအလဲဖြင့် ပူးတွဲသရေဖြင့်သာအဆုံးသတ်ခဲ့ကြသည်။

(၃၃)ကြိမ်မြောက် ဆီးဂိမ်းကစ်ဘောက်ဆင်လူရွေးပွဲ ခင်မိုးအေး(အဖွဲ့ချုပ်)နှင့် ဆက်ဆက်နိုင် (ဘားအံ)တို့ပြိုင်ပွဲတွင် ခင်မိုးအေးကလည်းကောင်း၊ မေသဉ္ဇာဦး (အဖွဲ့ချုပ်)နှင့်ငြိမ်းချမ်းရေးဆုလာဘ် (ဘားအံ)တို့ပြိုင်ပွဲတွင် မေသဉ္ဇာဦးကလည်းကောင်း ဒိုင်သုံးဦး၏ အမှတ်ဆုံးဖြတ်ချက်ဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြသည်။

ယနေ့ပြုလုပ်သည့် မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲသို့ မြန်မာနိုင်ငံအားကစားမီဒီယာများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဉာဏ်ထွန်းနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်မှအမှုဆောင်များ၊ မြန်မာနိုင်ငံ ကစ်ဘောက်ဆင် ဒုတိယဥက္ကဋ္ဌ ဦးဂဏ္ဍာနှင့်အမှုဆောင်များ၊ မြန်မာ့ရိုးရာလက်ဝှေ့ဝါသနာရှင်များ ကြည့်ရှုအားပေးခဲ့ကြကြောင်းနှင့် ယင်းပြိုင်ပွဲများကို လစဉ်ကျင်းပလျက်ရှိပြီး မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်က အဓိကကူညီ၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ပံ့ပိုးပေးထားကြောင်း သိရသည်။

**ဝန်းရံခ**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# 65,000 baskets of Theehtetyin paddy sent to Yangon market



KYAUNGGON June 22

"Merchants from Kyaunggon Township of Ayeyawady Region supplied 65,000 baskets of Theehtetyin paddy to Yangon market in May," said Daw Khin Khin Htay, the owner of rice and paddy trading in Kyaunggon Township.

In April of this year, up to 45,000 baskets of Theehtetyin variety of non-premium paddy were sold from Kyaunggon Township to the Yangon market. It is reported that in May this year, the amount increased to 65,000 baskets of the same paddy variety.

"In the past month alone, up to 65,000 baskets of Theehtetyin paddy have been sold to the Yangon market. Kyaunggon Township mainly exports agricultural produce, including rice, to Yangon. The rice variety called Theehtetyin belongs to the non-premium paddy group. Due to high demand from buyers in Yangon, export volumes have increased. There is currently a strong demand for rice in the local rice market," said Daw Khin Khin Htay, a rice trader from Kyaunggon Township.

It is also learned that the Theehtetyin paddy shipped from Kyaunggon to the Yangon market over the past month is being sold at a price of up to Ks-5.45 million per 100 baskets. As the paddy trade improves, farmers, traders, transport workers, and truck rental business owners are all benefiting from increased job opportunities.

**SK**

# Summer paddy harvested in Katha Township cent per cent



KATHA June 22

Statistics of Katha Township Agriculture Department stated that local farmers have so far harvested all sown acreage of summer paddy in Katha Township of Sagaing Region.

They could plant 11,079 acres of summer paddy in Katha Township. After harvesting the crops, summer paddy yielded 82.84 baskets per acre.

U Ko Lay, Head of Katha Township Agriculture Department, commented: "Local farmers planted 11,079 acres of summer paddy in Katha Township. So far, they have harvested all summer paddy plantations. Our department helped local farmers prevent pest, use agricultural techniques, minimize loss of crops and keep harvested paddy under shelter in time."

Agricultural staff of the township department distribute quality strains of crops and techniques for boosting per-acre yield of crops and conduct seminars of farmers as well as provide agricultural inputs in time.

Farmers have been urged to follow guidelines issued by the Agriculture Department on prevention of pests, fulfillment of soil nutrition and collection of quality seeds.

**SK**

# Maize and sweet corn cultivated in Myinmu Township

MYINMU June 22

According to statistics from the Sagaing District Agriculture Department, a total of 7,932 acres of maize and sweet corn have been cultivated during this year's winter crop season in Myinmu Township of Sagaing Region.

For the 2024-2025 winter cropping season, 8,539 acres were planned for maize and sweet corn cultivation, including 2,192 acres for maize and 6,347 acres for sweet corn. Planting began in October 2024, and as of today, a total of 2,177 acres of seed-producing maize and 5,755 acresof sweet corn, totalling 7,932 acres, have been cultivated.

"Myinmu Township has earmarked to cultivate 8,539 acres of seed-producing maize and sweet corn. As of today, a total of 7,932 acres have been completed against the target cultivation. Efforts are underway to reach the planned acreage. To ensure a successful maize harvest, we are providing knowledge-sharing sessions and guidance to prevent pest infestations," said Daw Thida Lwin, head of the Sagaing District Agriculture Department.

Moreover, the Myinmu Township Agriculture Department is conducting training sessions, field demonstrations, and preventive measures against pests like the fall armyworm. Farmers are being educated on integrated pest management, proper use of pesticides, and crop protection methods.In terms of yield and cost, the production of seed-producing maize is over 50 baskets per acre, with an estimated cost of Ks-500,000 per acre. Similarly, sweet corn yields 15,000 cobs per acre, with a cultivation cost exceeding Ks-500,000 per acre. **SMK**

# Farmers finish cultivation of more than 1,500 acres of green gram in Sagaing

SAGAING June 22

Statistics of Sagaing Township Agriculture Department of Sagaing Region mentioned that more than 1,500 acres of monsoon green gram has been planted in the township during this monsoon.

During the 2025–2026 monsoon crop season, it is planned to cultivate 45,194 acres of monsoon green gram in Sagaing Township. Planting began in May this year, and as of today, 1,531 acres have been planted.

"This year, over 45,000 acres of monsoon green gram are planned for cultivation in Sagaing Township during the monsoon crop season. So far, more than 1,500 acres have been planted. Efforts are being made to ensure that the full targeted acreage is achieved. Awareness programs are being carried out to encourage farmers to expand cultivation of green gram and to use quality, pure seeds to ensure good yields," said U Myo Thant Aung, head of the Sagaing Township Agriculture Department.

This year, the Township Agriculture Department is providing education and support to local green gram farmers in areas such as selecting high-quality, locally suitable, and pure seeds; using correct cultivation methods; pest prevention; proper use of fertilizers; and improving crop yields.

Additionally, during this year's monsoon crop season, in the cultivation of various types of pulses, collaboration with farmers is underway to ensure good yield and quality. This includes providing quality seeds, necessary inputs, and post-harvest techniques such as proper storage methods.

**SMK**

# State Administration Council
# Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Farmers complete harvest of monsoon paddy in Mawlaik Township

MAWLAIK June 22

Based on statistics of the Mawlaik District Department of Agriculture, the monsoon paddy planted during the monsoon cropping season has been fully harvested in Mawlaik Township of Sagaing Region.

This year, farmers in Mawlaik Township cultivated monsoon paddy across 18,960 acres of farmlands. Harvesting began in November 2024, and as of today, all 18,960 acres have been successfully harvested. The average yield was reported to be 83.65 baskets of paddy per acre.

"Mawlaik Township successfully cultivated monsoon paddy over 18,960 acres, and now the entire cultivated area has been fully harvested. We provided necessary technical support and quality seeds to ensure timely planting. Our team also worked closely with farmers to assist them throughout the growing season," said Daw Kywe Kywe Hlaing, Head of the Mawlaik District Agriculture Department.

To ensure smooth and systematic farming, local agricultural offices collaborated with farmers, providing technical assistance, pest control awareness, and disaster prevention measures. Efforts were also made to ensure harvested rice reached proper storage facilities in a timely manner.

Moreover, the Department of Agriculture and its staff implemented various agricultural techniques to maximize yield and crop quality. These included selecting high-quality seeds, preventing pest infestations, applying proper fertilization techniques, weeding and thinning practices, and ensuring the effective use of agricultural inputs.

With these efforts, the monsoon paddy fields in Mawlaik Township have seen a successful harvest, contributing to food security and farmer productivity in the region.

**SMK**

# Farmers finish cultivation of lima bean as cold season crop

YINMABIN June 22

Statistics of Yinmabin District Agriculture Department stated that a total of 3,893 acres of lima bean has been planted as cold season crops in Yinmabin District of Sagaing Region.

They planted 3,893 acres of lima bean exceeding the target of 3,885 acres, starting from October 2024.

Daw Myat Moe Win, Head of Yinmabin District Agriculture Department disclosed: "In Yinmaing District, during the winter crop planting season, a total of 3,885 acres of lima bean were earmarked to be cultivated. As of today, 3,893 acres have already been planted. It is possible to plant more than initially planned. Lima beans are typically planted only in the winter. The cultivation of lima bean has been very successful, as they provide good market prices, which is why they are trusted and widely planted."

In this regard, Yinmabin Township planted 859 acres of lima bean, Kani Township 2,827 acres and Pale Township 207 acres, totalling 3,893 acres.

In 2024-2025 season, Yinmabin Township earmarked 875 acres of lima bean, Kani Township 2,800 acres and Pale Township 210 acres, totalling 3,885 acres.

In Yinmabin District this year, local farmers have been cultivating groundnut crops separately, and some farmers have been growing the crops in mixed-cropping pattern to earn extra income. Farmers in the region, who grow various types of beans, are being supported by the relevant township agriculture departments to improve crop yields, cultivate better and more resilient varieties, and provide necessary technical assistance. Furthermore, they are being educated on the use of natural pesticides and timely harvesting methods to prevent pest and disease outbreaks.

**SK**

# Ngwetaung Beach from Hainggyikyun attracts more than 17,000 travellers

NGAPUTAW June 22

"A total of 17,566 travellers paid visits to Ngwetaung Beach of Hainggyikyun in Ngaputaw Township of Ayeyawady Region," said Daw Ni Ni Mar, the In-charge of the Ngaputaw Township Tourism Association.

"Ngwetaung Beach is located near the Myat Mautinsun Pagoda. Many tourists who came to pay homage to the pagoda extended their visit to relax at the beach. In the past month alone, 17,566 tourists visited Ngwetaung Beach. The influx was mainly due to the weekends and public holidays. We expect even more visitors when the weather becomes more favorable. Over the past month, there has been a noticeable increase in domestic travellers, including those from Yangon. Currently, many people are still visiting, and we are providing proper services to the tourists," said Daw Ni Ni Mar.

To ensure a smooth trip and a pleasant experience for the visitors, collaborative efforts are being made by tourism business owners, relevant authorities, and local residents. These efforts include maintaining cleanliness, providing systematic rest areas, and ensuring security and order.

**SK**

# US top brass comment on US strikes against Iran



WASHINGTON June 22

The US aerial strikes on Iran "obliterated" the country's "nuclear ambitions," US Secretary of Defence Pete Hegseth has claimed, adding that the operation itself "did not target Iranian troops or the Iranian people."

The Russian Foreign Ministry has condemned the attacks, calling for a diplomatic solution. "The irresponsible decision to subject the territory of a sovereign state to missile and bomb strikes, no matter what arguments are presented, is a gross violation of international law, the UN Charter, and UN Security Council resolutions, which has previously unequivocally classified such actions as unacceptable."

President Trump announced the first US strikes in a post on Truth Social on Saturday night, local time in Washington. "A full payload of BOMBS was dropped on the primary site, Fordow," Trump wrote, adding that other targets included Natanz and Esfahan.

In the same post and several follow-up messages, the US leader urged Tehran not to retaliate and to engage in talks, claiming it was now "time for peace."

Iranian Foreign Minister Seyed Abbas Araghchi has condemned the US airstrikes as a violation of all international treaties, stating that "Iran reserves all options to defend its sovereignty, interests, and people."

Tehran has previously warned Washington and other third parties against joining the conflict, threatening to target any hostile assets and weapons shipments bound for Israel. A spokesperson for Yemen's Houthis has also warned that if the US becomes involved, the group "will target its warships in the Red Sea."

**RT**

## US strikes on Iran reckless breach of sovereignty - Russian Foreign Ministry

MOSCOW June 22

The Russian Foreign Ministry condemned the US bombing of Iranian nuclear sites as a reckless move that violates the Islamic Republic's sovereignty, international law and the UN Charter.

"The reckless decision to bomb the territory of a sovereign state, whatever the arguments, runs counter to international law, the UN Charter, the UN Security Council Resolution," the ministry said.

It is of particular concern that the attack was carried out by a permanent member of the UN Security Council, the ministry said, adding that the UN's core body had to interfere.

"The UN Security Council should naturally take action. Confrontational behavior of the US and Israel has to be rejected collectively," the statement read.

"We call for an end of aggression and urge efforts that will create conditions for a return to a political and diplomatic path," the statement said.

The ministry also called on Rafael Grossi, the head of the International Atomic Energy Agency, to report impartially on the Iran attacks at the UN atomic agency's board of governors' meeting on Monday.

**Sputnik**

## Three dead, over 25 injured in bus accident in central Sri Lanka

COLOMBO June 22

Three people were killed and over 25 injured when a bus toppled down a precipice in Badulla, Sri Lanka's central Uva Province, on Saturday, police said.

According to local media, the injured were admitted to the Badulla Hospital. Police have launched an investigation to determine the cause of the accident.

In 2024, 2,541 deaths were recorded in Sri Lanka from 2,403 fatal road accidents, according to the police.

**Xinhua**

## Iran anticipated attack on Fordow nuclear site, evacuated it - Official

TEHRAN June 22

Iran expected an attack on the Fordow nuclear facility, so it was evacuated, there was no irreversible damage to the facility, Mehdi Mohammadi, an adviser to the chairman of the Iranian parliament, said.

"From Iran's point of view, nothing unsurprising happened. Iran has been expecting strikes on Fordow for several days. This nuclear facility was evacuated, no irreversible damage was sustained during today's attack," Mohammadi said on X.



Earlier, US President Donald Trump claimed the successful operation of the US army against Iran's nuclear facilities. Iran's Expediency Discernment Council member Mohsen Rezaei earlier said that Iran had moved all of its "enriched nuclear materials" to a safe location.

**Sputnik**

## Squall capsizes boat on California's Lake Tahoe, leaving six dead

SACRAMENTO June 22

A sudden squall overturned a pleasure craft on California's Lake Tahoe on Saturday afternoon, killing six adults, injuring two, and leaving two others missing, the U.S. Coast Guard and local authorities said.

The 27-foot (8 meters) gold-hulled Chris Craft rolled over near D. L. Bliss State Park at roughly 3 p.m. local time (2200 GMT) with 10 people aboard, according to Coast Guard District 11.

The El Dorado County Sheriff's Office began receiving 911 calls shortly before 5 p.m., and rescue teams from El Dorado County, California State Parks, and South Lake Tahoe Police recovered six bodies while ferrying two survivors to the hospital.

The weather shifted in minutes. Lake Tahoe weather station measured winds near 30 knots (about 56 kilometers per hour) and steep swells of 1.8 to 2.4 meters at the time the boat capsized, the Coast Guard said.

CBS Sacramento's meteorologists later recorded gusts of 64 to 72 kilometers per hour as the fast-moving storm cell pushed south across the lake, dropping temperatures and visibility.

More than a dozen divers, a helicopter, and a Coast Guard aircraft combed the glacier-fed waters until nightfall and will resume the search at first light Sunday.

Authorities have withheld the victims' names pending notification of relatives. Officials urged boaters who captured video of the storm to share footage with investigators.

The Coast Guard is investigating whether loading, life jacket use, or mechanical issues compounded the storm's force. Search teams plan to deploy side scan sonar on Sunday in waters that plunge to 460 meters just offshore.

Lake Tahoe, one of North America's deepest alpine lakes, can generate ocean-like conditions when sudden mountain squalls strike, officials warned.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 28 **must** and **can't**

A Study this example:




We use **must** to say that we believe something is certain:

- You've been travelling all day. You **must be** tired.
  (travelling is tiring and you've been travelling all day, so you **must** be tired)
- 'Joe is a hard worker.' 'Joe? You **must be joking**. He doesn't do anything.'
- Louise **must get** very bored in her job. She does the same thing every day.

We use **can't** to say that we believe something is not possible:

- You've just had lunch. You **can't be** hungry already.
  (we don't expect people to be hungry immediately aft er a meal)
- They haven't lived here for very long. They **can't know** many people.

The structure is:

| | | |
|---|---|---|
| you/she/they (etc.) | **must** **can't** | **be** (tired / hungry / at work etc.) **be -ing** (doing / going / joking etc.) **get / know / have** etc. |

B Study this example:




Martin and Lucy expected their friends to be at home.
They rang the doorbell twice, but nobody has answered. Lucy says:
They **must have gone** out.
(= there is no other possibility)

For the past we use **must have** … and **can't have** … :

- I lost one of my gloves. I **must have dropped** it somewhere.
  (that's the only explanation I can think of)
- 'We used to live very near the motorway.' 'Did you? It **must have been** noisy.'
- Sarah hasn't contacted me. She **can't have got** my message.
- Max walked into a wall. He **can't have been looking** where he was going.

The structure is:

| | | | |
|---|---|---|---|
| I/you/he (etc.) | **must** **can't** | **have** | **been** (asleep / at work etc.) **been -ing** (doing / looking etc.) **gone / got / known** etc. |

You can use **couldn't have** instead of **can't have**:

- Sarah **couldn't have got** my message.
- Max **couldn't have been looking** where he was going.

**Raymond Murphy**

# B-2 ဗုံးကြဲလေယာဉ်များ၊ GBU ဗုံးများ၊ Tomahawk ဒုံးကျည်များဖြင့် အစ္စရေး-အီရန်စစ်ပွဲထဲကိုဝင်လာတဲ့ အမေရိကန်

ထက်မြတ်

ဇွန်လ ၂၂ ရက်မှာ အမေရိကန်သတင်းဌာနတစ်ခုဖြစ်တဲ့ CNN သတင်းဌာနက သတင်းတစ်ပုဒ်ကိုထုတ်ပြန်ကြေညာလိုက်ပါတယ်။ အဲဒီသတင်းကတော့ အမေရိကန်ပြည်ထောင်စုအနေနဲ့ အီရန်ရဲ့ နျူကလီးယားအခြေခံအဆောက်အဦတွေကို ပစ်မှတ်ထားပြီး တိကျစွာပစ်ခတ်တိုက်ခိုက်ခြင်းအားဖြင့် အစ္စရေး-အီရန်စစ်ပွဲထဲကို ဝင်ရောက်လိုက်ပြီဆိုတဲ့သတင်းပါပဲ။ အတိအကျဆိုရရင် အမေရိကန်ကအီရန်အပေါ်ကို ပူးပေါင်းတိုက်ခိုက်မှုလုပ်လိုက်တာပဲဖြစ်ပါတယ်။



အဲဒီပူးပေါင်းတိုက်ခိုက်မှုမှာ B-2 Spirit အမျိုးအစားကိုယ်ပျောက်ဗုံးကြဲလေယာဉ်ခြောက်စင်း၊ Ohio အတန်းအစား ပဲ့ထိန်းဒုံးကျည်တင် ရေငုပ်သင်္ဘောတစ်စင်းတို့ပါဝင်ပါတယ်။ သူတို့အသုံးပြုခဲ့တဲ့ခဲယမ်းတွေကတော့ GBU-57A/B Massive Ordnance Penetrator အမျိုးအစားဗုံးများနဲ့ Tomahawk အမျိုးအစားအနိမ့်ပျံဒုံးကျည်များဖြစ်ပါတယ်။ GBU-57A/B ဆိုတာ တစ်နည်းပြောရရင် ဘန်ကာဖျက်ဗုံးများဖြစ်ပါတယ်။ ဒါကြောင့် အမေရိကန်ဟာ GBU-57A/B ဘန်ကာဖျက်ဗုံးများကို ပထမဆုံးအကြိမ်ထုတ်သုံးပြီး အရှေ့အလယ်ပိုင်းဒေသမှာ တင်းမာမှုများပိုမိုမြင့်တက်လာအောင် ဖန်တီးလာတယ်လို့ဆိုရမှာပါ။

ဒီစစ်ပွဲထဲ အမေရိကန်ပါဝင်လာမှုအတွက် အဓိကအကျဆုံးသောတိုက်ခိုက်ရေးအင်အားစုက B-2 Spirit အမျိုးအစား ကိုယ်ပျောက်ဗုံးကြဲလေယာဉ်ခြောက်စင်းဖြစ်ပါတယ်။ အဲဒီဗုံးကြဲလေယာဉ်များဟာ လုံခြုံရေးအလွန်တင်းကျပ်လှတဲ့ လေတပ်စခန်းတစ်ခုစီကနေထွက်ခွာလာတာပါ။ ပြီးတဲ့အခါ အီရန်လေပိုင်နက်ထဲဝင်လာပြီး GBU-57A/B ဘန်ကာဖျက်ဗုံး ၁၂ လုံးကို ဖော်ဒိုးယူရေနီယံသန့်စင်ရေးစက်ရုံဆီကြဲချလိုက်တာဖြစ်ပါတယ်။ အဲဒီစက်ရုံကို မြေအောက်အနက် မီတာ ၈၀ မှ ၁၀၀ အတွင်းမှာတည်ဆောက်ထားတာဖြစ်ပြီး အပေါ်မှာတော့ကျောက်နဲ့သံကူကွန်ကရစ်တို့ပေါင်းစပ်ထားတဲ့ထုထည်ကြီးရှိတယ်လို့ဆိုပါတယ်။ အဲဒီထက်လည်းပိုနိုင်ပါတယ်။

GBU-57A/B ဆိုတဲ့ ဗုံးအမျိုးအစားကလည်း နျူကလီးယားမဟုတ်တဲ့ ဖျက်အားအပြင်းဆုံးဗုံးတစ်လုံးဖြစ်ပါတယ်။ အမေရိကန်တို့တီထွင်ထားတဲ့ ခဲယမ်းတွေထဲမှာပေါ့။ သူ့ရဲ့အလေးချိန်က ပေါင်ချိန် ၃၀၀၀၀ အထိရှိပြီး ထုထဲမာကျောတဲ့သံမဏိကိုယ်ထည်ကိုအသုံးပြုထားတာပါ။ ဒ့ါအပြင် မာကျောတဲ့ အဆောက်အအုံတွေထဲကို နက်ရှိုင်းစွာတိုးဝင်သွားပြီး အတွင်းမှာပေါက်ကွဲမှုဖြစ်စေနိုင်ဖို့အတွက် အဆင့်မြင့်စနက်တံကိုတပ်ဆင်ထားတာဖြစ်ပါတယ်။ သူ့ကို GPS စနစ်၊ ရွေ့လျားမှုဆိုင်ရာလမ်းညွှန်စနစ်တို့ပေါင်းစပ်အသုံးပြုထားတဲ့ ပဲ့ထိန်းစနစ်အသုံးပြုပေးထားတာဖြစ်ပါတယ်။ ဒါကြောင့် သူ့ရဲ့တိကျမှုအဝန်းက ၅ မီတာပတ်လည်ရှိပြီး အခိုင်အမာကိုတည်ဆောက်ထားပါတယ်ဆိုတဲ့ မြေအောက်အဆောက်အအုံတွေက သူ့ရဲ့တိုက်ခိုက်မှုအောက်မှာ ပျက်စီးသွားကြရတာဖြစ်ပါတယ်။

B-2 Spirit ဆိုတဲ့လေယာဉ်ကလည်း GBU-57 ဗုံးသီးတွေကိုသယ်ဆောင်နိုင်တဲ့ တစ်ခုတည်းသောလေယာဉ်အမျိုးအစားဖြစ်ပါတယ်။ သူက တာဝေးပြေးကိုယ်ပျောက်ဗုံးကြဲလေယာဉ်ဖြစ်ပြီး တင်းကျပ်စွာကာကွယ်ထားတဲ့ လေကြောင်းရန်ကာကွယ်ရေးစနစ်ထဲကို တိတ်တဆိတ်ထိုးဖောက်ဝင်ရောက်ပြီး ရည်မှန်းချက်တာဝန်ကို ထမ်းဆောင်နိုင်စေဖို့ဒီဇိုင်းဆွဲထားတာပါ။ တောင်ပံအလျားက ၁၇၂ ပေနဲ့ ထွက်ခွာစဉ်တင်ဆောင်နိုင်တဲ့ အများဆုံးအလေးချိန်က ပေါင်ချိန် ၃၇၆၀၀၀ နီးပါးရှိပါတယ်။ General Electric ကုမ္ပဏီကထုတ်လုပ်ထားတဲ့ F118-GE-100 အင်ဂျင်လေးလုံးတပ် B-2 Spirit ဗုံးကြဲလေယာဉ်က ရေဒါကိုစုပ်ယူနိုင်စွမ်းရှိတဲ့ ကိုယ်ထည်နဲ့အတူ ပျံသန်းစဉ်တောင်ပံတွေက ရေဒါပုံရိပ်ဖော်မှုကိုအနိမ့်ဆုံးအထိလျှော့ချပေးနိုင်ပါတယ်။ B-2 Spirit ရဲ့တိုက်ပွဲဝင်နိုင်တဲ့အကွာအဝေးက မိုင်ပေါင်း ၃၅၀၀ အထိရှိတာပါ။ ဒါတောင်မှ လေယာဉ်ဆီထပ်မဖြည့်ဘဲ သွားနိုင်တဲ့အကွာအဝေးဖြစ်ပါတယ်။ ဝေဟင်ဆီဖြည့်လေယာဉ်ကြီးတွေရဲ့အကူအညီသာယူလိုက်ရင် သူ့ရဲ့စစ်ဆင်နိုင်တဲ့အကွာအဝေးက ကမ္ဘာကိုတောင်ပတ်လို့ရလောက်ပါတယ်။

တစ်ချိန်တည်းမှာပဲ အမေရိကန်ရေတပ်မှနျူကလီးယားစွမ်းအင်အသုံးပြု ပဲ့ထိန်းဒုံးကျည်တင်ရေငုပ်သင်္ဘောဖြစ်တဲ့ Ohio အတန်းအစား USS Georgia ရေငုပ်သင်္ဘောက BGM-109 Tomahawk မြေပြင်တိုက်ခိုက်ရေး ဒုံးကျည်အစင်းပေါင်း ၃၀ ကို တည်နေရာအတိအကျမဖော်ပြထားတဲ့နေရာကနေ အီရန်နိုင်ငံအတွင်းရှိ နာတန့်နဲ့အက်စဖာဟန်နျူကလီးယားအဆောက်အအုံနေရာများနဲ့ အခြားပစ်မှတ်နေရာများဆီပစ်လွှတ်လိုက်ပါတယ်။ ရေငုပ်သင်္ဘောရဲ့တည်နေရာကို မဖော်ပြထားပေမယ့်လည်းအဖြစ်နိုင်ဆုံးနေရာများက အာရေဘီယံပင်လယ်နဲ့ အိုမန်ပင်လယ်ကွေ့တို့မှဖြစ်နိုင်ပါတယ်။ USS Georgia ဆိုတာ သမားရိုးကျတိုက်ခိုက်မှုများကိုလုပ်ဆောင်နိုင်စေဖို့အတွက်သာမက အထူးစစ်ဆင်ရေးများမှာပါ အထောက်အကူပြုနိုင်စေဖို့ ဒီဇိုင်းရေးဆွဲထားတာဖြစ်ပါတယ်။

အဲဒီသင်္ဘောတွေမှာ နျူကလီးယားဒုံးကျည်များကိုပစ်လွှတ်ဖို့ ဒုံးပစ်ပေါက်များပါဝင်ပါတယ်။ ဒါပေမဲ့ အဲဒါတွေကိုဖယ်ရှားပြီး ဒေါင်လိုက်ဒုံးပစ်ပေါက်များတပ်ဆင်လိုက်မယ်ဆိုရင် Tomahawk ဒုံးကျည်စုစုပေါင်း ၁၅၄ စင်းအထိ တင်ဆောင်ပစ်လွှတ်နိုင်မှာဖြစ်ပါတယ်။ Ohio အတန်းအစား ပဲ့ထိန်းဒုံးကျည်တင် ရေငုပ်သင်္ဘောက အလျားပေ ၅၆၀ နဲ့ တန်ချိန် ၁၈၀၀၀ ရှိပြီး နျူကလီးယားစွမ်းအင်သုံးအင်ဂျင်ကို အသုံးပြုထားတာကြောင့် ရေအောက်ထဲမှာအချိန်ကန့်သတ်ချက်မရှိ ငုပ်လျှိုးကာသွားလာနေနိုင်စွမ်းရှိပါတယ်။ အထူးတပ်ဖွဲ့ဝင်များအပါအဝင် စစ်သည်စုစုပေါင်း ၁၆၀ အထိတင်ဆောင်နိုင်ကာ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်အဖြစ်လည်း တာဝန်ထမ်းဆောင်နိုင်တဲ့ အဲဒီရေငုပ်သင်္ဘောများဟာ အသံထွက်ရှိမှုနိမ့်ပါးလှတာကြောင့် အမေရိကန်ရေတပ်မှာရှိတဲ့ ကိုယ်ပျောက်စစ်ရေယာဉ်များအနက် အထင်ရှားဆုံးစစ်ရေယာဉ်များဖြစ်ပါတယ်။

အဲဒီရေငုပ်သင်္ဘောများကနေပစ်လွှတ်လိုက်တဲ့ Tomahawk ဒုံးကျည်များက တစ်စင်းကိုအလေးချိန်ပေါင် ၃၅၀၀၊ အလျား ၁၈ ဒသမ ၂၅ ပေရှိကာ အကွာအဝေးအားဖြင့် မိုင်ပေါင်း ၉၃၀ မှာရှိတဲ့ပစ်မှတ်ကိုပင် ထိမှန်နိုင်စွမ်းရှိပါတယ်။ သူ့မှာတပ်ဆင်ထားတဲ့ထိပ်ဖူးက ပေါင်ချိန် ၁၀၀၀ ရှိပြီး ထိပ်ဖူးကတစ်လုံးတည်းဖြစ်ပါတယ်။ သူ့စွမ်းဆောင်ရည်က အနိမ့်ပျံဒုံးကျည်လို့ဆိုထားတဲ့အတိုင်း မြေမျက်နှာပြင်အနိမ့်ပိုင်းကနေပျံသန်းတာဖြစ်တာကြောင့် တန်ဖိုးအားဖြင့်ကြီးမားလှတဲ့မြေပြင်ပစ်မှတ်များကို ထိရောက်မှုရှိစွာတိုက်ခိုက်နိုင်စေတာဖြစ်ပါတယ်။

အခုစစ်ဆင်ရေးမှာ လေကြောင်းအကူအညီအနေနဲ့ EA-18G Growler အီလက်ထရွန်နစ်စစ်ဆင်ရေးလေယာဉ်လိုမျိုး အထောက်အကူပေးလေယာဉ်တွေလည်းပါဝင်ပါတယ်။ EA-18G Growler ရဲ့စွမ်းရည်က ရန်သူရဲ့လေကြောင်းရန်ကာကွယ်ရေးစနစ်များကို သက်မဲ့ဖြစ်သွားအောင်လုပ်နိုင်စွမ်းရှိတာဖြစ်ပါတယ်။ ဒီလိုနည်းနဲ့ အီရန်ရဲ့ရေဒါနဲ့ဆက်သွယ်ရေးစနစ်များကို နှောင့်ယှက်ဟန့်တားလိုက်နိုင်တာဖြစ်ပါတယ်။ ကင်းထောက်၊ အကဲခတ်ကြည့်၊ ထောက်လှမ်းရေးစနစ်များအတွက်ကိုတော့ RQ-4 Global Hawk ဒရုန်းများနဲ့ RC-135 Rivet Joint လေယာဉ်များကို အသုံးပြုရပါတယ်။ အဲဒီစနစ်တွေက ပစ်မှတ်ကိုချိန်ရွယ်မှုအတွက်အချက်အလက်တွေသာမက တိုက်ခိုက်ပြီးနောက် တိုက်ပွဲထိခိုက်မှုဆန်းစစ်ချက်တွေကို အချိန်နဲ့တစ်ပြေးညီထောက်ပံ့ပေးနိုင်ပါတယ်။

ဒါကြောင့် အမေရိကန်တပ်မတော်က အခုစစ်ဆင်ရေးမှာ ပူးပေါင်းတိုက်ခိုက်မှုလုပ်သွားတာဖြစ်တယ်လို့ပြောခဲ့တဲ့အတိုင်း အရင်ဆုံးအီရန်ရဲ့လေကြောင်းရန်ကာကွယ်ရေးစနစ်များကို သက်မဲ့ဖြစ်သွားစေအောင်လုပ်ပါတယ်။ ပြီးတဲ့အခါ ကင်းထောက်၊ အကဲကြည့်၊ ထောက်လှမ်းမှုတွေလုပ်ပါတယ်။ အချက်အလက်တွေရရှိပြီးချိန်မှာ B-2 Spirit ဗုံးကြဲလေယာဉ်များက ဖျက်အားပြင်း GBU-57 ဗုံးများကိုကြဲချသလို တစ်ချိန်တည်းမှာပဲ ရေငုပ်သင်္ဘောကနေ Tomahawk ဒုံးကျည်အစင်း ၃၀ နဲ့မတူညီတဲ့ပစ်မှတ်များကို တစ်ပြိုင်နက်တည်းပစ်ခတ်လိုက်တာဖြစ်ပါတယ်။ ဒါပေမဲ့အခုလုပ်ခဲ့တဲ့တိုက်ခိုက်မှုအတွက် ထိရောက်မှုပမာဏဘယ်လောက်အထိရှိတယ်ဆိုတာကိုတော့ အတိအကျမသိရသေးပါဘူး။

အီရန်က သူ့ရဲ့အရေးကြီးတဲ့စစ်လက်နက်ပစ္စည်းတွေ၊ ယူရေနီယံသန့်စင်စက်ရုံတွေကို နက်ရှိုင်းလှတဲ့ မြေအောက်အနက်ထဲမှာ ထားရှိထားတာဖြစ်တာကြောင့် အခုတိုက်ခိုက်မှုမှာ အီရန်ကဘယ်လောက်အတိုင်းအတာအထိ ဆုံးရှုံးမှုဖြစ်သွားတယ်ဆိုတာကို အတိအကျမသိရတာဖြစ်ပါတယ်။ အီရန်နိုင်ငံရဲ့တာဝန်ရှိသူတချို့က သူတို့အနေနဲ့ အမေရိကန်က ဝင်ရောက်တိုက်ခိုက်မှာကို ကြိုသိနေတဲ့အတွက် ဖော်ဒိုးယူရေနီယံသန့်စင်စက်ရုံကို ဘေးကင်းရာဆီရွှေ့ပြောင်းထားတာကြောင့် ဘယ်လိုဆုံးရှုံးမှုကြီးကြီးမားမားမှမရှိဘူးလို့ဆိုထားပါတယ်၊ တစ်ချိန်တည်းမှာပဲ အစ္စရေးဘက်ကို အီရန်ကဒုံးကျည်များစွာနဲ့ပစ်ခတ်လိုက်တာတွေ့ရပါတယ်။

မည်သို့ပင်ဆိုစေကာမူ အစ္စရေးနဲ့အီရန်တို့ဖြစ်တဲ့ပြဿနာမှာ အမေရိကန်ဟာ မူလကအစ္စရေးဘက်ကနေပြီး နောက်ကွယ်ကနေပါဝင်ခဲ့ပေမယ့် အခုတော့သူကိုယ်တိုင်ပဲ သမိုင်းမှာတစ်ခါမှမသုံးဖူးတဲ့ဗုံးကို ပထမဆုံးအကြိမ်ထုတ်သုံးပြီး အီရန်ကိုတိုက်ခိုက်ခြင်းအားဖြင့် အစ္စရေး-အီရန်စစ်ပွဲထဲကို တိုက်ရိုက်ဝင်ပါလာတာဖြစ်ပါတယ်။ ဒီလိုဝင်ပါမှုကြောင့် နဂိုကတည်းကမှ မတည်မငြိမ်ဖြစ်နေရတဲ့ အရှေ့အလယ်ပိုင်းဒေသတင်းမာမှုများက အခုထက်ပိုပြီးမြင့်တက်လာမှာအသေအချာပါပဲ။ ။

Ref: AR

# အမေရိကန်က အီရန်နျူကလီးယားအဆောက်အအုံများကိုတိုက်ခိုက် အီရန်ဘက်ကလည်း လက်တုံ့ပြန်မည်ဟုထုတ်ပြန်

**ဝါရှင်တန်၊ စစ်ရေး**

အမေရိကန်က အီရန်၏နျူကလီးယား အဆောက်အအုံသုံးခုကိုတိုက်ခိုက်လိုက် ပြီးနောက် အီရန်ဘက်ကလည်း လက်တုံ့ပြန်မည်ဟုထုတ်ပြန်ထားကြောင်းသိရ သည်။

အမေရိကန်တပ်မတော်သည် တာဝေး သွား B2 အမျိုးအစားကိုယ်ပျောက်ဗုံးကြဲ လေယာဉ်များအသုံးပြု၍ အီရန်နိုင်ငံ၏ အထင်ကရ နျူကလီးယားအဆောက် အအုံများဖြစ်သော ဖော်ဒိုး၊ နာတန့်နှင့် အက်စဖဟန်နေရာတို့ကို တိုက်ခိုက်ခဲ့ခြင်း ဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ် ထရမ့်က ဇွန်လ ၂၁ ရက်တွင်ပြောသည်။

ထို့နောက် ထရမ့်က အီရန်နိုင်ငံအနေ ဖြင့် ယခုအချိန်တွင် ငြိမ်းချမ်းရေးကိုလက် ခံရတော့မည်ဖြစ်ကြောင်း၊ လက်မခံပါက ယခုတိုက်ခိုက်မှုထက် ပိုမိုဆိုးဝါးသည့် တိုက်ခိုက်မှုများနှင့် ရင်ဆိုင်ရစေမည်ဖြစ် ကြောင်း နိုင်ငံတော်မိန့်ခွန်းတွင်ပြောထား သည်။

တစ်ချိန်တည်းမှာပင် အမေရိကန်၏ တိုက်ခိုက်မှုသည် ကုလသမဂ္ဂပဋိညာဉ်စာ ချုပ်ကို ပြောင်ပြောင်တင်းတင်းချိုးဖောက် ခြင်းဖြစ်ကြောင်း၊ ယင်းသို့တိုက်ခိုက်ခြင်း ကြောင့် အမေရိကန်အနေဖြင့် အဆုံးမဲ့ အကျိုးဆက်များကို ခံစားရစေမည်ဖြစ် ကြောင်း အီရန်အစိုးရက ဇွန်လ ၂၂ ရက် တွင်ပြောသည်။

ထို့ပြင် အမေရိကန်ဘက်က ယခုကဲ့သို့ တိုက်ခိုက်လာမည်ကို ကြိုတင်မျှော်တွေး ထားကြောင်း၊ ယင်းအတွက်ကြောင့် အဆိုပါ နေရာများကို ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ထားပြီးဖြစ်ကြောင်း၊ သန့်စင် ပြီးယူရေနီယံများကို ဘေးကင်းရာနေ ရာသို့ရွှေ့ပြောင်းပေးထားပြီးဖြစ်ကြောင်း၊ ပြန်မရနိုင်သော မည်သည့်ဆုံးရှုံးမှုမျှမရှိ ကြောင်းနှင့် ယခုတိုက်ခိုက်မှုနှင့်ပတ်သက် ၍ အံ့သြမှုစိုးစဉ်းမျှမဖြစ်ကြောင်း အီရန် လွှတ်တော်ဥက္ကဋ္ဌ၏အကြံပေး မက်ဒီမိုဟာ မက်ဒီကပြောထားသည်ဟုသိရသည်။

Ref: Xinhua, Sputnik




# ကမ္ဘောဒီးယားက ထိုင်းနှင့်နယ်စပ်ဂိတ်နှစ်ခုကိုထပ်ပိတ်

**ဖနွမ်းပင်၊ ဆက်ဆံရေး**

ကမ္ဘောဒီးယားနိုင်ငံသည် ထိုင်းနိုင်ငံနှင့် ဆက်စပ်လျက်ရှိသည့် နယ်စပ်ဂိတ်နှစ်ခု ကိုထပ်ပိတ်လိုက်ပြီဖြစ်ကြောင်း ကမ္ဘော ဒီးယားဝန်ကြီးချုပ် ဟွန်မာနက်က ဇွန်လ ၂၂ ရက်တွင်ပြောသည်။



ထိုင်းတပ်မတော်သည် ကမ္ဘောဒီးယား အုတ်ဒါမင်းချေးပြည်နယ်အုပ်ချုပ်ရေးမှူး ထံသို့ ဇွန်လ ၂၁ ရက်ညပိုင်းတွင် ၎င်းတို့ ၏တစ်ဖက်သက်ဆုံးဖြတ်ချက်ဖြစ်သော ချောက်ကော်ကီနယ်စပ်ဂိတ်ကို ဇွန်လ ၂၂ ရက်မှစ၍ပိတ်မည်ဟု အကြောင်းကြား လာကြောင်း ဟွန်မာနက်ကပြောသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံအနေ ဖြင့် ယင်းနယ်စပ်ဂိတ်အပြင် ချိုအမ်နယ် စပ်ဂိတ်ကိုလည်း အမြဲတမ်းပိတ်သွားမည် ဖြစ်ကြောင်း၊ ထိုအကြောင်းကိုလည်း ထိုင်း နိုင်ငံဘက်သို့အကြောင်းကြားရန် ပြည် နယ်အုပ်ချုပ်ရေးမှူးကို ညွှန်ကြားထား ကြောင်း ဟွန်မာနက်ကဆက်ပြောသည်။

တစ်ချိန်တည်းမှာပင် ထိုင်းနိုင်ငံဘက် ကလည်း ကမ္ဘောဒီးယား၏လုပ်ဆောင် ချက်ကိုတုံ့ပြန်သည့်အနေဖြင့် နောက်ထပ် နယ်စပ်ဂိတ်နှစ်ခုကိုပိတ်သွားရန်ပြင်ဆင် နေကြောင်း ထိုင်းတပ်မတော်ကထုတ်ပြန် ထားသည်။

Ref: Xinhua

# ဥရောပတစ်ဝန်း၌ ပါလက်စတိုင်းထောက်ခံဆန္ဒပြမှုများဖြစ်ပွား

**လန်ဒန်၊ နိုင်ငံရေး**

ဥရောပဒေသတစ်ဝန်း၌ ဇွန်လ ၂၁ ရက် တွင် ပါလက်စတိုင်းထောက်ခံဆန္ဒပြမှု များဖြစ်ပွားကြောင်းနှင့် ဆန္ဒပြသူထောင် ပေါင်းများစွာပါဝင်ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံလန်ဒန်မြို့တွင် ဆန္ဒပြသူ ထောင်ပေါင်းများစွာသည် ပါလက်စတိုင်း အလံများကို ကိုင်ဆောင်ဝှေ့ရမ်းကာ ချီတက်ဆန္ဒပြခြင်းဖြစ်ကြောင်းနှင့် ဂါဇာစစ် ပွဲကိုရပ်တန့်ရန်တောင်းဆိုကြောင်းတွေ့ ရသည်။

ထို့အတူ ဂျာမနီနိုင်ငံဘာလင်မြို့လယ် ၌ ဆန္ဒပြသူ ၁၀၀၀၀ ကျော်သည် ဂါဇာ ကိုထောက်ခံသည့် ဆန္ဒပြမှုများလုပ်သည်။ ဆွစ်ဇာလန်နိုင်ငံတွင်လည်း ဆန္ဒပြသူစုစု ပေါင်း ၂၀၀၀၀ ခန့်က လွှတ်တော်ရှေ့၌ စုရုံး၍ ဂါဇာတွင်အပစ်အခတ်ရပ်စဲရေးကို တောင်းဆိုကြောင်းသိရသည်။

Ref: BP

## သတင်းတိုကဏ္ဍ

# ထရမ့်က အီရန်ကိုတိုက်ခိုက်ခြင်းဖြင့် စစ်ပွဲအသစ်ကိုစတင်လိုက်ပြီဟု မက်ဗီဒက်ပြော

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က အီရန်ကိုတိုက်ခိုက်ခြင်းဖြင့် စစ်ပွဲအသစ် ကိုစတင်လိုက်ပြီဖြစ်ကြောင်း ရုရှားလုံခြုံ ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒီမီထရီမက် ဗီဒက်က ဇွန်လ ၂၂ ရက်တွင်ပြောသည်။

"ငြိမ်းချမ်းရေးဆောင်ကြဉ်းသူသမ္မတ အဖြစ် တာဝန်ယူရန်ရောက်ရှိလာတဲ့ ဒေါ်နယ်ထရမ့်က အမေရိကန်အတွက် စစ်ပွဲအသစ်တစ်ခုကို စတင်လိုက်ပါပြီ။ အခုအတိုင်းသာဆိုရင် ထရမ့်ဟာငြိမ်းချမ်း ရေးနိုဘယ်ဆုကိုမရနိုင်တော့ပါဘူး" ဟု မက်ဗီဒက်က ၎င်း၏လူမှုကွန်ရက်တွင် ရေးထားခြင်းဖြစ်သည်။

ထို့ပြင် တင်းမာလာသည့်နောက်ဆက် တွဲအခြေအနေများက ဒေသတွင်းပြင်ပ ကိုပါကျော်လွန်နိုင်ကြောင်း၊ အမေရိကန် အနေဖြင့် အီရန်၏ကြိမ်းသေလက်တုံ့ပြန် တိုက်ခိုက်မှုများကို နားလည်ထားကြောင်း၊ ထိုအခြေအနေများအားလုံးက ထိပ်တိုက် တွေ့ဆုံမှုကို နောက်တစ်ဆင့်သို့ရောက်ရှိ သွားစေပြီး ကမ္ဘာစစ်ကြီးဖြစ်ပွားစေနိုင် သည့် အန္တရာယ်မှာမြင့်မားလာကြောင်း ဒူးမားလွှတ်တော်မှတာဝန်ရှိသူတစ်ဦးက ပြောထားသည်။

Ref: TST

# ဂျိုဟိုးပြည်နယ်ရှိ အင်ဂျင်ဝိုင်သိုလှောင်ရုံတစ်ခု၌ မီးအကြီးအကျယ်လောင်ကျွမ်းမှုဖြစ်ပွား

မလေးရှားနိုင်ငံ ဂျိုဟိုးပြည်နယ်၌ ရှိသော စက်မှုဇုန်တစ်ခု၏ အင်ဂျင်ဝိုင် သိုလှောင်ရုံတစ်ခုတွင် မီးအကြီးအကျယ် လောင်ကျွမ်းမှုဖြစ်ပွားကြောင်း တာဝန်ရှိ သူများကပြောသည်။

အဆိုပါမီးလောင်မှုကြောင့် မီးခိုးလုံး များအလိပ်လိုက်တက်လာကာ အနီးနား ရှိဒေသခံများကို ဘေးကင်းရာသို့ပြောင်း ရွှေ့ပေးလိုက်ရကြောင်း တာဝန်ရှိသူများ က ဇွန်လ ၂၁ ရက်တွင်ပြောသည်။

မီးလောင်မှုသည် ဇွန်လ ၂၁ ရက်မွန်း လွဲပိုင်းတွင်ဖြစ်ပွားခြင်းဖြစ်ပြီး လေပြင်း များတိုက်ခတ်မှု၊ မီးတောက်က အနီးရှိ ဆီဟောင်းသိုလှောင်ရုံသို့ကူးစက်သွားမှု တို့ကြောင့် မီးလောင်မှုကြီးမားရခြင်းဖြစ် သည်။

ထိုမီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာ ရရှိသူရှိသည်ဟု သတင်းများမတက်လာ သေးကြောင်း၊ အင်ဂျင်ဝိုင်သိုလှောင်ရုံ၌ လောင်သည့်မီးသည် အခင်းဖြစ်ပွားရာနေ ရာမှ မီတာ ၅၀ အကွာတွင်ရှိသည့် လူနေ အိမ်ရာဘက်အထိ ကူးစက်သွားကြောင်း မလေးရှားနိုင်ငံပိုင်သတင်းဌာနကဖော်ပြ ထားသည်။

Ref: Xinhua

# အမေရိကန်၏ ကုန်သွယ်ရေးဟန့်တားနိုင်မှုကို တောင်ကိုရီးယားက စိုးရိမ်ပူပန်

အမေရိကန်အစိုးရကလုပ်ဆောင်လာ နိုင်သည့် ကုန်သွယ်ရေးဆိုင်ရာဟန့်တား နိုင်မှုတစ်ခုနှင့်ပတ်သက်၍ တောင်ကိုရီး ယားအစိုးရက စိုးရိမ်ပူပန်နေကြောင်း သိရသည်။

နှစ်နိုင်ငံမှ ကုန်သွယ်ရေးတာဝန်ရှိသူ များသည် ယခုသီတင်းပတ်တွင် တတိယ အကြိမ်ကုန်သွယ်ရေးညှိနှိုင်းဆွေးနွေးပွဲ ကိုဆောင်ရွက်သွားမည်ဖြစ်ပြီး တရုတ် နိုင်ငံ၌ လုပ်ငန်းလည်ပတ်လျက်ရှိသော ချစ်ပြားထုတ်လုပ်သူများအပေါ် အမေရိ ကန်ဘက်က ကန့်သတ်ချက်များချမှတ် လာနိုင်ခြင်းနှင့်ပတ်သက်၍ စိတ်ပူနေခြင်း ဖြစ်ကြောင်း တောင်ကိုရီးယားကုန်သွယ် ရေးဝန်ကြီး ယိုဟန်ကူးကဇွန်လ ၂၂ ရက် တွင်ပြောသည်။

ထို့ပြင် ဇူလိုင်လတွင် ကုန်သွယ်ရေး ဆွေးနွေးမှုများအပြီးသတ်ရမည်ဟူသော အချိန်သတ်မှတ်ချက်ကို မမီနိုင်ကြောင်း၊ အမေရိကန်နိုင်ငံအတွင်း မရေရာမသေ ချာမှုများကြောင့် ဆွေးနွေးမှုများသည် ဇူလိုင်လ ၈ ရက်နောက်ပိုင်းသို့ပင်ဆက် သွားနိုင်ကြောင်း ၎င်းကပြောထားသည်။

Ref: TST

# ဘရာဇီး၌ ခရီးသည်များပါသည့် မိုးပျံပူဖောင်းပျက်ကျ လူရှစ်ဦးသေဆုံး

ဘရာဇီးနိုင်ငံတောင်ပိုင်းရှိ ဆန်တာ ကာတာရီနာပြည်နယ်၌ ခရီးသည်များ ကိုတင်ဆောင်လာသော မိုးပျံပူဖောင်း တစ်လုံးပျက်ကျမှုဖြစ်ပွားရာ လူရှစ်ဦး သေဆုံးကြောင်းသိရသည်။

ခရီးသွားများသဘောကျသည့် ပရာ အီယာဂရန်းမြို့၌ ဇွန်လ ၂၁ ရက်တွင် ခရီးသည် ၂၁ ဦးကိုတင်ဆောင်လာသော မိုးပျံပူဖောင်းတစ်လုံးသည် မီးလောင် ပေါက်ကွဲပြီးနောက် ပျက်ကျသွားခြင်းဖြစ် ကြောင်း အနီးရှိခရီးသွားများတင်ထား သော ဗီဒီယိုများတွင်တွေ့ရသည်။

ထို့ပြင် အဆိုပါမိုးပျံပူဖောင်းပျက်ကျ မှုကြောင့် လူရှစ်ဦးသေဆုံးရသော်လည်း လူ ၁၃ ဦးမှာ အသက်ရှင်ကျန်ရစ်ကြောင်း ဆန်တာကာတာရီနာပြည်နယ်အုပ်ချုပ် ရေးမှူး ဂျော်ဂင်ဟိုမဲလိုကပြောသည်။

ပရာအီယာဂရန်းမြို့သည် ဘရာဇီးနိုင်ငံ ၌ မိုးပျံပူဖောင်းများစီးကာ ဝေဟင်အလှ အပများကို ကြည့်ရှုခံစားနိုင်သည့် အထင် ကရနေရာတစ်ခုဖြစ်ကြောင်းသိရသည်။

Ref: Xinhua

# 40th Junior Golf Myanmar Championship (JGM)ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန်   ဇွန်   ၂၂

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှကြီးမှူး၍ Junior Golf Myanmar (JGM)၏ (၄၀)ကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၂၅ ခုနှစ် ဇွန်လ ၂၇ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ရှိရန်ကုန်ဂေါက်ကလပ်(တညင်းကုန်း)၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသား ၁၂ နှစ်အောက်သက်တမ်း၊ ၁၄ နှစ်အောက်သက်တမ်း၊ ၁၈ နှစ်အောက်သက်တမ်း၊ အမျိုးသမီး ၁၈ နှစ်အောက်သက်တမ်းနှင့် ၁၄ နှစ်အောက်သက်တမ်းဟူ၍ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို R&A Rules Limited နှင့် USGA တို့၏ Rules of Golf – 2023 ဂေါက်သီးစည်းမျဉ်းများနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံတစ်ဝန်းမှ Junior ဂေါက်သီးရိုက်အားကစားသမားများသည် ၂၀၂၅ ခုနှစ် ဇွန်လ ၂၅ ရက်ညနေ ၄ နာရီနောက်ဆုံးထား၍ ဦးထွန်းကျော် ဖုန်း-၀၉-၅၁၉၃၄၂၃ သို့အမည်စာရင်းပေးသွင်းနိုင်ပြီး အသေးစိတ်အချက်များအား မေးမြန်းနိုင်ကြောင်း မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်မှသိရသည်။

**ဝန်းရံခ**

## ထူးခြားသည့်နေ့အပူချိန်များ

၂၂-၆-၂၀၂၅

| | | | | |
|---|---|---|---|---|
| မြင်းမူ | ၃၇ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၃၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မန္တလေး | ၃၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် (လွန်ကျော်) | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ညောင်လေးပင် | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

# လူငယ်တို့၏စွမ်းအားမှသည် ကျား၊ မတန်းတူညီမျှမှုနှင့် လူ့အခွင့်အရေးဆီသို့ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန်   ဇွန်   ၂၂

လူငယ်တို့၏စွမ်းအားမှသည် ကျား၊ မတန်းတူညီမျှမှုနှင့် လူ့အခွင့်အရေးဆီသို့ ခေါင်းစဉ်ဖြင့်အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိလူငယ်စင်တာ၌ကျင်းပသည်။



ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်လူမှုရေးရာဝန်ကြီးဦးဌေးအောင်က အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကျား၊ မတန်းတူညီမျှရေးနှင့် လူ့အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဒေါ်ကြည်သာဝင်းမြင့်က အသိပညာပေးဟောပြောပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် Gender Awareness with a Focus on Gender Stereotypes ဉာဏ်စမ်းမေးခွန်းများကို လူငယ်များကဖြေဆိုကြပြီး မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးနှင့် ဒုတိယညွှန်ကြားရေးမှူးဒေါ်မိမိခိုင်တို့က ဟောပြောဆွေးနွေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က ဟောပြောဆွေးနွေးကြသည့်ပုဂ္ဂိုလ်များအား အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးနှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာ အထောက်အကူပြုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့်ကော်မတီဝင်များ၊ ကျား၊ မတန်းတူညီမျှရေးနှင့် လူ့အခွင့်အရေးကော်မတီဥက္ကဋ္ဌ ဒေါ်ကြည်သာဝင်းမြင့်နှင့် ကော်မတီဝင်များ၊ လူမှုရေးပရဟိတအဖွဲ့များ၊ လူငယ်ကိုယ်စားလှယ်များတက်ရောက်ကြကြောင်းသိရသည်။

**လင်းခန့်**


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

**အသည်းရောင်အသားဝါ(အေ) ရောဂါ ကြိုတင်ကာကွယ်ပါ**

အသည်းရောင်အသားဝါ(အေ)ရောဂါသည် အသည်းရောင်အသားဝါဗိုင်းရပ်စ်(အေ)ရောဂါပိုးကြောင့်ဖြစ်ပွားပြီး အလွယ်တကူ ကူးစက်တတ်စေ၍ ကပ်ရောဂါအသွင်လည်း ဖြစ်ပွားနိုင်ပါသည်။ အသက်အရွယ်မရွေး ဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် ကလေးများတွင် ပိုမိုဖြစ်ပွားတတ်ပါသည်။

**ရောဂါကူးစက်နိုင်သည့်နည်းလမ်းများ**

- ရောဂါပိုးရှိသူ ခန္ဓာကိုယ်မှထွက်သော အညစ်အကြေးများပါရှိနေသော မသန့်ရှင်းသည့်အစားအသောက်များကို စားသောက်မိခြင်း၊
- အသည်းရောင်အသားဝါ(အေ)ရောဂါပိုးရှိသူလူနာနှင့် အနီးကပ်ထိတွေ့ခြင်း၊ ပြုစုခြင်း။

**ရောဂါလက္ခဏာများ**

- ဖျားခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပျို့အန်ခြင်း၊ ဗိုက်အောင့်ခြင်း၊ အသားဝါခြင်း၊ မျက်လုံးဝါခြင်း၊ ဆီးအရောင်ရင့်ခြင်း၊ ဝမ်းအရောင်ဖျော့ခြင်းနှင့် အဆစ်အမျက်များ နာကျင်ကိုက်ခဲခြင်း၊
- ပြင်းထန်စွာအသည်းရောင်ပါက ရုတ်တရက်အသည်းပျက်စီး၍ အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။
- အသည်းရောင်အသားဝါ (ဘီ) သို့မဟုတ် (စီ) ရောဂါပိုးရှိသူများ၊ အိပ်ချ်အိုင်ဗွီပိုးရှိသူများတွင် ရောဂါဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

- တစ်ကိုယ်ရေသန့်ရှင်းရေးသတိပြုပါ၊ လက်ကို ဆပ်ပြာဖြင့် စနစ်တကျ ဆေးကြောခြင်းကို အစားအစာများကို မကိုင်တွယ်မီ၊ မချက်ပြုတ်မီ၊ အစာမစားမီနှင့် အိမ်သာအသုံးပြုပြီးတိုင်း ဆောင်ရွက်ပါ၊
- အစားအစာများအား မချက်ပြုတ်မီ သန့်ရှင်းသောရေဖြင့် စင်ကြယ်စွာဆေးကြောပါ၊
- ဆူပွက်သည်အထိကျိုချက်ထားသည့်ရေ သို့မဟုတ် ရေသန့်စင်ဆေးပြားအသုံးပြုသန့်စင်ထားသည့်ရေ သို့မဟုတ် FDA အသိအမှတ်ပြုရေသန့်ကို သောက်သုံးပါ၊
- အစားအစာများအား အစိမ်းစားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊ ယင်နားစာများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊
- အိမ်သာနှင့် မိလ္လာကန်များ ယိုစိမ့်မှုမရှိစေရန်သတိပြုပါ၊ ယင်လုံအိမ်သာ သုံးစွဲပါ၊
- ရောဂါကူးစက်ပြန့်ပွားမှုမှ ကာကွယ်ရန် အစားအသောက်ရောင်းချသူများတွင် ရောဂါဖြစ်ပွားပါက အရေပြားနှင့် မျက်သားဝါပြီးနောက် အနည်းဆုံး (၁၀) ရက်ကြာသည်အထိ အစားအသောက် ကိုင်တွယ်ရောင်းချခြင်းအား ရပ်နားပါ။

**ဖျားခြင်း၊ အရေပြားနှင့် မျက်သားဝါခြင်း စသည့် အသည်းရောင်အသားဝါ(အေ)ရောဂါလက္ခဏာများ ဖြစ်ပေါ်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသပါ။**

၂၀၂၅ခုနှစ်၊ မေလ



ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

**"အစာအဆိပ်သင့်ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရန်အချက်များ"**

အစာအဆိပ်သင့်မှုသည် နေရာဒေသမရွေး မကြာခဏဖြစ်ပွားတတ်ပြီး ရောဂါပိုးများပါဝင်သော မသန့်ရှင်းသည့် အစားအသောက်များကို စားသုံးမိခြင်းကြောင့် အများဆုံးဖြစ်နိုင်ပါသည်။ အစာအဆိပ်သင့်မှု မဖြစ်စေရန်အတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရပါမည်။

**အစားအသောက်ပြင်ဆင်ချက်ပြုတ်သူများလိုက်နာရန်**




၁။ အစာမစားမီ၊ အစားအစာများကို ကိုင်တွယ်ချက်ပြုတ်ခြင်းမပြုမီနှင့် အိမ်သာအသုံးပြုပြီးချိန်များတွင် လက်ကိုရေနှင့်ဆပ်ပြာအသုံးပြု၍ သေချာစွာဆေးကြောပါ၊ အိုးခွက်၊ ပန်းကန်များ၊ စဉ်းတီတုံးများအပါအဝင် မီးဖိုချောင်သုံး ပစ္စည်းများ၏ သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ၊

၂။ မချက်ရသေးသည့်သားစိမ်း၊ ငါးစိမ်းများနှင့် ချက်ပြုတ်ပြီးဟင်းများကို အတူရောမထားပါနှင့်၊ စဉ်းတီတုံး၊ ပန်းကန် သီးသန့်သုံးပါ၊ ချက်ပြုတ်ပြီးအစားအစာနှင့် မချက်ပြုတ်ရသေးသော အစားအစာများအား သီးခြားစီထားရှိပါ၊

၃။ အစားအစာများကို ကျက်အောင်ချက်ပြုတ်ပါ၊ ချက်ပြုတ်ထားသည့် အစားအစာများကို မစားမီပြန်နွေးပါ၊

၄။ အစားအစာများကို သင့်တော်သည့် အပူချိန်တွင်ထားရန်လိုသည်၊ ချက်ပြုတ်ထားသည့် အစားအစာများကို အခန်းအပူချိန်တွင် နှစ်နာရီထက်ပို၍ မထားပါနှင့်၊

၅။ အစားအစာများချက်ပြုတ်ရာနှင့် ပန်းကန်များဆေးကြောရာတွင် သန့်ရှင်းသောရေကိုသာသုံးစွဲပါ၊ လတ်ဆတ်သော အစားအစာများကိုသာသုံးစွဲပါ။

**အစားအသောက်ရောင်းချသူများအနေဖြင့် အထူးလိုက်နာရန်**

၁။ ဝမ်းပျက်ဝမ်းလျှောနှင့်ဝမ်းကိုက်ရောဂါလက္ခဏာခံစားနေရသူများ

၂။ အရေပြားတွင်အနာရှိသူများနှင့်ဖျားနာနေသူများအနေဖြင့် အစားအစာများကို ပြင်ဆင်ချက်ပြုတ်ခြင်းနှင့်ကိုင်တွယ်ရောင်းချခြင်းတို့ကို လုံးဝရှောင်ကြဉ်ပါ။

၂၀၂၅ ခုနှစ်၊ မေလ

# တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ




ပဲခူး ဇွန် ၂၂

ပဲခူးတိုင်းဒေသကြီးမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ဇွန်လ ၂၁ ရက် ညနေပိုင်းတွင် ပဲခူးမြို့ အားကစားဥယျာဉ် မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသား(-၅၀)ကီလိုတန်းနှင့် အမျိုးသမီး(-၄၅)ကီလိုတန်းတို့ ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားနေမှုအား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဂျူဒိုအားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြသည်။

ထို့နောက်ဆုပေးပွဲပြုလုပ်ရာ အမျိုးသား (-၃၈)ကီလိုတန်း၊ အမျိုးသမီး (-၃၈) ကီလိုတန်း၊ အမျိုးသား“ခတ”ပြိုင်ပွဲ၊ အမျိုးသမီး“ခတ” ပြိုင်ပွဲ၊ အမျိုးသား(-၆၀)ကီလိုတန်း၊ (-၆၆)ကီလိုတန်း၊ (-၇၃) ကီလိုတန်း၊ (+၇၃) ကီလိုတန်း၊ အမျိုးသမီး(-၅၂)ကီလိုတန်း၊ (-၅၇) ကီလိုတန်း၊ (-၆၃)ကီလိုတန်း၊ (+၆၃)ကီလိုတန်း၊ အမျိုးသား(-၄၂)ကီလိုတန်း၊ (-၄၅)ကီလိုတန်း၊ (-၅၅)ကီလိုတန်း၊ အမျိုးသမီး(-၄၂)ကီလိုတန်း၊ (-၄၈)ကီလိုတန်း၊ အမျိုးသား(-၅၀)ကီလိုတန်း၊ (-၄၅)ကီလိုတန်းတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုတံဆိပ်နှင့်ငွေသားဆုရရှိသူများကို တာဝန်ရှိသူများက အသီးသီးဆုပေးအပ်ကြသည်။

ထို့နောက် အမျိုးသား၊ အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသော ကချင်ပြည်နယ်အသင်း၊ ဒုတိယဆုရရှိသော ရှမ်းပြည်နယ်အသင်း၊ ပူးတွဲတတိယဆုရရှိကြသော ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့အား ဆုတံဆိပ်နှင့်ငွေသားဆုများကို စီးပွားရေးရာဝန်ကြီး ဦးတင်ဦးကလည်းကောင်း၊ အမျိုးသမီး အကောင်းဆုံးအားကစားဆုရရှိသည့်(-၄၅)ကီလိုတန်းတွင် ကချင်ပြည်နယ်မှ မမေဇင်ဖြိုးနှင့် အမျိုးသား အကောင်းဆုံးအားကစားသမားဆုရရှိသည့်(-၅၀)ကီလိုတန်းတွင် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ခိုင်ခန့်တို့အား ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်ကလည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများ အသီးသီးပေးအပ်ကြသည်။

ဆက်လက်၍ ကြေးတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခု၊ ရွှေတံဆိပ်လေးခုဖြင့် အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသော ကချင်ပြည်နယ်အသင်းအား ပဲခူးတိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့နာယက ဒေါ်စိုးစိုးသက်က တံခွန်စိုက်ဖလားနှင့် ငွေသားဆုကိုလည်းကောင်း၊ ကြေးတံဆိပ် သုံးခု၊ ငွေတံဆိပ်တစ်ခု၊ ရွှေတံဆိပ်လေးခုဖြင့် အမျိုးသားတံခွန်စိုက်ဆုဖလားရရှိသော ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် စုပေါင်းတံခွန်စိုက်ဆုဖလားပူးတွဲရရှိသော ကချင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့အား ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက စုပေါင်းတံခွန်စိုက်ဆုဖလားကိုလည်းကောင်း ပေးအပ်ကြကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

# လဲချားမြို့နယ်တွင် ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီလူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

လဲချား ဇွန် ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်အတွင်း သစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်ပြီး ကျန်းမာရေးနှင့်ညီညွတ်၍ သန့်ရှင်းသာယာလှပသည့် သဘာဝပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်စေရန်ရည်ရွယ်၍ လဲချားမြို့နယ် နောင်ပန်ကျေးရွာရှိ ဟိုလွယ်တုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီလူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၂၁ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးနန်းတင့်က ပထမအကြိမ် မိုးရာသီလူထုစုပေါင်း သစ်ပင်စိုက်ပျိုးပွဲ ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ပြောကြားပြီး ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင်စိုက်ပျိုးမည့် သစ်ပင်/ပျိုးပင်များအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများထံ ပေးအပ်ကြသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနန်းတင့်နှင့်တက်ရောက်လာကြသူများက သစ်ပင်၊ ပျိုးပင်များအား သတ်မှတ်နေရာများအလိုက် စိုက်ပျိုးကြပြီး ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားပြည်သူများက သစ်ပင်၊ ပျိုးပင်များ စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၅ ခုနှစ်ပထမအကြိမ်မိုးရာသီလူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်းပျိုးပင် ၁၀၀၀ အား စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

(၄၁၄)

| MWD Education, Knowledge & Sports Channel | | |
|---|---|---|
| ၂၃-၆-၂၀၂၅(တနင်္လာနေ့) | | |
| ၁။ ၀၇:၀၀ - ၀၈:၃၆ | Grade - 6 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ ၁၅:၃၀ - ၁၇:၀၃ | Grade - 6 | အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ ၁၇:၀၃ - ၁၈:၂၄ | Grade - 6 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၄။ ၁၈:၂၄ - ၁၉:၃၅ | Grade - 6 | သမိုင်း၊ သိပ္ပံ |
| ၅။ ၁၉:၃၅ - ၂၀:၂၇ | Grade - 3 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၆။ ၂၀:၂၇ - ၂၁:၃၇ | Grade - 3 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# တရားမဝင် သစ်မျိုးစုံ၊ မီးသွေး၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၂

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ **ဇွန်လ ၂၀ ရက်**တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တံတားဦးမြို့နယ်၊ ရန်ကုန်- မန္တလေး အမြန်လမ်းမိုင်တိုင်အမှတ် ၃၃၅/၅နှင့် ၃၃၅/၆ အနီး၌ မော်တော်ယာဉ် (၁) စီးပေါ်မှ တရားမဝင် မီးသွေး(၁၆)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀)နှင့် အဆိုပါမီးသွေးများ တင်ဆောင်လာသည့် Isuzu Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၂၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇွန်လ ၂၁ ရက်**တွင် ဘုရားကြီးမြို့နယ်၊ ရွှေသံလွင်တိုးဂိတ်အနီး၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Amandla Mini Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **ဇွန်လ ၂၂ ရက်**တွင် တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် (သုည ဒသမ ၆၉၆)တန်၊ အခြားသစ် (သုည ဒသမ ၈၈၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၉၃၆၄)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၁၉၉၃၆၄)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။






ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့အတူ **ဇွန်လ ၂၁ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ်(၈)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၆၈)စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်၊ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၀)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၄၄၉၃၆၄)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။ **မြဝတီ**




## စာပေမြင့်မှ လူမျိုးတင့်မည်

### မိဘအမည်မှန်
လယ်ဝေးမြို့၊ အ.ထ.က(စံပါအောင်း) Grade-12 မှ မယွန်းဝတီ၏မိဘအမည်မှန်မှာ ဦးမျိုးအောင်-ဒေါ်သန်းသန်းဌေးဖြစ်ပါကြောင်း။
ဦးမျိုးအောင်-ဒေါ်သန်းသန်းဌေး

### ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ခိုင်သဇင်ဦး
### အသက်(၄၇)နှစ်
သူငယ်ချင်းသောင်းထိုက်ဦး၏ဇနီး ဒေါ်ခိုင်သဇင်ဦးသည် ၂၁-၆-၂၀၂၅ ရက်နေ့၊ မွန်းလွဲ(၁:၃၇)နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။
စစ်တက္ကသိုလ်အမှတ်စဉ်(၃၆)မှ
သူငယ်ချင်းမိသားစုများ

### ပျောက်ဆုံးကြောင်း
သန်းမင်းထွဋ်(ဘ)ဦးသိန်းမြင့်၁၂/လကန(နိုင်)၁၆၉၂၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၆၁၉၀၇၉၀၉

### ပျောက်ဆုံးကြောင်း
နော်လီမာ(ဘ)ဦးကျော်ခင် ၉/မခန(နိုင်)၁၅၆၇၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
လက်ပံတန်းမြို့နေ မထက်ထက်လင်း(ဘ)ဦးခင်ပြုံး ၇/လပတ(နိုင်)၁၇၃၄၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

### ပျောက်ဆုံးကြောင်း
ချစ်မိုးဦး(ဘ)ဦးချစ်ပွား ၇/တငန(နိုင်)၂၂၃၉၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 799344)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နေ ဒီးယီလို့(ဘ)ဦးအားခီ ၁/မကန(နိုင်)၂၃၀၁၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 655996)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
မန္တလေးတိုင်းဒေသကြီး၊တောင်သာမြို့နယ်၊ အနောက်ချောင်းဆုံးရွာနေ လှလှဝင်း(ဘ)ဦးမင်းနိုင်၉/တသန (နိုင်)၂၅၀၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 853965)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၈၇၉၁၀၉၃

### ပျောက်ဆုံးကြောင်း
သက်မောင်မောင်(ဘ)ဦးနေဝင်း ၁၂/သခန(နိုင်)၁၇၇၁၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မေမိုးနိုင်(ဘ)ဦးမိုးနိုင် ၁၃/သပန(နိုင်)၀၈၃၉၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 560007)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၀၄၂၀၈၅

### ပျောက်ဆုံးကြောင်း
ရဲကျော်အောင်(ဘ)ဦးဝမ်ဟုန်လင်(ခ)မြင့်လွင်၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ရန်ပွေးလန်(ဘ)ဦးရှောက်ပွာ ၁၃/ကလတ(နိုင်)၀၀၀၂၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 936312)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
နှင်းစုလှိုင်(ဘ)ဦးအေးထွန်း ၇/ပတတ(နိုင်)၁၅၈၇၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 522552)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
အောင်ကျော်ဇံ(ဘ)ဦးတင်အေး ၁၂/ကမတ(နိုင်)၀၂၁၃၄၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 403704)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
သန်းထက်(ဘ)ဦးခင်စိုး ၈/အလန(နိုင်)၂၀၄၅၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မမွှေးထွန်း(ဘ)ဦးလှကြည် ၁၄/ဓနဖ(နိုင်)၁၆၀၃၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ဖခင်အမည်မှန်
ပုသိမ်မြို့နယ်၊ အ.ထ.က(ကြက်ပေါင်) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် Grade-11 တွင်ပညာသင်ကြားနေသောကျောင်းဝင်အမှတ်-၀၉၈၇ မလွဲရွှေဇင်၏ဖခင်အမည်မှန်မှာ ဦးအောင်ဇော်နိုင် ၁၄/ပသန(နိုင်)၂၁၃၄၆၉ ဖြစ်ပါကြောင်း။
ဦးအောင်ဇော်နိုင်


### ဖခင်အမည်မှန်
ပုသိမ်မြို့နယ်၊ အ.ထ.က(ကြက်ပေါင်) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် Grade-6(B) တွင်ပညာသင်ကြားနေသောကျောင်းဝင်အမှတ်-၁၂၀၂ မောင်သူရမင်းခန့်၏ဖခင်အမည်မှန်မှာ ဦးဇော်မင်းထိုက် ၁၄/ပသန(နိုင်)၂၀၉၂၆၈ ဖြစ်ပါကြောင်း။
ဦးဇော်မင်းထိုက်

### ပျောက်ဆုံးကြောင်း
ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)နေ မောင်မျိုးမင်း(ဘ)ဦးမြင့်ဟန် ၉/ပဥလ(နိုင်)၀၇၇၉၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 631748)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၀၃၀၆၁၄၂

### ပျောက်ဆုံးကြောင်း
နေပြည်တော်တိုင်းဒေသကြီး၊ ပုဗ္ဗသီရိနေ စိုးဝဏ္ဏထွန်း(ဘ)ကျော်ခိုင်ဝင်း ၉/ဇယသ(နိုင်)၀၀၃၁၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၈၈၁၆၀၃၃၅၁

### ဒေါ်ခိုင်သဇင်ဦး
### အသက်(၄၇)နှစ်
ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါက်တာဝင်းမြင့်ဦး-ဒေါ်ကြည်ကြည်စိုးတို့၏သမီး၊ (ဦးမြင့်ဦး)-ဒေါ်စန်းမြတို့၏ချွေးမ၊ ဦးဌေးအောင်ကျော်-ဒေါ်အေးအေးလွင်၊ ဦးမင်းမင်း-ဒေါ်နွယ်နီခိုင်တို့၏တူမ၊ ဦးသောင်းထွဋ်-ဒေါ်ခိုင်စပယ်ဦး၊ ဦးဥက္ကာမင်း၊ ဦးကျော်ဆုသွေးတို့၏အစ်မ၊ မယုယသံလွင်ထွဋ်၏ကြီးကြီး၊ မမေရှင်းသန့်ဦး၏ချစ်လှစွာသောမိခင်၊ ဦးသောင်းထိုက်ဦး၏ချစ်လှစွာသောဇနီး၊ ဒေါ်ခိုင်သဇင်ဦးသည် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့၊ ဘန်ကောက်ဆေးရုံ၌ ၂၁-၆-၂၀၂၅ ရက်(စနေနေ့)မွန်းလွဲ ၁:၃၇ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၄-၆-၂၀၂၅ ရက်(အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ ကွယ်လွန်သူအား ရည်စူး၍ ၂၇-၆-၂၀၂၅ ရက်(သောကြာနေ့)နံနက်တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။
ကျန်ရစ်သူမိသားစု

## မန်ယူအသင်းက ဂါနာချိုအတွက် ပြောင်းရွှေ့ကြေးကို ထက်ဝက်ခန့်လျှော့ချပြီး စတာလင်ပေါင် သန်း ၄၀ ဖြင့် ရောင်းချရန်ဆုံးဖြတ်




မန်ချက်စတာ ဇွန် ၂၂

မန်ယူအသင်းက လက်ရှိနွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် ရောင်းချရန် အရောင်းစာရင်းတင်သွင်းထားသည့် လူငယ်ကစားသမား ဂါနာချိုအတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၇၀ သတ်မှတ်ထားရာမှ စတာလင်ပေါင် သန်း ၄၀ ဖြင့် ထက်ဝက်ခန့်အထိလျှော့ချပြီး ရောင်းချရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

အသက် ၂၀ အရွယ် ဂါနာချိုသည် ၂၀၂၀ ပြည့်နှစ်က အက်သလက်တီကိုလူငယ်အသင်းမှ မန်ယူလူငယ်အသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် လူငယ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ကာ ၂၀၂၂ ခုနှစ်က မန်ယူအသင်းကြီးတွင် စတင်ပါဝင်ကစားခဲ့သူဖြစ်သည်။

ဂါနာချိုသည် ပြီးခဲ့သည့်ဘောလုံးရာသီက နည်းပြဟောင်း တန်ဟတ်လက်အောက်၌ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီတွင် ခြေစွမ်းပြနိုင်ရန်ရုန်းကန်နေရပြီး လက်ရှိနည်းပြအမိုရင်လက်အောက်တွင် ခြေစွမ်းပြနိုင်ခြင်းမရှိသည့်အတွက် ပွဲထွက်ကစားခွင့်များ နည်းပါးလာခြင်းဖြစ်သည်။

ဂါနာချိုသည် နည်းပြအမိုရင်နှင့် ဆက်ဆံရေးမပြေလည်မှုများကြောင့် ပြီးခဲ့သည့် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလကတည်းက အသင်းမှထွက်ခွာရန်ကြိုးပမ်းခဲ့ပြီး စီးရီးအေထိပ်သီး နာပိုလီအသင်းသို့ ပြောင်းရွှေ့ရန် နီးစပ်ခဲ့သော်လည်း မန်ယူအသင်း၏မြင့်မားသည့် ပြောင်းရွှေ့ကြေးသတ်မှတ်မှုကြောင့် အပြောင်းအရွှေ့မဖြစ်မြောက်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်ယူရိုပါလိဂ်ဖလား ဗိုလ်လုပွဲစဉ်အဖြစ် ကစားသည့် မန်ယူအသင်းနှင့်စပါးအသင်းတို့ပွဲစဉ်တွင် ဂါနာချိုအနေဖြင့် ပွဲထွက်ကစားသမားစာရင်းမှ ချန်လှပ်ခံရပြီးနောက် နည်းပြအမိုရင်နှင့် ဆက်ဆံရေးမှာ ပိုမိုတင်းမာလာခဲ့ပြီး လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာမည်ဟု ဂါနာချိုကိုယ်တိုင်က အတည်ပြုခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းက အစောပိုင်းက ဂါနာချိုအတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင်သန်း ၇၀သတ်မှတ်ထားသော်လည်း အမြန်ရောင်းချလိုသည့်အတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၄၀ ဖြင့် ရောင်းချရန်ဆုံးဖြတ်ထားကြောင်း သိရသည်။

*Ref;Fotmob*

## အမေရိကန်ရင်းနှီးမြှုပ်နှံရေး လုပ်ငန်းစုက ကာဒစ်အသင်းကို ဝယ်ယူရန်ကမ်းလှမ်းမှု ပယ်ချခံရ

လန်ဒန် ဇွန် ၂၂

ရီးယဲလ်မက်ဒရစ်အသင်းနှင့် စပါးအသင်းကစားသမားဟောင်း ဂါရတ်ဘေးလ်နှင့်အတူ အမေရိကန်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစုက ကာဒစ်အသင်းကို ဝယ်ယူရန်ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခံခဲ့ရကြောင်း သိရသည်။

ဂါရတ်ဘေးလ်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှအနားယူပြီးနောက် ကလပ်အသင်းပိုင်ရှင်အဖြစ် ဘောလုံးလောကသို့ ပြန်လည်ဝင်ရောက်ရန်အတွက် အမေရိကန်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစုနှင့် ပူးပေါင်းကာ အင်္ဂလန်လိဂ်-၁ကလပ် ကာဒစ်အသင်းကို ဝယ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခံခဲ့ရခြင်းဖြစ်သည်။

လက်ရှိတွင် ကာဒစ်အသင်းကို မလေးရှားနိုင်ငံစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဗင်းဆင့်တန်က ပိုင်ဆိုင်ထားခြင်းဖြစ်ပြီး အသင်းကို ပြန်လည်ရောင်းချရန် သတင်းများထွက်ပေါ်လာပြီးနောက် ဂါရတ်ဘေးလ်နှင့် အမေရိကန်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစုတို့ပူးပေါင်းကာ ကာဒစ်အသင်းကို ဝယ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ပယ်ချခံခဲ့ရသည့်အတွက် ဒုတိယအကြိမ်ကြိုးပမ်းရန် စီစဉ်နေကြောင်း သိရသည်။

*Ref;Fabrizio Romano*

## နော်တင်ဟမ်အသင်းက ရလဒ်ကောင်းများရရှိအောင်စွမ်းဆောင်ပေးနိုင်သည့်နည်းပြဆန်းတိုစ်ကို သုံးနှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆို

လန်ဒန် ဇွန် ၂၂

နော်တင်ဟမ်အသင်းက ယခုဘောလုံးရာသီတွင် အသင်းကို ရလဒ်ကောင်းများရရှိအောင်စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြဆန်းတိုစ်ကို သုံးနှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

နည်းပြဆန်းတိုစ်သည် ယခုဘောလုံးရာသီအစပိုင်းကတည်းက အသင်းကိုရလဒ်ကောင်းများရရှိအောင်စွမ်းဆောင်နိုင်ခဲ့ပြီး ထိပ်တန်းအသင်းကြီးများနှင့်အပြိုင် အဆင့်(၄)နေရာအတွင်း ရပ်တည်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့သည်။

နော်တင်ဟမ်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိရန် နီးစပ်ခဲ့သော်လည်း ဘောလုံးရာသီပြီးဆုံးခါနီးတွင် ရလဒ်ပိုင်းအနည်းငယ်မတည်ငြိမ်မှုများကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နှင့် လွဲချော်ခဲ့ရသော်လည်း ယူရိုပါကွန်ဖရန့်လိဂ်ပြိုင်ပွဲကို ဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။

နည်းပြဆန်းတိုစ်သည် နော်တင်ဟမ်အသင်းကို ၂၀၂၃ ခုနှစ်က စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး အသင်းကို ပထမဆုံးဘောလုံးရာသီတွင် တန်းမဆင်းရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သကဲ့သို့ ယခုဘောလုံးရာသီတွင်လည်း အံ့အားသင့်ဖွယ်စွမ်းဆောင်ရည်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကာ အသင်းသမိုင်းတစ်လျှောက် ၁၉၉၅ခုနှစ်နောက်ပိုင်း ဥရောပအဆင့်ပြိုင်ပွဲသို့ ဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး အက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း ၁၉၉၁ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ဆီမီးဖိုင်နယ်အဆင့်တက်ရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သောကြောင့် နော်တင်ဟမ်အသင်းက နည်းပြဆန်းတိုစ်ကို သုံးနှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Goal.com*



## ဘိုင်ယန်မြူးနစ်အသင်းက ဘီလ်ဘာအိုအသင်းမှ နီကိုဝီလီယံကို လက်လွှတ်ခဲ့ရပြီးနောက် အေစီမီလန်အသင်းမှ ရာဖေးလီယိုကို ခေါ်ယူရန်ကြိုးပမ်းနေ

မက်ဒရစ် ဇွန် ၂၂

ဘိုင်ယန်မြူးနစ်အသင်းက ဘီလ်ဘာအိုအသင်းမှ နီကိုဝီလီယံကို လက်လွှတ်ခဲ့ရပြီးနောက် အေစီမီလန်အသင်းမှ ထွက်ခွာမည့် ရာဖေးလီယိုကို ခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် အစောပိုင်းက ဘီလ်ဘာအိုအသင်းမှ ထွက်ခွာမည့် နီကိုဝီလီယံကို ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း နီကိုဝီလီယံအနေဖြင့် ဘာစီလိုနာအသင်းသို့သာ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ခဲ့သည့်အတွက် ဘိုင်ယန်မြူးနစ်အသင်းက လက်လွှတ်ခဲ့ရကာ ယခုအခါ အေစီမီလန်အသင်းမှ ရာဖေးလီယိုကို ခေါ်ယူရန်ကြိုးပမ်းလာခြင်းဖြစ်သည်။

အသက် ၂၆ နှစ်အရွယ် ရာဖေးလီယိုသည် ၂၀၁၉ ခုနှစ်က လိုင်လီအသင်းမှ အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်စာချုပ်သက်တမ်းကျန်ရှိနေသေးသော်လည်း လက်ရှိနွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသူဖြစ်သည်။

ရာဖေးလီယိုက လက်ရှိနွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ပြီးနောက် ၎င်းကို ဆော်ဒီထိပ်တန်းကလပ်အသင်းကြီးများက မြင့်မားသည့်လုပ်ခလစာများဖြင့် ခေါ်ယူရန်ကြိုးပမ်းနေသကဲ့သို့ ပြင်သစ်ထိပ်သီးပီအက်စ်ဂျီအသင်းကလည်း ခေါ်ယူရန်ကြိုးပမ်းနေပြီး ယခုအခါ ဘိုင်ယန်မြူးနစ်အသင်းကပါ ခေါ်ယူရန် ကြိုးပမ်းလာခြင်းဖြစ်သည်။

အေစီမီလန်အသင်းက ရာဖေးလီယိုကို လက်မလွှတ်လိုသော်လည်း ကစားသမားကိုယ်တိုင်က လက်ရှိနွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာလိုသည့်အတွက် မဖြစ်မနေလက်လွှတ်ရမည့်အရေးနှင့် ရင်ဆိုင်နေရသည့်အတွက် ပြောင်းရွှေ့ကြေးကို အနည်းဆုံးယူရို သန်း ၇၀ ခန့် အလိုရှိနေကြောင်း သိရသည်။

*Ref;Fabrizio Romano*


ကျန်းမာရေးဝန်ကြီးဌာန
MINISTRY OF HEALTH
ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
“ကျန်းမာသန့်ရှင်း ရောဂါကင်းဖို့
ယင်လုံအိမ်သာ သုံးကြစို့။”
ကျန်းမာရေးနဲ့
ညီညွတ်တဲ့
အိမ်သာ
အိမ်သာကျင်းကို
အဖုံးနဲ့ အုပ်ထားပါ။
အိမ်သာကို သုံးပြီးတိုင်း
ရေနဲ့ သန့်ရှင်းအောင်
ဆေးချပါ။
အိမ်သာကို သန့်ရှင်းရေး
ပုံမှန်ပြုလုပ်ပါ။
ယင်မနားအောင်နဲ့ ကျင်းထဲကို
ယင်မဝင်အောင် အိမ်သာခွက်ကို
အဖုံးဖုံးထားပါ။
အိမ်သာတက်ပြီးတဲ့အခါတိုင်း
လက်ကိုဆပ်ပြာနဲ့
စင်ကြယ်အောင် ဆေးကြောပါ။
အရွယ်မရောက်သေးတဲ့
ကလေးငယ်ရဲ့ မစင်တွေကို
အိမ်သာမှာသာ စွန့်ပစ်ပါ။
ကလေးငယ်တွေ အိမ်သာကို
အသုံးပြုတတ်အောင်
သင်ကြားပြသပေးပါ။
လုံ(၃)လုံအိမ်သာ သုံးကြပါ။
(ယင်လုံ၊ အနံ့လုံ၊ အရှက်လုံ)
၂၀၂၅ခုနှစ်၊ မေလ

# မိုးရာသီကာလတွင် အဖြစ်များနိုင်သည့် သွေးလွန်တုပ်ကွေးရောဂါအကြောင်းသိကောင်းစရာ

MINISTRY OF HEALTH

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး



**ကလေးများများလျှင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်နိုင်၍ ဂရုပြုသတိထားစောင့်ကြည့်ပါ။**

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ သွေးလွန်တုပ်ကွေးရောဂါ
ကာကွယ်နှိမ်နင်းရေးစီမံချက်နှင့်
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့
ပူးပေါင်း ထုတ်ဝေသည်။ ၂၀၂၅ ခုနှစ်၊ မေလ

၁

### သွေးလွန်တုပ်ကွေးရောဂါ

- သွေးလွန်တုပ်ကွေးရောဂါပိုး သယ်ဆောင်သော ခြင်ကျား (*Aedes* )အကိုက်ခံရခြင်းမှ တစ်ဆင့်ကူးစက်သည်။
- အသက်အရွယ်မရွေးဖြစ်နိုင်ပြီး အသက်(၁၅)နှစ်အောက်ကလေးများ အထူးသဖြင့်အသက်(၅)နှစ်မှ (၉)နှစ်အရွယ်ကလေးများတွင် အများဆုံးဖြစ်ပွားသည်။
- အသက်(၁၅)နှစ်အထက်လူကြီးများတွင် ဖြစ်ပွားပါက သေဆုံးမှုနှုန်းမြင့်မားသည်ကို တွေ့ရသည်။
- တစ်နှစ်ပတ်လုံးကူးစက်နိုင်ပြီး မိုးရာသီတွင်အများဆုံးဖြစ်ပွားသည်။ တောရောမြို့ပါဖြစ်ပွားသည်။



- ခြင်ကျားသည် နေ့အချိန်တွင် ပိုကိုက်သည်။
- ခြင်ကျားလောက်လမ်းသည် ရေကြည်ရေသန့်နှင့် မိုးရေတင်ကျန်နိုင်သည့်ဘူး၊ ခွက်၊ တာယာဟောင်းများထဲတွင် ပေါက်ပွားပါသည်။

၂

### သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများ

- လတ်တလော ဖျားနာခြင်း(၂-ရက် မှ ၇-ရက်ခန့်)
- ဗိုက်နာခြင်း၊ ပျို့အန်ခြင်း၊ ကိုယ်ခန္ဓာတွင် အနီစက်များထွက်ခြင်းတို့ ဖြစ်တတ်သည်။
- စတင်ဖျားသည့်အချိန်မှစ၍(၃)ရက်မှ(၅)ရက်အတွင်း သွေးလန့်သည့် လက္ခဏာများပေါ်၍ အသက်အန္တရာယ်ရှိနိုင်သည်။

### သွေးလန့်သည့်လက္ခဏာများ

- (၃)ရက်မှ(၅)ရက်အတွင်း အဖျားကြီးရာမှ ရုတ်တရက်အဖျားကျကာ ခြေဖျား၊ လက်ဖျားများအေးစက်ခြင်း၊ နလုံးခုန်မြန်ခြင်း
- မကြာခဏအော့အန်ခြင်း၊ အညိုရောင်အရည်များအန်ခြင်း။
- အစားမဝင်ခြင်း၊ ကလေးမှိန်းလွန်းခြင်း။
- ကတ္တရာစေးရောင် ဝမ်းအမည်းများသွားခြင်း။
- သွားဖုံး အသားနများမှ သွေးထွက်ခြင်း



**အထက်ပါသွေးလန့်သည့်လက္ခဏာများရှိလျှင် နီးစပ်ရာဆေးရုံသို့ အမြန်ဆုံးသွားရောက်၍ ကုသမှုခံယူပါ။**

၃

### ခြင်ကျားလောက်လမ်းပေါက်ပွားရာနေရာများ

- အဓိကရေသိုလှောင်ပစ္စည်းများဖြစ်သည့် ရေစည်၊ ရေအိုး၊ ရေကန်များ
- ဘုရားပန်းအိုး၊ နတ်ပန်းအိုး၊ အလှပန်းအိုးများ၊ ရေတင်ကျန်နိုင်သည့် ဘူးခွံ၊ ခွက်ခွံ၊ တာယာဟောင်းများ
- သဘာဝအလျောက် မိုးရေတင်ကျန်လေ့ရှိသော သစ်ပင်အခေါင်း၊ အုန်းလက်၊ ငှက်ပျောလက်များ ခုတ်ပြီး အငုတ်ကျန်ခဲ့သော ဝါးဆစ်များ

### ကျောင်းများတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ

- သွေးလွန်တုပ်ကွေးရောဂါအကြောင်းဟောပြောပို့ချပါ။
- ကျောင်းသား၊ ကျောင်းသူများ ဖုံး၊ သွန်၊ လဲ၊ စစ်၊ အိုးအတွင်းပိုင်းတိုက်ချွတ်သည့်လုပ်ငန်းများ ဆောင်ရွက်တတ်စေရန် လေ့ကျင့်သင်ကြားပေးပါ။
- မိုးရာသီတွင် ကျောင်းသား၊ ကျောင်းသူများ ဖျားနာပါက ကျန်းမာရေးဌာနသို့ အလျင်အမြန်ပြသပါ။




၄

### သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ




၅




၆



ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်




အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS
Certification
UKAS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com




အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
Non-Sparkling Lemon Tea
Sparkling Lemon Tea
DAGON
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
(ASEAN-OSHNET AWARD) တွင် BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး
Lemon Tea
Tea Mix
ရွှေဖီဦး
Black Tea
ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

❖ **အားကစားကိုမြှင့်တင်ဆောင်ရွက်ခြင်းကို မှန်မြတ်သည့်လုပ်ငန်းစဉ်တစ်ရပ်၊ နိုင်ငံတော်အတွက် အရေးပါသည့် အမျိုးသားရေးတာဝန်တစ်ရပ်ကဲ့သို့ တန်ဖိုးထားပြီး ဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံအတွက် စိတ်ဓာတ်စည်းကမ်းကောင်းမွန်ပြီး ကျန်းမာကြံ့ခိုင်သည့်၊ စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံကို အကျိုးပြုနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးနိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# တာချီလိတ်မြို့နယ်တွင် ငွေကျပ် ၂၁၁၄ သိန်း တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၂၂

တာချီလိတ်မြို့နယ်တွင် ငွေကျပ် ၂၁၁၄ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက **စာမျက်နှာ ၂၅ ကော်လံ ၁ ❒**



တရားခံ အိုက်လွှ၊ စိုင်းဆိုင်၊ စိုင်းခေးခမ်းနှင့် စိုင်းယီ(ခ)ကျိုင်းယီတို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူတွေ့ရစဉ်။

# ကလပ်ပေါင်းစုံ မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲနှင့် ကစ်ဘောက်ဆင်အမျိုးသမီးလူရွေးပွဲကျင်းပ

ရန်ကုန် ဇွန် ၂၂

အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် Myanmar Martial Art Group(MMAG)တို့ ပူးပေါင်းကျင်းပသည့် အိုလံပစ်နေ့အထိမ်းအမှတ် ကလပ်ပေါင်းစုံ မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲနှင့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ကစ်ဘောက်ဆင်အမျိုးသမီး လူရွေးပွဲကို ယနေ့နေ့လယ်ပိုင်းတွင်ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ သိမ်ဖြူလက်ဝှေ့ရုံ၌ကျင်းပသည်။

မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲသုံးချီပွဲ ကောင်ကြီး(ရန်ကြီးအောင်)နှင့် အောင်သိုက်(ရိုးရာနေပြည်တော်)တို့ပွဲတွင် အောင်သိုက်ရဲ့လက်သီးတွဲလုံးများကြောင့် **စာမျက်နှာ ၁၇ ကော်လံ ၃ ❍**



## နိုင်ငံတကာသတင်းအညွှန်း

စာ - ၂၃ သို့

**အမေရိကန်က အီရန် နျူကလီးယားအဆောက်အအုံများကို တိုက်ခိုက်၊ အီရန်ဘက်ကလည်း လက်တုံ့ပြန်မည်ဟုထုတ်ပြန်**




**ကမ္ဘောဒီးယားက ထိုင်းနှင့်နယ်စပ်ဂိတ် နှစ်ခုကိုထပ်ပိတ်**

**ဘရာဇီး၌ ခရီးသည်များပါသည့် မိုးပျံပူဖောင်းပျက်ကျ၊ လူရှစ်ဦးသေဆုံး**

**ဂျိုဟိုးပြည်နယ်ရှိ အင်ဂျင်ဝိုင်သိုလှောင်ရုံတစ်ခု၌ မီးအကြီးအကျယ်လောင်ကျွမ်းမှုဖြစ်ပွား**

## ၂၂-၆-၂၀၂၅ မှတ်သားဖွယ်ရာမိုးရေချိန်များ

| | | | | |
|---|---|---|---|---|
| ဖောင်းပြင် | ၄ | ဒသမ | ၃၃ | လက်မ |
| ဟုမ္မလင်း | ၃ | ဒသမ | ၈၃ | လက်မ |
| ဟိုင်းကြီးကျွန်း | ၂ | ဒသမ | ၂၄ | လက်မ |
| ဟဲဟိုး | ၁ | ဒသမ | ၇၃ | လက်မ |
| ကော့သောင်း | ၁ | ဒသမ | ၆၂ | လက်မ |
| ဝါးခယ်မ | ၁ | ဒသမ | ၅၈ | လက်မ |
| မြောင်းမြ | ၁ | ဒသမ | ၅၄ | လက်မ |

